www.burmeseclassic.com

# စာပေဥယျာဉ်

စကားတစ်ခွန်း ... စံပယ်တစ်ပွင့် ... ခူးမိ၏



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

“ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း” (CIP)

၈၉၅.၈၃

ဒီနိုင်းခ

စကားတစ်ခွန်း – စံပယ်တစ်ပွင့် – ခူးမိ၏/ ဒီနိုင်းခ၊ ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၄။

၂၅၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) စကားတစ်ခွန်း – စံပယ်တစ်ပွင့် – ခူးမိ၏


အမှတ်မထင် …

အမှားဆိုသော်

သစ္စာ ငို၏ …။

“စကားတစ်ခွန်း စံပယ်တစ်ပွင့် ခူးမိ၏ …”


စကားတစ်ခွန်း စံပယ်တစ်ပွင့် ခူးမိ၏ …။

စကားတစ်ခွန်း စံပယ်တစ်ပွင့် ခူးမိ၏ …။



www.burmeseclassic.com

www.burmeseclassic.com





မျက်ရည်တစ်စက်က ကျောကော့နေအောင် ခံရတယ်ဆိုတာ ကိုယ် အခုတော့ သဘောပေါက်ပါပြီ ညီလေးရေ ...။

ဆန်းပြားပြီး အံ့ဩစရာကောင်းတဲ့ နောက်ဆုံးဇာတ်သိမ်းခန်း အတွက် စကားတစ်ခွန်းက အရာရာလှုပနေမှုကို ပျက်စီးစေခဲ့ပြီ။ ဒါပေမယ့် အဲဒီစကားတစ်ခွန်းက တစ်ဖက်လူအတွက် ဗုံးတစ်လုံး ထိမှန်သလို အဆမတန် နာကျင်ခဲ့ရပေမယ့် အဆမတန် ... နောက် ပြီး ...၊

ထားပါတော့လေ ..၊ တို့ဘုရားရှင်က ဟောကြားဖူးခဲ့တဲ့ စကား ကို မင်းအတွက် ကိုယ် ပြန်ပြီး ဆင်ခြင်သုံးသပ်မိပါတယ်။ တို့ဘုရားရှင် က အခုလို မိန့်ကြားတော်မူတယ် ညီလေး။

www.burmeseclassic.com

www.burmeseclassic.com



မှန်သောစကားကိုသာ ပြောခြင်း၊ တစ်ယောက်နှင့်တစ်ယောက် မကွဲပြားအောင် ညီညီညွတ်ညွတ် သင့်သင့်မြတ်မြတ်ရှိအောင် ပြောပေးခြင်း၊ နားထောင်သူတို့မှာ အကျိုးများသော စကားကို သာယာချိုချိုင်စွာ ပြေပြေပြစ်ပြစ် ပြောခြင်း၊ ကြားနာသူတို့၏ ကောင်းကျိုးသက်သက်ကို မျှော်၍ (ဂုဏ်ရဖို့ လာဘ်ရဖို့မမျှော်ဘဲ) တရားဟောပြခြင်းများကို သမ္မာဝါစာလို့ ခေါ်တယ် ...။

အရာရာဟာ အကောင်းဘက်က ရှု့ရှုမြင်တော့လည်း ဒဏ်ရာဒဏ်ချက်တွေ ပိုရလာသလိုပဲ ငါ ခံစားရတယ် ညီလေး။ အကြောင်းကြောင်းကြောင့်တွေကြောင့် ကံတရားက အမှန်တရားကို မားလုံ့တွေလို အသုံးပြုတတ်တာတော့ ခက်တယ်။

ဒါပေမယ့်ကွာ ... အမှန်တရားဟာ မားလုံ့တွေဖြစ်ပါစေဦး ...၊ ငါတို့ တစ်ခုတော့ အားကိုးလို့ရပါတယ်ကွာ။ အဲဒါက ဥဏ်မများတတ်တဲ့ သစ္စာတရား ...၊ ငါတို့အတွက် ဒိုင်းအကာအကွယ်တစ်ခုလို ငါတို့ကို သူ စောင့်ရှောက်မှာပါ။ တစ်နေ့ပေါ့လေ ...၊ မဝေးတဲ့ တစ်နေ့ပေါ့။



ချစ်ရိုး ချည်ထိုး

အမျိုးမျိုးထိုး

ကြာရင် ဟပ်ထိုးလဲလိမ့်မည်။

www.burmeseclassic.com



**ကျွန်**တော့်ကို ခင်မင်ရင်းနှီးတဲ့ အပေါင်းအသင်း မိတ်ဆွေတွေက အခုလို နာမည်ပေးကြပါတယ်။

"မိုးလိမ်.." တဲ့။

ကောင်းရောပေါ့ ...၊ တကယ်တော့ ကျွန်တော့်နာမည်အမှန်က မိုးတိမ် ...၊

မိုးတိမ် ပေါ့ဗျာ ...၊ ဒါပေမယ့် သူတို့ခေါ်တဲ့အတိုင်း မိုးလိမ် ဖဲ့ မှတ်ထားလိုက်ပေါ့ဗျာ ...။

ကျွန်တော့်ကိုမွေးတော့ စီးပွားရေးကျတယ် တဲ့။ ကျွန်တော်က တစ်ဦးတည်းသောသား ...၊

အဖေက ကျွန်တော့်ကို မမွေးခင်ကတော့ အိမ်တွင်းမှုလုပ်ငန်း တစ်ပိုင်တစ်နိုင်လေး ထောင်ထားပါတယ်။



အခြေအနေ အကြောင်းကြောင်းကြောင့် စီးပွားလည်းပျက်ရော.. အဖေ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်ဘူး ဆိုရမလား ...၊ ဒါမှမဟုတ် ဇနီးနဲ့ မွေးကင်းစ သားအတွက် မိုက်ရူးရဲဆန်တယ် ခေါ်မလား ...။

လူလိမ်ပွဲစားတစ်ယောက်နဲ့ ပေါင်းမိပြီး ငွေကြေးအတွက် လူလိမ်တစ်ယောက်အဖြစ် ခံယူလိုက်ရပါတယ်။

အဲဒီအကျိုးဆက်က ကျွန်တော့်အဖေ ထောင်ထဲမှာ ဆုံးပါးသွားရတဲ့အထိပေါ့။ အဲဒါကြောင့် အဖေ ဆုံးပြီးကတည်းက အမေက လိမ်တာကို မကြိုက်ဘူး။ ငယ်ငယ်ကတည်းက လိမ်မပြောဖို့ ခဏခဏ ဆုံးမတယ်။

သို့ပေမယ့်လည်း ကျွန်တော်ဆိုတဲ့ကောင်ကလည်း ငယ်ငယ်လေးကတည်းက အလိမ်အညာနက္ခတ်နဲ့ ယှဉ်မွေးလာတာလား မသိပါဘူးဗျာ ...။ နောက်ဆုံး .. လိမ်မပြောရရင် ကိုယ့်လက် ကိုယ်ပြန်လိမ်နေတတ်တဲ့ကောင် ...၊ လမ်းလျှောက်ရင်တောင် လိမ်ဖယ် လိမ်ဖယ်နဲ့ လျှောက်တတ်တဲ့ကောင် ...၊

ငယ်ငယ်တုန်းက အမေက ဘယ်ဘုရားသွားမလဲဆိုရင် ကျွန်တော်ကတော့ 'အာလိန်ငါးဆင့်' ...၊ ကဲ ... ဒါပေမယ့် ကျွန်တော်တို့နဲ့

www.burmeseclassic.com



အာလိန်ငါးဆင့်က နီးတာကိုး ...။

စားတာကိုလည်း ကြည့်ဦး ... မုန့်ကြိုးလိမ် ...၊ ကျွန်တော်က ဘောလုံးတန်ရင်လည်း အလိမ်ခေါက်ကောင်းတဲ့ ကောင်ဗျ ...။

ဒီလိုနဲ့ပဲ လိမ်ဖယ် လိမ်ဖယ်နဲ့ ကျွန်တော် တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာပါတယ်။ နေ့စဉ် ထမင်းစား ရေသောက်လောက်တော့ လိမ်နေတုန်းပဲ။

တစ်ခါတလေ အဲဒီလို လိမ်တတ်တဲ့အကျင့်ကြောင့် ကျောင်းတက်နေရင်း ပွဲစားသဘောမျိုးနဲ့ ကျွန်တော် ငွေစလေးဘာလေး ရှင်လာပါတယ်။

ကောင်မလေးတစ်ယောက်က ကျွန်တော်နဲ့တွေ့ပြီးနောက်ပိုင်း သူ့သူငယ်ချင်းတွေကို အခုလို ပြန်ပြောဖူးတာကို ကျွန်တော် အမှတ်မထင် ကြားမိခဲ့တယ်။

"မိုးတိမ် ကို သံယောဇဉ်မဖြစ်မိအောင် ငါ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက လူလိမ်တစ်ယောက်မို့လို့လေ ..."

အဲဒီစကားပြောတဲ့ ကောင်မလေးနာမည်က သစ္စာဖြူ တဲ့ ...။



သစ္စာဖြူ ဆိုတဲ့ နာမည်လေးအတိုင်း အေးအေးချမ်းချမ်းနဲ့ အလိမ်အညာကို မကြိုက်တဲ့ ကောင်မလေးပေါ့။

ခေတ်ရဲ့အဆင်အပြင်အတိုင်း နေတတ်ပေမယ့် သစ္စာတရားကို ယုံကြည်တတ်တဲ့ စံပယ်ဖြူလေးတစ်ပွင့် ဆိုရင်လည်း မမှားပါဘူး။

ဒါပေမယ့် ကျွန်တော် ဆိုတဲ့ကောင်ကလည်း အလိမ်အညာကို တစ်နေ့ထက်တစ်နေ့ ဂရင်းနစ်စံချိန်တင်အောင် ကျော်ဖြတ်ချင်နေတဲ့ ကောင်ဆိုတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မိုးလိမ် .... ငါတို့ ဒီမှာ .."

အောင်လေး ရဲ့လှမ်းခေါ်သံကြောင့် ကျွန်တော် လှမ်းကြည့်လိုက်တော့ ရပ်ကွက်ထိပ်က ကိုမြင့်ဦးရဲ့ (အရင် သူ့ရဲ့(New)ဆိုတဲ့ ဆိုင်းဘုတ်ဟောင်းကို ဆေးအသစ်နဲ့ပြန်ရေးထားပြီး မလိမ့်တပတ်နဲ့ ဆိုင်သစ် ပြန်လုပ်ထားတဲ့) နေရာသစ် ဆိုတဲ့ ဆိုင်ဟောင်းမှာ [illegible] နဲ့အတူ ဒီနှစ်ကောင်ကို တွေ့လိုက်ရပါတယ်။

ကျွန်တော် ဆိုင်ထဲကိုဝင်လိုက်ရင်း စလွယ်သိုင်းအိတ်ကို စားပွဲပေါ် တင်ပြီး ဦးထုပ်ချွတ်လိုက်ပါတယ်။

"ဗိုး .. မောလိုက်တာကွာ .. ကိုမြင့်ဦးရေ လက်ဖက်ရည်ဟောင်းဟောင်း .. အဲလေ ... လက်ဖက်ရည် ကျဆိမ့်တစ်ခွက် .."





ကျွန်တော့်စကားကြောင့် ဆိုင်ထဲကလူတွေ 'ဗိုင်းရယ်ကြသလို ကိုမြင့်ဦး ဆီက ....

"ခွီးတဲ့မှပဲ .. အေပေးလေး .."

အဲဒီလို ရှီးမွမ်းခန်းဖွင့်ပြီး သူ့ဆီ ယပ်တောင်တစ်ချောင်းကို တဖျပ်ဖျပ်နဲ့ခတ်ပြီး တရုတ်သိုင်းကားထဲကအိုက်တင်နဲ့ လျှောက်လာပါတယ်။ ပြီးတော့ သူ့ဆိုင်ဆိုတော့ ခွင့်မတောင်းဘဲ ဝင်ထိုင်ပါတယ်။

အေးလေ ... ကိုယ်က အာဂန္တုဆိုတော့လည်း ခွင့်လွှတ်ရမှာပေါ့။ ကိုမြင့်ဦးက အိမ်ကွင်းပဲလေ။

စားပွဲထိုးလေး မောင်ချမ်းသာက လက်ဖက်ရည်ခွက်ကို ပန်းကန်ထဲတစ်ဝက်၊ ခွက်ထဲတစ်ဝက် လာချပေးပါတယ်။ ကျွန်တော်လည်း ဣန္ဒြေသိက္ခာရှိရှိ ပန်းကန်ထဲက လက်ဖက်ရည်ကို ခွက်ထဲပြန်ထည့်တော့ ကိုမြင့်ဦး မမြင်ယောင်ပြုရင်း ....

"မိုးလိမ် ..."

"ဆို ... ကိုလိမ်ဦး .."

"ဟာကွာ ..."

ကိုမြင့်ဦး ဖြစ်ပုံကြောင့် အောင်လေး နဲ့ ဇော်ကြီး [illegible] တခွီးခွီး...၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါ့ကို ကူပါဦး .."

"ကူရအောင် .. ခင်ဗျားက ဒုက္ခိတမှ မဟုတ်တာ .."

ကိုမြင့်ဦး က ကျွန်တော့်စကားကြောင့် နှခေါင်း ပွစိပွစိနဲ့ ...

"ဟော့ကောင်.. စကားကပ်မပြောနဲ့ .. ငါပြောတာ နားထောင်.."

ကျွန်တော် ပြုံးပြီး နားထောင်နေလိုက်ပါတယ်။ ကိုမြင့်ဦး က မျက်လုံးမှေးပြီး ရှေ့ကို သည်းကြီးမည်းကြီး ကြည့်နေတာကြောင့် ဖော်ထက် က အမြင်တပ်လာပြီး ...

"ခင်ဗျားကလဲ .. စကားပြောမယ့်အရေးကို စိုင်းအောင်တင့် အိုက်တင်နဲ့ ပဲများနေသေးတယ် .."

ဖော်ထက် စကားကြောင့် ကိုမြင့်ဦး က မကျေမနပ်နဲ့ မျက်စောင်းထိုးပြီး ...

"အေးပါကွာ .. ဒီလိုကွ .."

"ဘာကို ခွရမှာလဲ .."

အောင်လေး က ဟိုကြည့်ဒီကြည့်လုပ်ပြီး ဘုမသိဘမသိပုံစံနဲ့ ပြောတော့ ကိုမြင့်ဦး ခေါင်းတချင်းချင်း ကုတ်ကာ ...

"ဟာကွာ ...၊ ဒီလို .. အဲ .. ဟော့ကောင် မိုးလိမ်၊ ငါ့ကို ငါ့ဆိုင်





မျက်စောင်းထိုး အပနားဆိုင်က ပလပ်ယာတစ်ချောင်းလောက် ဝယ်ပေးပါလား .."

ကိုမြင့်ဦး စကားကြောင့် သုံးယောက်သား မတိုင်ပင်ဘဲ တဟားဟား ရယ်မိပါတော့သည်။ ကိုမြင့်ဦး က ကြောင်တောင်တောင်နှင့် ကျွန်တော်တို့သုံးယောက်ကို ကြည့်ကာ ...

"မင်းတို့ ဘာရယ်တာတုန်း .."

အောင်လေး က ကိုမြင့်ဦး စကားကြောင့် အရယ်မရပ်နိုင်သေးဘဲ ...

"ပလပ်ယာတစ်ချောင်းဝယ်တာဗျာ ..၊ ခင်ဗျားဘာသာ သွားဝယ်လဲ ဖြစ်တဲ့ဟာကို ..."

အောင်လေး စကားကြောင့် ကိုမြင့်ဦး က ပညာရှိဆန်ဆန် (ထင်တာပဲ) ပြုံးကာ ...

"မဟုတ်သေးဘူး .. အဲဒီနားမှာ သူခိုးဈေးပေါ့ကွာ၊ အပနားဆိုင်တို့ မာမွတ်ဆိုင်တို့ဆိုတာ မဝယ်တတ်ရင် ခံရတာ မင်းတို့မှ မသိဘဲ.."

"ဘယ်လို!..."

မိုးတိမ် စိတ်ဝင်တစား နားထောင်မိသည်။ အပနားတို့ မာမွတ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဆိုတာ သူ သိပ်မသိပါ။ ဒါပေမယ့် အဲဒီဆိုင်တွေမှာ သူခိုးတွေ လာရောင်းတာရော၊ အဆင်မပြေလို့ လာရောင်းတဲ့ဝစ္စည်းတွေကိုရော တင်ရောင်းပါသည်။ အများစုကတော့ (ပလပ်ယာ၊ တူ၊ လွှ၊ ဂွတွေ၊ ဒရက်မစ်ရှင်တို့) အဲဒီလို သံထည်ပစ္စည်းတွေပေါ့။ ခပ်လှမ်းလှမ်းမှာတော့ ဖိနပ် သီးသန့်ရောင်းသည့်ဆိုင်တွေ ရှိသည်။

"အပနား က လူလည်ကွ .. လာဝယ်တဲ့သူကိုတောင် ဒီကောင်က ခွင်ရိုက်တာ ..."

"ဘယ်လို ခွင်ရိုက်တာလဲ.."

ကျွန်တော့်အမေးစကားကြောင့် ကိုမြင့်ဦး က ရေနွေးတစ်ငုံသောက်ပြီး ...

"ငါ့ဆိုရင်တော့ သိတယ်၊ အဲ .. မအူမလည်ကောင်ဆိုရင်တော့ မကောင်းတာနဲ့ ကောင်းတာကို ရောကစားပြီး ခွင်ရိုက်တာပေါ့ကွာ.."

"ဒါလောက်ဆို ကျွန်တော် သဘောပေါက်ပြီ၊ ကဲ .. ခင်ဗျား လိုချင်တယ်မို့လား၊ အပွနား နဲ့ ကျွန်တော် လက်ရည်စမ်းကြည့်ရအောင်၊ ကဲ .. ခင်ဗျားဆီမှာ .. အဲ .. မောင်ချမ်းသာ .. လာဦး.."

စားပွဲ ထိုးလေး ချမ်းသာ အနားရောက်လာတော့ ...





"အစ်ကို ဘာလုပ်မလို့လဲ ..၊ ဝယ်မလို့လား .."

"ခွီးမှပဲ .. ဝယ်ရမှာလား၊ သွားစမ်းပါကွာ .. ယူသာ လာခဲ့ .."

မောင်ချမ်းသာ ပြေးထွက်သွားပြီး ခဏကြာတော့ ပြန်ရောက်လာပါတယ်။ ပုဆိုးဟောင်းတစ်ထည်နဲ့ထုပ်လာတဲ့ အဝတ်အစားတွေ ..၊ ကျွန်တော် အဝတ်တွေကို ဖြန့်ကြည့်လိုက်ပါတယ်၊ ကျွန်တော့်အကြိုက်တွေ့ပါပဲ။ ရှိသမျှအားလုံးဟာ ဟောင်းပေ့ဆိုတဲ့ အဝတ်အစားတွေချည်းပဲ။ ကျွန်တော် အင်္ကျီတစ်ထည် ရွေးလိုက်ပါတယ်။ တောသားတွေ ကြိုက်တတ်တဲ့ ကိုးလို့ကန့်လန့်အရောင်နဲ့ ရှပ်အင်္ကျီတစ်ထည်ပေါ့။ နောက် လုံချည်အဟောင်းတစ်ထည်ကို ဘက်ကိုင်လိုက်ပြီး...

"ကျွန်တော် အဝတ်အစား လဲလိုက်ဦးမယ်၊ ခဏ ."

ကျွန်တော် အထဲဝင်သွားပြီး အဝတ်အစား လဲလိုက်ပါတယ်။ အင်္ကျီကြယ်သီးကို တမင်အရွဲ့ထားပြီး အလယ်တစ်လုံးပဲ တပ်လိုက်တယ်။ အပေါ်ဟာပြဲ .. အောက်ဟာပြဲဝေ့ ..။

"အတော်ပဲ .."

ကျွန်တော်နဲ့ ခပ်လှမ်းလှမ်းတိုင်မှာ ချိတ်ထားတဲ့ လွယ်အိတ်စုတ်နွမ်းနွမ်းလေးကို လွယ်လိုက်ပြီး ဘေးမှာအသင့်ရှိနေတဲ့ မောင်ချမ်းသာ

www.burmeseclassic.com



ဈေးဝယ်ရင် ဆွဲဆွဲသွားတတ်တဲ့ ကြိမ်ခြင်းတောင်းကြီးကို ကောက်ကိုင်လိုက်ပါတယ်။ ထပ်ပြီး ပတ်ခန်းကျင်ကို ရှာကြည့်လိုက်တော့ .. တွေ့ပါပြီ ..၊ စစ်ဦးထုပ်ဟောင်းတစ်လုံး ..၊ သူ့ခေါင်းမှာ ကောက်စွပ်လိုက်ပြီး ပြန်ထွက်လာတော့ အပြင်ကလူတွေ ကျွန်တော့်ပုံစံကို ပါးစပ်အဟောင်းသား ...။ ကိုမြင့်ဦး က ကျွန်တော့်အကြံအစည်ကို သိပုံရပါတယ်။ ပြုံးနေပါတယ်။

"ကဲ .. သွားပြီ ကိုမြင့်ဦး။ ဩော် .."

ကျွန်တော့်ပိုက်ဆံအိတ်ထဲက ပိုက်ဆံတချို့ကို လုံးချေပြီး ခါးပုံစထဲ ထိုးထည့်လိုက်ပါတယ်။ ခပ်တည်တည်နဲ့ တစ်ဖက်ပလက်ဖောင်းကူးလိုက်ပြီး လမ်းဘေးမှာ ဖြန့်ခင်းရောင်းနေတဲ့ အပနားဆိုင်ရှိရာဘက်ကို ထွက်လာခဲ့ပါတယ်။ ဟိုငေးဒီငေးနဲ့ပေါ့။ ဆိုင်နားလည်းရောက်ရော .. ပစ္စည်းတွေကို ဟိုကြည့်ဒီကြည့် လုပ်လိုက်ပါတယ်။ အပနားက ကျွန်တော့်ပုံစံကိုမြင်ပြီး အရူးတစ်ကောင်လို့ ထင်သွားပုံရပါတယ်။

"အစ်ကိုကြီး .. ဘာလိုချင်လို့လဲ.."

"မိန်းမ .."





"ဗျာ!..."

ကျွန်တော် ကမန်းကတန်း အူကြောင်ကြောင်ပုံနဲ့ ကပျာကယာ ဖြေရှင်းလိုက်ပါတယ်။

"ဟိုလေ ... ကျုပ်မိန်းမနဲ့ ထွက်လာတာ ..၊ ဘယ်မှာကျကျန်ခဲ့.. အဲ .. ဘယ်မှာပျောက်သွားလဲ မသိဘူး၊ သဘော်အမိ .. သဘော်ဆိပ် သွားရမှာ .."

"အစ်ကိုကြီးက ဘယ်ကလဲ .."

"ရွာက ..."

"မဟုတ်ဘူးလေ .."

"ဟုတ်ပါတယ် .. ရွာကပါဆို ..၊ ရွာနာမည်က အေးကုန်းရွာ .. ရှင်းပြီလား .."

အပနား ကျွန်တော့်စကားကြောင့် သေချာပြီ ဆိုတဲ့အတွေးနဲ့ ပြုံးလိုက်တာကို ကျွန်တော် သိလိုက်ပါတယ်။ ကျွန်တော် ဗန်းထဲကို ကြည့်လိုက်ပြီး အသစ်စက်စက် တရုတ်ဖြစ် ပလပ်ယာတစ်ချောင်းကို ဝမ်းသာအားရနဲ့ ...

"ဟာ .. ဒီပလပ်ယာက အသစ်ကြီးပါလား .. အတော်ပဲ၊ အဘ



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်တာနဲ့ ...၊ ဘယ်လောက်လဲ .."

ကျွန်တော့်မျက်နှာက အရမ်းလိုချင်ဟန်နဲ့ ပလပ်ယာကို ကောက်ကိုင်လိုက်ပါတယ်။ တရုတ်လုပ် ပလပ်ယာနှစ်လက်ရဲ့ဘေးမှာ ဂျာမနီထုတ် ပလပ်ယာခပ်ဟောင်းဟောင်းတစ်လက် ရှိနေပါတယ်။ အဲဒီပလပ်ယာကို လုံးလုံး စိတ်ဝင်စားဟန်မပြဘဲ မသိနားမလည်သူတစ်ယောက်လို တရုတ်ပြည်ထုတ် အသစ်စက်စက်ပလပ်ယာကို လိုချင်တဲ့ပုံစံနဲ့ လက်ကကိုင်ကြည့်နေတော့ အပနား က အပိုင်တွက်ပြီး ...

"ဒီကောင်က ဈေးကြီးတယ်ဗျ .. ဒီကောင် ယူပါလား .. ဒီကောင်ကတော့ ကွာလတီမကောင်းဘူး။ ကြာရင် နှုတ်ခမ်းလိပ်တာတို့ ညစ်ရတာတို့မှာ ဒုက္ခဖြစ်တယ်၊ အဲ .. ဈေးတော့ သက်သာတယ်.. နှစ်ထောင့်ငါးရာပဲ ပေး ...၊ အဲဒီကောင်ကျတော့ အသစ်လဲ အသစ်၊ ကွာလတီကလည်း လုံးဝအမှန်ဆိုတော့ ငါးထောင်က လျှော့လို့ မဖြစ်ဘူး .."

အပနား က မကောင်းတဲ့ပစ္စည်းသဘောနဲ့ ဂျာမနီထုတ် ပလပ်ယာကို အတင်းထိုးပေးနေပါတယ်။ လူဆိုတဲ့ လူ့သဘောကလည်း ကွာလတီလို့ အရည်အသွေးတံဆိပ်ကပ်လိုက်တာနဲ့ အထင်ကြီးတတ်ကြတာဆိုတော့ ...၊ အဲဒီအထိ ကျွန်တော်က လက်ထဲက တရုတ်ဖြစ်ကို



ပဲ အာသာငမ်းငမ်းဖြစ်နေပုံနဲ့ ...၊ ဒါကိုမြင်တဲ့ အပနား က ...

"ဈေးက လျှော့လို့ မဖြစ်လို့ပါဗျာ .. ဒီပလပ်ယာတစ်ချောင်းဝယ်ထားလိုက် .. တစ်သက်လုံး သုံးရော .. ဒီကောင်တွေကျတော့ ဝယ်ပြီးသုံးမရဆိုတော့ ...၊ အေးလေ ... ခင်ဗျား လိုချင်တာသာ ဝယ်ပေါ့။ ကျွန်တော်က ရောင်းတဲ့သူပဲ၊ ဘာပဲရောင်းရ ရောင်းရ .. ရောင်းမှာပဲ.."

အဲဒီလို အပနား က ကျွန်တော့်ကို လျှော့တွက်နေပါသည်။

"အေးဗျာ.. ပိုက်ဆံကတော့ လောက်ပါတယ်၊ ရေလိုက်ဦးမယ်.."

အပနား ကလည်း ပိုင်ပြီဆိုတဲ့ သဘောနဲ့ .. .

"လိုချင်ရင်တော့ ယူသွား .. တစ်ရာနှစ်ရာလောက် လိုတာက အကြောင်း မဟုတ်ဘူး ထားခဲ့ ...၊ ကိုယ့်အစ်ကိုလို သဘောထားလို့နော် .."

"ကျေးဇူးတင်ပါတယ်ကွာ .. ခဏ .."

ကျွန်တော် ခါးပိုက်ထောင်ထဲက ကျစ်နေအောင် ဆုပ်ချေထားတဲ့ ပိုက်ဆံတွေကို ရေတွက်ကြည့်တော့ ခြောက်ထောင်ကျော်လောက်ရှိနေပါတယ်။

ကျွန်တော် ဆတ်ခနဲ ပိုက်ဆံနှစ်ထောင့်ငါးရာကို ထုတ်လိုက်

www.burmeseclassic.com



ပါတယ်။ ဗန်းပေါ်ချပြီး ပလပ်ယာအဟောင်းလေးကို ကောက်ကိုင်လိုက်ကာ ...

"အေးဗျာ .. ဝယ်စရာလေးတွေ ရှိသေးတော့ ဒီအဟောင်းလေးပဲ ယူလိုက်ပါတော့မယ် .."

အပနား မျက်နှာပျက်ပျက်နဲ့ ...

"ဟာ .. မဟုတ်ဘူးလေ၊ ဟို .."

"ဟုတ်တယ်လေ .. မင်းပြောတော့ ဒါလေးက နှစ်ထောင့်ငါးရာဆိုလို့ ငါ နှစ်ထောင့်ငါးရာ ပေးထားတယ်လေကွာ .. ဘာဖြစ်လို့လဲ.."

"ဒုက္ခပါပဲ .."

အပနား ဒုက္ခနဲ့ အနတ္တနဲ့ တွေ့နေပါပြီ ..။

အဲဒီအချိန်မှာပဲ ရှေ့ကလျှောက်လာတဲ့ လူကြီးတစ်ယောက်က သူ့ကို ပြုံးတုံးပြုံးတဲ ကြည့်လာပါတယ်။ ရပ်ကွက်ထဲက ရာအိမ်မှူး ဦးငွေသောင်း ..၊ သူ့အနားလည်း ရောက်ရော ...

"ဟေ့ကောင် မိုးလိမ် ..၊ မင်း ဘယ်လိုတွေ ဝတ်ထားတာလဲ.."

အပနား အဲဒီစကားကြားတော့ မျက်လုံးတွေ ပိုပြူးသထက် ပြူးလာပါတယ်။





"ဗျာ!... ဒီလူက မိုးလိမ် .. ဟုတ်လား .."

"အေးလေ ... နာမည်အရင်းက မိုးတိမ်၊ ရပ်ကွက်ထဲမှာတော့ သူ့အမေကွယ်ရာမှာ မိုးလိမ် လို့ ခေါ်ကြတာ၊ ဘာဖြစ်လို့လဲ ..၊ မင်းကို လိမ်သွားလို့လား အပနား .."

အပနား သူ့နဖူး သူရိုက်ကာ ...

"အားယို့ယို .. အပနား သေပြီ၊ မိုးလိမ် .. မိုးလိမ် ...၊ မိုးလိမ်မှန်း မသိ .. အပနား ရေ .. မင်းကိုယ်မင်း လည်လှချည်ဆို .."

အပနား ရဲ့ လွှမ်းတေးကြောင့် ရာအိမ်မှူး ဦးငွေသောင်း က ကျွန်တော်နဲ့အတူ ထွက်လာရင်း ...

"ဘာဖြစ်လို့လဲ မိုးလိမ် .."

ကျွန်တော် အဖြစ်အပျက် အကြောင်းစုံကို ရှင်းပြတော့ ဦးငွေသောင်း တဟားဟားနဲ့ ရယ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



**မိုး**တိမ် ဆိုင်ကို ပြန်ရောက်တော့ ကိုမြင့်ဦး က အဆော တလျှင် ...

"အခြေအနေ ဘယ်လိုလဲ မိုးတိမ် ..."

"ရော့ .. ခင်ဗျား လိုချင်တာ ဒီအမျိုးအစား မဟုတ်လား.. ကျွန်တော် အထဲဝင်ပြီး အဝတ်အစား ပြန်လဲလိုက်ဦးမယ် .."

ကိုမြင့်ဦး ရှေ့ ပလပ်ယာကို ကျွန်တော် ချပေးတော့ ...

"ဟာ .. ဟုတ်တယ်၊ ငါလိုချင်တာ ဒါမျိုး။ ဒါနဲ့ ဘယ်လောက်ပေး ခဲ့ရလဲ .."

"ပြန်လာရင် ပြောမှာပေါ့ဗျာ .. အေးဆေးပါ .."

"ဟာကွာ ..၊ ကဲ .. ကဲ .. မြန်မြန်လဲ .."



ဇော်ထက် နဲ့ အောင်လေး ကတော့ ကျွန်တော့်အကြောင်း သိနေသူတွေမို့ ပြုံးစိစိ ဖြစ်နေကြပါသည်။ အဝတ်အစားလဲပြီး ပြန်ဝင်လာတော့ ကျွန်တော် ခုနက မသောက်ရသေးဘဲ ပန်းကန်ပြားနဲ့အုပ်ထားတဲ့ လက်ဖက်ရည်ခွက်ကို တစ်ခါတည်း မော့သောက်တာ ရေနွေးကြမ်းနဲ့ ခံတွင်းရှင်းရင်း ကိုမြင့်ဦး ကို ခပ်တည်တည်နဲ့ ...

"များသွားလား .. နှစ်ထောင့်ငါးရာ ပေးရတယ် .."

"ဘာ .. နှစ်ထောင့်ငါးရာ .. ဟား ဟား ဟား ဟား .... ငါ ထင်ပါတယ်၊ သူ့ကိုယ်သူ လည်လှချည်လို့ ထင်နေတဲ့ အပနား၊ အခုတော့ မိုးပေါ်ထိ တက်လိမ်မယ့်ကောင်နဲ့တွေ့တော့ ခံလိုက်ရပြီကိုး ..၊ ပြော စမ်းပါဦး .. ဖြစ်ကြောင်းကုန်စင် ..."

မိုးတိမ် ဖြစ်ရပ်မှန် ဂျာနယ်တစ်စောင်ထဲက သတင်းတစ်ပုဒ်လို တိုတိုတုတ်တုတ် ရှင်းပြလိုက်ပါသည်။ ဆိုင်ထဲမှာ ရယ်သံတွေ တဟား ဟားနှင့် ပွဲကျနေကြသည်။

"အပနား က မင်းနာမည်ဝဲ ကြားဖူးတာ .. လူကို မသိဘူး၊ မင်းကလေ .. လိမ်တဲ့နေရာမှာ စပရိန်လို အရစ်များတဲ့ကောင် .. အံ့ ရောကွာ .."

www.burmeseclassic.com



ကိုမြင့်ဦး ရဲ့မှတ်ချက်စကားကြောင့် ကျွန်တော်က ရယ်ကျဲကျဲနှင့် ...

"ကျွန်တော်က အန္တရာယ်ဖြစ်အောင် မလိမ်ပါဘူးဗျာ .."

ကျွန်တော့်စကားကြောင့် ဘေးဝိုင်းက ဦးအေးမြင့် က ...

"သိပ်မလိမ်ပါဘူးကွာ .. ကြမ်းပိုးကို လိပ်ဖြစ်အောင်လောက်ပဲ လိမ်တာ .."

"မဟုတ်သေးဘူး ဦးအေးမြင့် ရဲ့ .. ဒီကောင်က မွေးမွေးချင်း မုန့်ကြိုးလိမ်လို လိမ်လိမ်ကောက်ကောက်လေး မွေးလာတာတဲ့..၊ မွေးခန်းထဲမှာ ဆရာမက ပြန်ဖြန့်လိုက်၊ ပြန်လိမ်လိုက် ဖြစ်နေတော့ စိတ်မရှည်တာနဲ့ ပန်ကာမှာ ချိတ်ထားလိုက်တာ ..၊ ပလုပ်မထိုးဘဲ လည်နေတာနဲ့ ပြန့်ပြန့်သွားတာတဲ့ .."

ဇော်ထက် စကားကြောင့် တဟားဟားနဲ့ ရယ်ကြပါတော့တယ်။ မိုးတိမ် က ရပ်ကွက်သူ၊ ရပ်ကွက်သားတွေကို မလိမ်ပါ။ ဒါပေမယ့် စကားကို အကောင်းအတိုင်း၊ အမှန်အတိုင်း ပြောလို့မရတဲ့တော့ ခက်သည်။ လုပ်ငန်းသဘာဝအရ လှည့်တာပတ်တာရှိသည်။ ပြီးတော့ နီးစပ်ရာလူတွေအတွက် အကူအညီသဘောမျိုး လိမ်ပေးသည်။





ဒါ ပေမယ့် လိမ်တာကတော့ လိမ်တာပါပဲ ..။

"လိမ်တာဆိုလို့ အဖေ့ညီတစ်ဝမ်းကွဲအကြောင်း သတိရလို့ ပြောရဦးမယ် .."

"လုပ်စမ်းပါဦးကွ .."

မိုးတိမ် စကားကြောင့် ဆိုင်ထဲက တခြားဝိုင်းတွေက လူတွေပါ စိတ်ဝင်တစား ဖြစ်ကုန်ပါသည်။

"ဦးလေးက အရမ်းဆိုးတာဗျ .. အဘွားတို့က တော်တော်ချမ်းသာတယ်၊ အဲဒီခေတ်ကဆို အဘွားကို အနီးနားက ရွာတွေဏတောင် လောက်ရဲဘူးဆိုပဲ .."

"မင်းအဘိုးပဲ လုပ်တာပေါ့ .. စောင်ကို ပြောပါတယ် .."

ရယ်သံတွေ တခွိုးခွိုး ..။

"ဦးလေးက သနေ့မကောင်းဘူး ပြောရမှာပေါ့၊ အဘွားတို့အိမ်မှာက စာတ်စက်တို့ ဘာတို့ရှိတယ်၊ အခု စက်ငှားလိုက်သလိုပေါ့၊ တခြားရွာက အလှူတွေဘာတွေရှိရင် လာငှားရတယ် .. ဦးလေးက အိမ်က လှည်းနဲ့ လိုက်ပေါ့၊ အဲဒီခေတ်က ဓာတ်စက်အငှားလိုက်တာ အခု ခေတ် အမိုင်း ရဲ့ တီးဝိုင်းစက်ငှားရသလိုပဲ၊ လုံးဝ ဆရာကြီးပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရွာရောက်ရင် လုံးဝ ဆရာကြီးပုံစံ .. ကောင်းပေ့ဆိုတဲ့ အစားအစာနဲ့ အရက်တို့ဘာတို့ကအစ လုပ်ပေးရတာ .. ဦးလေးက ဘယ်လောက်ဆိုးသလဲဆိုရင် မင်္ဂလာဆောင်ခါနီး သတို့သမီးတောင် ရအောင်ခိုးတာဗျ။ မိန်းမတွေကလည်း များမှများဗျာ၊ နောက်တော့ .. တိုတိုပြောရင် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိတော့ဘူးပေါ့၊ ကြားရတာတော့ လူလိမ်လူကောက်ဖြစ်သွားတယ်လို့ ပြောကြတာပဲ ..”

“မင်းလဲ မျိုးရိုးလိုက်တာပေါ့ ..”

ဘယ်သူ့ဆီက အသံမှန်းမသိ မိုးတိမ် ကြားလိုက်ပါသည်။ မိုးတိမ် ရယ်နေလိုက်သည်။

“တစ်နေ့ ကျွန်တော့်အိမ်ရှေ့ကို ရဟန်းတစ်ပါး အလှူလာခံတယ်၊ အမေက အလှူငွေထည့်ဖို့ အပြင်ထွက်လာတော့ အဲဒီရဟန်းက ဦးလေးဖြစ်နေပါရော .. ဦးလေးရဟန်းကလဲ အမေ့ကိုလည်း မြင်ရော.. အမေလှူတဲ့ ပိုက်ဆံကိုတောင် အလှူမခံနိုင်တော့ဘူး။ တောက်.. တွေ့လည်း တွေ့တတ်ပ့ါ .. အမျိုးတွေကွာ .. ဟိုသွားလည်း တွေ့၊ ဒီသွားလည်း တွေ့၊ တွေ့ကို တွေ့နိုင်လွန်းတယ်တဲ့ ..”

ရယ်သံတွေ ဝေါခနဲ ကြားလိုက်ရပါသည်။





ဟုတ်တယ် .. ဦးလေးက သက်န်းအရေခွံခြုံထားတဲ့ လူလိမ်တစ်ယောက် ..၊ မိုးတိမ် အဲဒီလောက်ထိတော့ လောကကို လိမ်လည်လှည့်ဖြားတဲ့လူတစ်ယောက် မဟုတ်သေးပါ ..။

ဒါပေမယ့် ဘယ်လိုပဲ တံဆိပ်တွေပြောင်းပြောင်း လူလိမ်ဟာ လူလိမ်ပါပဲ..၊ ချမ်းသာကြွယ်ဝသူ၊ ရာထူးကြီးသူ၊ အသင့်အတင့်နေနိုင်သူ စသည်ဖြင့် ဘယ်လိုပဲ ဖုံးကွယ်ထား .. ဖုံးကွယ်ထား .. လူလိမ်ဟာ လူလိမ်ပါပဲ..။



www.burmeseclassic.com

www.burmeseclassic.com



အလိမ်အကောက်တွေနဲ့

ဘဝဟာ ဖြောင့်မတ်မှု မရှိသူတဲ့

နန်းတစ်လိမ် ပန်းတစ်လိမ်

ခပ်တိမ်တိမ် ဦးနှောက်နဲ့

သက်တမ်းမြို့ပျက်ထဲကို

ပြုတ်လျှောက်လို့ ဖြစ်မလား ...။





"တစ်လိမ် နှစ်လိမ် ပွေလိမ်ရှုပ်တယ် .. လူညာကြီးပေါ့ကွယ်.."

"မင်းကြီးတော်လင် လူညာကြီးရမှာလား.."

ကျွန်တော် အတန်းထဲ ဝင်ဝင်ချင်း အေးသော် က စပ်ဖြီးဖြီးနဲ့ သီချင်းညည်းတော့ ကျွန်တော် အခုလို ထောပနာပြုလိုက်ပါတယ်။

"နောက်ကျလှချည်လားကွာ၊ ဘာလဲ .. ညက ဖဲဝိုင်းရောက်နေလို့လား .."

ဖော်ထက် စကားကြောင့် ကျွန်တော် ခေါင်းခါပြရင်း ...

"မဟုတ်ရပါဘူးကွာ၊ ညက ညဥ့်နက်တဲ့အထိ အိပ်မပျော်တာနဲ့ ခွေထိုင်ကြည့်နေတာ .. မနက်မိုးလင်းမှ အိပ်ပျော်သွားတယ်၊ မထူးပါဘူးကွာ၊ ပထမတစ်ချိန်တော့ လွှတ်လိုက်မယ်၊ နောက်ကျနေပြီမို့ပြီး ထွက်လာတာ၊ ဘာမှမစားရသေးဘူး .. ကဲန်တင်း လိုက်ခဲ့ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ် စကားကြောင့် ညီညီ က ...

"တော် .. တော် ...၊ မလိုက်ပါရစေနဲ့ကွာ .. အခုလေးတင်မှ ငါတို့ ကဲန်တင်းက ပြန်လာတာ ကိုယ်တော် .. ကိုယ့်ဘာသာ ကြွပေတော့ .."

"ဒါဆိုလည်း ငါ လစ်မယ်.."

"အေး .. သွား .. သွား .. ဆရာ မလာခင် မြန်မြန်လစ် .."

ကျွန်တော် လွယ်အိတ် ကောက်ကိုင်ကာ အမြန်လစ်ထွက်ခဲ့ပါသည်။ ကဲန်တင်းရောက်တော့ လွတ်နေတဲ့စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။ အဲ .. ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ခေတ်ရဲ့ သမီးပျိုလေးတစ်ယောက် ကျွန်တော့်ဘေးဝိုင်းမှာ ကျွန်တော့်ကို ကျောပေးပြီးထိုင်နေတာ တွေ့လိုက်ရပါတယ်။ အံ့မယ် .. ထူးထူးခြားခြား အဲဒီချာတိတ်မက အပေါ်အဖြူရောင်၊ အောက်ထဘီက ယောပုဆိုးလိုလို မတိမ်းမယိမ်းလေး ဝတ်ထားပါတယ်။ ကျွန်တော် ရယ်ချင်စိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ကျွန်တော်လည်း သူ့လိုပဲ ဝတ်ထားမိပါတယ်။ ... ပါ အင်္ကျီ ရှပ်လက်တိုအဖြူ၊ အောက်က ယောဂီထဘီ ... အဲလေ ... ယောပုဆိုးအနက်နဲ့ပေါ့ ...။





"အစ်ကို .. အစ်ကို .."

"ဟေ .."

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် ကျွန်တော် ကိုယ့်အတွေးနဲ့ကိုယ် မိမ်ယူနေရာမှ လှည့်ကြည့်လိုက်တော့ ဆိုင်က ချာတိတ်တစ်ယောက်။ လက်ထဲမှာ ခေါက်ဆွဲကြော်ပန်းကန်နဲ့ .. ခေါက်ဆွဲကြော်က ပူပူနွေးနွေး ...၊ ဗိုက် တလှုပ်လှုပ် မြည်လာပါသည်။

"ဒါ အစ်ကိုမှာထားတဲ့ ခေါက်ဆွဲကြော် .."

"ဟေ ..."

ကျွန်တော် ကြောင်တောင်တောင် ဖြစ် ...းပါသည်။ ဒါပေမယ့် ဗိုက်က ဆာနေတာကတစ်ကြောင်း .. နဂိုအကျင့် ... သးကလည်း ပါနေတော့ ...

"အေး ..."

ကောင်လေးက ခေါက်ဆွဲကြော်ပန်းကန်ကို ချပေးပြီး ...

"ရော့ .. အစ်ကို၊ တစ်ခါတည်းရှင်း ဆိုလို့ .. ဒီမှာ ပိုတဲ့ပိုက်ဆံ.."

"ဟာ .. အဲဒါ ..."

ပြောမယ်ပဲ ကြံရုံရှိသေး .. ချာတိတ်က လှစ်ခနဲ ပျောက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော် ဘေးမှာချထားတဲ့ ပိုက်ဆံကိုတစ်လှည့်၊ ခေါက်ဆွဲကြော်ကိုတစ်လှည့် ကြည့်ရင်း မထူးတော့ပြီမို့ ဗိုက်ဆာဆာနဲ့ ခေါက်ဆွဲကြော်ကို အငမ်းမရ သုံးလေးလုတ် စားလိုက်ပါသည်။

"ဒါ .. ဘာလုပ်တာလဲ .."

ဗြုန်းဆို .. ကျွန်တော့်ပန်းကန်ရှေ့ကို လက်နှစ်ဖက်ထောက်ပြီး လှတပတလေး ရောက်ရှိလာတဲ့ ဒေါသသံကြောင့် .. အဲ .. ကောင်မလေးတစ်ယောက်ကြောင့် စားလက်စကို ရပ်ပြီး မော့ကြည့်တော့ ဘေးက ကာလာတူ အပွင့်တူ ကောင်မလေး။ ဒါပေမယ့် မျက်နှာမှာ ဒေါသကို အရောင်ဆိုးထားပါသည်။ ကျွန်တော် ပြေရာပြေကြောင်း အခုလို ပြောလိုက်ပါသည်။

"ခေါက်ဆွဲကြော် စားနေတာလေ .."

အဲဒီစကားကြောင့် ဝုန်းခနဲ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ကျွန်တော့်ပန်းကန်ကို လှမ်းဆွဲကာ သုံးလေးလုတ်လောက် အငမ်းမရ စားပါသည်။ ကျွန်တော် ဘေးဘီကို ဝေ့ကြည့်တော့ အားလုံးက ကျွန်တော်တို့နှစ်ယောက်ကို ဂိုင်းအကဲခတ်နေကြပါသည်။ ကျွန်တော်လည်း ရှက်ရှက်နှင့် သူမ ရှေ့က ပန်းကန်ကိုလှမ်းယူကာ သုံးလေးလုတ်





လောက် ဝမ်းထဲထည့်လိုက်ပါသည်။ သူမ ကလည်း အားကျမခံ၊ ပြန်ဆွဲပြီး တီးတာပေါ့။ ပြဿနာကို မဖြေရှင်းနိုင်ကြသေး ..။

နောက်ဆုံး သူမ အလှည့်မှာ ကျန်တာကို ရှင်းပြီးနောက် သူမ နင်နေတာကိုကြည့်ပြီး ကျွန်တော်က ...

"ရေသောက်မလား .."

သူမ က ဟန်မဆောင်နိုင်စွာ ရင်ဘတ်ကိုဖိပြီး ခေါင်းညိတ်ပြတော့ ...

"ဟော့ .. ရေသန့်ဘူးအေးအေးလေး တစ်ဘူးလောက် ... မြန်မြန် .."

ကျွန်တော်တို့ကို တအံ့တသြနဲ့ ငေးကြည့်နေတဲ့ စားပွဲထိုးချာတိတ်က ရေသန့်ဘူးနဲ့ ဖန်ခွက်တစ်ခွက်ကို အမြန်ယူလာပေးပါသည်။ ကျွန်တော် ဖန်ခွက်ထဲကို ရေဖြည့်ပေးတော့ သူမက ခပ်မြန်မြန် ယူသောက်ပါသည်။ လည်တိုင်ကျော့ကျော့လေးက လှုပ်စိလှုပ်စိ။ ဘာကြောင့်မှန်းမသိ .. ကျွန်တော် တံတွေးမျိုချမိပါသည်။

သူမ က ရေသောက်ပြီးသွားတော့ သန့်သန့်ရှင်းရှင်းပဲ နှုတ်ခမ်းကို လက်ခုံနဲ့သုတ်ပြီး ကျွန်တော့်ကို အခုမှ ဒေါသဖြစ်ဖို့ သတိရလာပုံ

www.burmeseclassic.com



နဲ့ ...

"နေပါဦး ...၊ ရှင်က ဘာဖြစ်လို့ ကျွန်မ မှာထားတဲ့ ခေါက်ဆွဲကြော်ကို ယူစားတာလဲ .."

ကျွန်တော်ကလည်း လက်ရှိအချိန်အထိ ရပ်နေဆဲဖြစ်တဲ့ စားပွဲထိုးချာတိတ်ကို လက်ညှိုးထိုးပြကာ ...

"ဒီချာတိတ် လာချပေးတာလေ .."

ချာတိတ်ကလည်း ကမန်းကတန်းနှင့် ခပ်လှမ်းလှမ်းက စားပွဲထိုးကို ညွှန်ပြကာ ...

"ဟိုကောင် သန့်ဇော် က အထဲကနေ အပေါ်ဖြူ အောက်ကအနက်ခံနဲ့လူကို ပေးလိုက်ပါ ဆိုလို့ .."

အဲဒီအခါကျမှ မဒေါ်သ က သူ့ကိုယ်သူပြန်ကြည့်၊ ကျွန်တော့်ကိုပြန်ကြည့်နဲ့ သတိပြုမိသွားပုံရပါသည်။ ဒါတောင် ...

"ဒါဖြင့် ရှင်က ဗိုတဲ့ဗိုက်ဆံ ဘာတ်မလို့ မဟုတ်လား.."

အမှန်တော့ အဲဒီအကြံအစည် မရှိပါ။ (မလစ်ရင်ပေါ့)။

"မဟုတ်ရပါဘူးဗျာ .. မနက်ကတည်းက ကျွန်တော် ဘာမှမစားလာလို့ ပထမအချိန်တောင်ဖျက်ပြီး ကန်တင်းကို ဗိုက်ဆာဆာနဲ့ ပြေး



လာတာ .. ပန်းကန်လာချတော့ ဗိုက်ကလည်း ဆာနေတာနဲ့ နောက်ကိစ္စ နောက်မှရှင်းမယ် ဆိုပြီး .."

ကျွန်တော့်စကား အဆုံးသတ်ကြောင့် သူမ က မျက်စောင်းထိုးသည်။ အဲဒီမျက်စောင်းမှာ မလိုလားအပ်သည့် ဒေါသတွေတော့ ပါမလာတော့ ..။

"သစ္စာ လည်း ဗိုက်ဆာဆာနဲ့ ပထမအချိန်ဖျက်ပြီး ခေါက်ဆွဲကြော် လာစားတာ .."

"ကျွန်တော်လဲ ဒီလိုပါပဲဗျာ .. ဒီလိုလုပ် ..၊ ကျွန်တော့်အမှားအတွက် အခုစားထားတာတွေ ကျွန်တော် ရှင်းလိုက်ပါ့မယ်နော် .."

သူမက ဒုတိယအကြိမ်မြောက် မျက်စောင်းထိုးပြီး ...

"မလိုပါဘူး .. တစ်ယောက်တစ်ဝက်ပေါ့ .. သစ္စာ က လိမ်တဲ့သူဆို အရမ်းမုန်းတာ ..၊ ရှင်လဲ လူလိမ်တစ်ယောက်ပဲ .."

ကျွန်တော် သူမ စကားကြောင့် မျက်လုံးပြူးပြပြီး ...

"ကျွန်တော် ဘာလိမ်လို့လဲ .."

"ရှင်ပဲ ဟိုကောင်လေး လာချပေးတော့ .. အေး ဆိုပြီး ငါချတာလေ .. အဲဒါ လိမ်တာ မဟုတ်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအဆင့်လောက်ကတော့ လူလိမ် .. အဲလေ .. မိုးတိမ် တို့က ပျင်းတောင် ပျင်းသေးသည်။

"မဟုတ်ပါဘူးဗျာ .. ကျွန်တော် လေတက်ပြီး အော့လို့ ဖြစ်သွားတာပါဗျာ .. ကျွန်တော် ကျိန်ပြောရမလား .."

ကျွန်တော့်စကားကြောင့် မိန်းကလေးက သရော်ဟန်နဲ့ နှုတ်ခမ်းတွန့်ပြီး ...

"မကျိန်ပါနဲ့ရှင် .. ကျိန်တဲ့သူ အတော်များများဟာ လိမ်ပြောကြတဲ့သူတွေချည်းပဲ .."

'လုပ်ဦးဟ' လို့ ညည်းမိရင်း ကျွန်တော်လည်း ဘယ်ရမလဲ ...၊ အာဇာနည်သီချင်းထဲက စာသားကို အသုံးပြုရတော့တာပေါ့ ...။

"ကျွန်တော့်ရင်ထဲက အမှန်တရား ဘုရားသခင် သိပါတယ်ဗျာ.."

"တော်ပါ .. အာဇာနည်သီချင်းထဲကလို ဘုရားသခင် သိပါတယ်ဆိုပြီး ညာပြောတတ်သူဆိုတာ ရှင့်ကိုပြောတာထင်တယ်၊ ကဲ .. အရစ်ရှည်မနေနဲ့ .. ပေး ... ခေါက်ဆွဲကြော်ဖိုး တစ်ဝက်၊ ရေသန့်ဘူးဖိုး တစ်ဝက်ပေး ..."



မညာမတာ အသည်းအသန်တောင်းနေတာကြောင့် ကျွန်တော်လည်း စိတ်ထဲက တွက်ချက်ပြီး ကျသင့်ငွေကို ထုတ်ပေးလိုက်ပါသည်။ အဲဒီကောင်မလေးက စားပွဲပေါ်က ပိုက်ဆံနဲ့ ကျွန်တော်ပေးတဲ့ပိုက်ဆံကို သူ့အိတ်ထဲထည့်ပြီး ထွက်သွားဖို့ ပြင်ဆင်တော့ ...

"ဟော့ ..."

ကောင်မလေးက ဘာလဲပေါ့ ...၊ မေးဆတ်ပြပါသည်။

"မင်းနာမည်က သစ္စာ လား၊ ငါ့နာမည်က မိုးတိမ် .."

ကောင်မလေးက လေပြည်ဆန်ဆန် မပီမသလေးပြုံးပြီး ...

"သစ္စာဖြူ ...၊ လိမ်တာ ညာတာတွေကို မုန်းတဲ့ သစ္စာဖြူ .."

စကားလုံးတွေက အရှိက်ကို ဒူးနဲ့တိုက်သွားသလို ခံစားရပါသည် မသစ္စာ ...၊

www.burmeseclassic.com



**အခ**ကွ္ခရာတစ်ခုံဟာ သတ်ပုံမှားရုံနဲ့ အပြောင်းအလဲတွေ အများကြီး ဖြစ်တတ်ပါတယ် သစ္စာဖြူ …၊

ရင်ထဲမှာ သန္နေတည် ကိုးကွယ်ယုံကြည်ထားတဲ့ ချစ်ခြင်းမေတ္တာဆိုတာ သွေးသွင်းရမယ့်လူနာကို ကိုယ့်သွေးကို ထုတ်ပေးသလို ပေးလို့ ရတဲ့ ရုပ်ဝတ္ထုတုထည် မဟုတ်ပါဘူး …။

ချစ်ခြင်းမေတ္တာကိုသိဖို့ အချိန်ကာလက အကောင်းဆုံး အဖြေပါပဲ။ လိမ်ညာတတ်တာကို ကူးစက်ရောဂါလို ကြောက်တတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လိမ်ညာတတ်တာကို ရိုးရာဝတ်စုံလို ခွဲခွဲမြဲမြဲ ဝတ်ဆင်တတ်တဲ့ ကျွန်တော်တို့နှစ်ယောက်ကို ယှဉ်တွဲပြထားရင် မြန်မာကိန်းဂဏန်းအရဆို ၃ နဲ့ ၄ လို့ ထင်ချင် ထင်လို့ရမယ်။ ဒါပေမယ့်



တကြိမ်မှာက ကျွန်တော်တို့နှစ်ယောက်ကို အင်္ဂလိပ် ဂဏန်း 6 နဲ့ 9 လို မျက်နှာချင်းဆိုင် အခြေအနေမျိုး ဖန်တီးပေးထားခဲ့ပါတယ်။ ဒါပေမယ့် စိတ်ဓာတ်တွေကတော့ တစ်တန်းတည်းထားလို့ မရပါဘူး …။

ကျွန်တော်တို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်းဟာ ရယ်စရာကောင်းခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေအတွက် ဒီအဖြစ်အပျက်ဟာ ဟာသဇာတ်ဝင်ခန်းတစ်ခုပေါ့။ ဒါပေမယ့် ကျွန်တော့်နှလုံးသားထဲမှာတော့ ဒါဟာ ရယ်စရာဝတ္ထုတိုတစ်ပုဒ် မဟုတ်ခဲ့တာတော့ သေချာသိနေပါတယ်။

ချစ်ခြင်းမေတ္တာဆိုတာ လှောင်ရယ်စရာမှ မဟုတ်တာနော်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပြန်တွေ့ဦးမှာပါ …၊ ဒီတက္ကသိုလ်ပရဝဏ်ဆိုတာ ကျဉ်းကျဉ်းလေးပါ။ ဒါပေမယ့် ကျွန်တော်နဲ့ သူ ပြန်ဆုံတွေ့ခဲ့တာကတော့ ဒီတက္ကသိုလ်ပရဝဏ်ထဲမှာ မဟုတ်ခဲ့ပါဘူး။

ဒီတစ်ခါက အလွန်မကျပ်တကျပ် ဘတ်စ်ကားပေါ်မှာပါ။ ကျွန်တော်က ဖယ်ရီစီးလေ့ မရှိပါ။ အကြောင်းက ကျွန်တော်က ခြေဂနာမငြိမ်တဲ့ကောင်ဆိုတော့ ဖယ်ရီစီးလို့ မကိုက်ပါ …။

ဒီနေ့ ကျောင်းကိုအလာ … ဘတ်စ်ကားက ရုံးချိန်၊ ကျောင်းချိန်

www.burmeseclassic.com



ဆိုတော့ နတ်တို့၏ ကျိန်စာမိထားတဲ့အတိုင်း အလွန်ကျပ်ပါတယ်။ ကားပေါ်က ကိုရွှေစပယ်ယာရဲ့ တောသုံးထောင် ခြသေ့်မင်းလို ဟိန်းဟောက်နေသံက တစ်ကားလုံးမှာ ကျယ်ကျယ်လောင်လောင်ပေါ့ ..။

"လက်မတို့ချင်ဘူးနော် ... လက်မတို့ချင်ဘူး.."

စပယ်ယာက အထာလေးနဲ့ပြောတော့ ရှုံ့ဝတ်စုံနဲ့ အစ်မကြီးတစ်ယောက်က စူစူအောင့်အောင့်နဲ့ ...

"ဟိုလိုလို ဒီလိုလို လာတို့ကြည့်ပါလား .. ပါးစွဲရိုက်လိုက်မှာ၊ ဘာမှတ်လဲ .. ငါလုပ်တာက ပါဆယ်ဌာနမှာနော် .. ခေါက်ချိုးပြီး လုံးချေပစ်လိုက်မယ် .. ဘာမှတ်လဲ .."

"ကြောက်နေရပါလား ဗျာ .."

ကိုရွှေစပယ်ယာရဲ့ ညောင်နာနာသံကြောင့် ကျွန်တော် ပြုံးမိပါသည်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ လူမျိုးစုံအောင် ဒီကားပေါ် တင်လာရတော့ တစ်ခါတလေ စပယ်ယာ အပေါက်ဆိုးတာလည်း မှန်သလို ခရီးသည်တွေဘက်ကလည်း ကိုယ့်အိမ်က ဧည့်ခန်းမှာထိုင်သလို ဘတ်စ်ကားကို စီးချင်ကြတာလည်း မှန်သည်။ တချို့ဆို သေးသေးတင်မခံ ..၊ မတော်တဆ တွန်းမိ ထိမိရင်တောင် ပြဿနာက



ရှာချင်သည်။ အင်း .. အခုလည်း ပြဿနာက စပါပြီ ..။

"ဒီမှာ .. ငါးရာတန် ပြန်အမ်းဦးလေ .."

"ညီမ .. ဒါမျိုးလာလုပ်လို့ မရဘူး .. စီးချင်ရင် အလကား စီးသွား .."

ခပ်လှမ်းလှမ်းက အသံကြောင့် ပြဿနာစပြီဆိုတာ သိလိုက်ပါသည်။

"ရှင် ဘာစကားပြောတာလဲ.. ကူလီကူမာ မလုပ်နဲ့နော်၊ ကျောင်းရောက်ခါနီးပြီ .. ပိုတဲ့သုံးရာ ပြန်အမ်း .. ကျွန်မက ကျောင်းသူရှင့်.."

စပယ်ယာဆီမှ အသံ ထပ်ကြားရပြန်ပါသည်။

"ငါ့ညီမက ကျောင်းသူဆိုရင် အစ်ကိုက ကျောင်းသားပဲ .."

"ဟွန့် .. ရှင်က ဘာကျောင်းသားလဲ.."

"ဘုန်းကြီးကျောင်းသား ..."

အရေးထဲ ရယ်သံတွေ ထွက်လာပါသည်။

"ရှင် ပြန်ပေးမလား .. မပေးဘူးလား၊ ကျွန်မ ငါးရာတန် ကျွင်မ နံပါတ် မှတ်မိတယ် .."

"ဟော့ .. ဟော့ .. ငါးရာတန်တစ်ရွက်နဲ့တော့ ရဲစခန်းထိုးရပ်ပြီး

www.burmeseclassic.com



တစ်ယောက်ချင်းစစ်လို့ကတော့ ကြားလို့မကောင်းဘူး ထင်တယ်နော်..”

ကျွန်တော်လည်း ကျောင်းရောက်ခါနီးပြီမို့ ပြဿနာဖြစ်နေတဲ့ အဲဒီကျောင်းသူနဲ့ စပယ်ယာရှေ့က ဖြတ်ရင်း အမှတ်တမဲ့ ကြည့်မိတော့ ...

“ဟာ .. သစ္စာ ..”

သူမက စစ်ကူရောက်လာပုံနှင့် အားရဝမ်းသာ ...

“ဟာ .. လှလိမ် ..”

“ဟာ .. ဗျာ ..”

သူမက အားတုံ့အားနာနဲ့ ...

“ဆောရီး ... ဟို .. မိုးတိမ် ..”

“ဘာဖြစ်နေတာလဲ ..”

ဒီတစ်ခါတော့ မာတုဂါမလေးက ကိုယ့်အသိဆိုတော့ စပယ်ယာကို ခပ်တင်းတင်းကြည့်ကာ မေးလိုက်ပါတယ်။ စပယ်ယာကလည်း တောင်းပန်ရှာပါတယ်။

“ကျွန်တော် တကယ်အမှန် ဒီက ညီမကို ငါးရာတန်ပြန်အမ်းပေးပြီးပါပြီဗျာ၊ အဲဒါကို ...”





“ရှင် မလိမ်နဲ့ .. ဒီမှာကြည့် ...”

သူမ က လက်မှာကိုင်ထားတဲ့ ပိုက်ဆံအိတ်ခပ်သေးသေးကို ဖွင့်ပြပါသည်။ လက်ကိုင်ဖုန်းတစ်လုံး၊ ငါးထောင်တန်နှစ်ရွက်။ အဲဒီမှာပဲ ဘေးက ကျောင်းသူ ခပ်ငယ်ငယ်တစ်ယောက်က အခုလို ဝင်ပြောပါတယ်။

“ငါးရာတန်ကို ပြန်တော့အမ်းတယ် .. ဒီက အစ်ကိုစပယ်ယာက လှမ်းပြီး ရှေ့မှတ်တိုင်က ဆင်းသွားတဲ့ အစ်မကို ..”

အဲဒီအခါကျမှ စပယ်ယာ ကိုယ့်နဖူး ကိုယ်ရိုက်ပြီး ...

“သေစမ်း .. တင်လှ ရေ .. မင်း မန်မိုရီတွေ အောက်ကုန်ပြီ..၊ ဆောရီး ညီမရယ် .. အစ်ကို တောင်းပန်ပါတယ်၊ နှစ်ခါရှုံးပြီ ဦးလေး ရေ ..”

ရှေ့ခန်းက ဒရိုင်ဘာဦးလေးကြီးကလည်း ရယ်သံသြသြကြီးနဲ့ အခုလို လှမ်းပြောပါသည်။

“တင်လှရေ ..၊ ဒီတစ်ခါ ဘက်ထရီပလိပ်ပြားတွေ ဆေးရင် မင်း ဦးနှောက်ပါ ဆေးလာခဲ့၊ စပယ်ယာဆိုတာ ဇော်ရုံမှတ်ဉာဏ်နဲ့ စပယ်ယာလုပ်လို့ မရဘူးကွ၊ သချာင်္ပါမောက္ခလောက် ဉာဏ်ရှိမှ ရတာ ..



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်စမ်းပဟ ..”

လူတွေက ပြုံးစိစိ ဖြစ်ကုန်ပါသည်။ စပယ်ယာ ကိုတင်လှက အကြိမ်ကြိမ် တောင်းပန်ပြီး ပိုတဲ့ပိုက်ဆံသုံးရာကို ပြန်အမ်းပါသည်။ ကျောင်းရှေ့မှတ်တိုင်ရောက်တော့ နှစ်ယောက်အတူ ဆင်းလိုက်ပါသည်။ နှစ်ယောက်အတူ ယှဉ်လျှောက်ရင်း ပြောမိသည်။

“တစ်ခါတလေကျတော့လဲ အခန့်မသင့်ဘဲ အမှတ်မှားမှုဟာ လိမ်သလို ဖြစ်နေရော ..”

သူမက ကျွန်တော့်စကားကို လက်မခံနိုင်ပုံနဲ့ ...

“အခုဖြစ်တာက မေ့တာပါ .. လိမ်တာက လိမ်တာ၊ တခြားစီ၊ ဥပမာ .. ရှင့်လိုမျိုးပေါ့ ..”

သူမက သတိရတိုင်း နှိပ်ကွပ်မည်လို့များ သံမိဋ္ဌာန်ချထားလားမသိ ..၊ ကျွန်တော် လွတ်လပ်ပေါ့ပါးစွာ ရယ်မိပြီး ...

“ခင်ဗျားက ဟိုတစ်ခါကိစ္စကို မမေ့သေးဘူး ထင်တယ် ..”

“ဩော် .. မေ့လို့ ရမလား ..”

“ဗျာ ...၊ တကယ် ..”

ကျွန်တော် အံ့ဩဟန်နဲ့ ဝမ်းသာဟန်ကို ရောပြတော့ သူမက





ရှုတ်တိုရှုတ်တန်းနဲ့ ...

“ရှင် နော် ... ရှင် ...”

ကျွန်တော်က တဟားဟား ရယ်ပြီး ...

“ဟာဗျာ .. ကျွန်တော်က ဘာပြောရသေးလို့လဲ..”

သူမ မျက်စောင်းထိုးပြီး မကျေမနပ်နဲ့ နှုတ်ခမ်းကိုက်ပြတော့ ကျွန်တော့်ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွားပါသည်။ သိုင်းစာအုပ်ထဲက စကားနဲ့ပြောရရင် ဘယ်လိုက .. ဘယ်လို .. ဘယ်လိုလုပ်လိုက်မှန်းမသိ ..။

“ဟဲ့ .. မိုးတိမ် ..”

အဲဒီ အာခြံကြီးနဲ့ လှမ်းခေါ်လိုက်တဲ့အသံကို ကြားလိုက်တော့မှ ‘သွားပြီ’ လို့ သိလိုက်ရပါသည်။ ဒီ မတူခြားနားတဲ့ အသံပိုင်ရှင်က ဖိုးဆစ်က ခက်မာ ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင် ..။

“ဟယ် ... သစ္စာ .. နင်နဲ့ ဒီကောင်နဲ့က ...”

ခက်မာ နဲ့ နောက်တစ်ယောက်၊ သူတို့အနားကို ရောက်လာပြီး မျက်လုံးကြီးတွေပြူး .. ပါးစပ်အဟောင်းသားတွေနဲ့ဆိုတော့ ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မယုံနိုင်အောင် ဖြစ်သွားတယ် မဟုတ်လား ..၊ ငါနဲ့ သူ က ..."

"မိုးတိမ် ..."

သစ္စာ လုပ်မိလုပ်ရာ မိုးတိမ် ဗိုက်ခေါက်ကို ဆွဲလိမ်တော့ ခက်မာ သဘောပေါက်ဟန်နဲ့ ...

"ဩော် .. နင်တို့က ဒီလိုကိုး .."

"ဟာ .. မဟုတ်ဘူး၊ နင်က တစ်မျောင့် .. ခက်မာ ရယ် .."

"ဩော် .. နင်က ငါတို့ကို ဒီသတင်း မှောက်ထားချင်တယ်ပေါ့.."

"မဟုတ်ပါဘူးဟယ် .. ငါ ရှင်းပြမယ်.."

ကျွန်တော် မယောင်မလည်နဲ့ ထွက်လာခဲ့ပါသည်။ ခက်မာ တို့ နှစ်ယောက်နှင့် သစ္စာ က လမ်းလယ်ခေါင်မှာ တစ်ယောက်က ရှင်းပြလိုက်၊ နောက်တစ်ယောက် မယုံလိုက်နှင့် ဝတ်ရှုပ်လည်နေပါသည်။



"ဟား .. ဟား .. ဟား ... မိုးလိမ် .. မိုးလိမ် ..၊ မင်းဟာလေ.. တကယ့်ကောင် .. မိုးပေါ်တက်ပြီး သိကြားမင်းပါ တက်လိမ်မယ့် ကောင် .."

ကျွန်တော်က သစ္စာ၊ ခက်မာ နဲ့ စတင်လမ်းကို ဒီကောင်တွေကို တဲန်တင်းရောက်တော့ ပြောပြလိုက်ပါတယ်။

ညီညီ နဲ့ အေးသော် က တဟားဟား ..၊ ခက်မာ နဲ့ ကျွန်တော်၊ ညီညီ၊ အေးသော် တို့က အထက်တန်းကျောင်းမှာကတည်းက ငယ်သူငယ်ချင်းတွေပေါ့ ..။

"သစ္စာ က လှလား .."

www.burmeseclassic.com



"ဟာ .. လှတာပေါ့ကွ .."

ညီညီ့ အမေးကို ကျွန်တော် ဖြေတော့ ညီညီ နဲ့ အေးသော်က အဓိပ္ပာယ်မရှိ တဟိဟိနှင့်ရယ်၏။ အေးသော် က ထပ်မေးပြန်သည်၊

"သစ္စာ က မင်းနဲ့ ဘာလဲ .."

ကျွန်တော် က အာပေါင်အာရင်းသန်သန်နှင့် ...

"သစ္စာ ဟာ ငါ့ရင်ထဲကို .."

"ဖြန်း ..."

"အောင်မလေး .. ဗျ .."

သူ ကျောကော့နေအောင် ခံလိုက်ရပါသည်။

အလန့်တကြား နောက်လှည့်ကြည့်မိတော့ ရယ်သံတွေနဲ့အတူ ဒေါသအမျက် ချောင်းချောင်းနဲ့ ဟို သေဗ္ဗာဖြူ .. အဲလေ .. သစ္စာဖြူ ဆိုတဲ့ကောင်မလေး ..၊

တဟားဟားနဲ့ ရယ်နေသူတာ ခက်မာ နဲ့ နောက်တစ်ယောက်..။ သစ္စာ က ကျွန်တော့်ဘေးတခုံမှာ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်နားရွက် ကို ဆွဲတာ ...

"ခုန ဘာပြောတာ .."





"အား .. နာတယ်ဟာ .."

"အဟမ်း .. အဟွန်း ..",

ခက်မာ က ရယ်ကျဲကျဲနှင့် လှပ်ချောင်းဆိုးတော့ သစ္စာ က ကျွန်တော့်နားရွက်ကို လိမ်ထားရင်းနဲ့ပဲ ခက်မာ ကို မျက်စောင်းထိုးပါသည်။

"ငါ့နားရွက်ကို လွှတ်လေဟာ .."

"မလွှတ်နိုင်ဘူး .."

"နင်ပဲ လိမ်တာ မကြိုက်ဘူး ဆို .."

ကျွန်တော့်စကားကြောင့် ရယ်ကြပြန်ပါသည်။

"ပြောစမ်း .. ခုနကစကားကို ဆုံးအောင် ပြောစမ်း.."

ကျွန်တော်က တဟဲဟဲလုပ်ရင်း မျက်နှာစပ်ဖြီးဖြီးနဲ့ ...

"ဘာလဲ .. နင် နားထောင်ချင်လို့လား .."

"ဗိုးတိမ် .. နင် ..."

"အား .. ပြောပါ့မယ်ဟာ .. ခဏတော့ လွှတ်လိုက်နော် .. နာလို့.."

သူမ မကျေမနပ်နဲ့ လွှတ်ပေးပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး .."

အားလုံးက ပြုံးစိစိ ..၊

"ဘာသာရေးအကြောင်း ဆွေးနွေးနေတာပါဟာ .."

ညီညီ က တခွီးခွီးနှင့် ကျိတ်ရယ်ပါသည်။

"ပဋိစ္စသမုပ္ပါဒ်လေ .. သမုဒယသစ္စာ .. နိရောဓသစ္စာ .. ဟဲ .. ဟဲ .."

အလျှောက်ကောင်းသော်လည်း ...

"အား .. နာတယ်ဟ .."

ကျွန်တော့်ခါးကို လိမ်ဆွဲခံရပြန်ပါသည်။ ခက်မာ က ရှမ်းတစ်ပွဲလို့ လှမ်းမှာပြီး ...

"သစ်သစ် .. နင် ဘာစားမှာလဲ .."

"ဆီချက် .."

"သစ္စာ .. နင်ရော .."

"တော်ပြီ .. လက်ဖက်ရည်ပဲ .."

ခက်မာ က ဦးဆောင်ပြီး လှမ်းမှာပါသည်။ ပြီးတော့ ကျွန်တော်တို့အားလုံးကို ရည်ညွှန်းကာ ...





"ဟဲ .. ဟဲ .. မိတ်ဆက်ပေးရဦးမယ် .."

ညီညီ က မတ်တတ်ထရပ်ကာ သစ်သစ်ဝေ ကို လက်ကမ်းတော့ သစ်သစ်ဝေ က မျက်လုံးအဝိုင်းသားနှင့် ကြောင်တောင်တောင်ဖြစ်ကာ လက်ကမ်းပေးပါသည်။ ညီညီ က လက်ဆွဲနှုတ်ဆက်ပြီး ...

"ကျွန်တော့်နာမည် ညီညီ ပါ .. သယံန်းကျွန်းမှာ နေပါတယ်၊ ကျွန်တော့်အဖေ ဦးအန်းခွေးက တရုတ်ထီးကြီး ဖြစ်ပါတယ်၊ ကျွန်တော့်အမေ ဒေါ်တဆုတ်က ပေါက်စီလုပ်ပြီး ရောင်းပါတယ်.."

ရယ်သံတွေ တဝေါဝေါ ..၊ ညီညီ ဆိုတဲ့ကောင်က အဲဒီလို ..။ မိန်းမနဲ့ပတ်သက်ရင် အရှက်တရားကို မေ့နေသူ ..၊

"ဒီဘက်က ပုန်းရည်ကြီး .. အဲ .. အဲ .. အေးသော် .."

အေးသော် က အသားမည်းလွန်းလို့ ရပ်ကွက်ထဲမှာ ပုန်းရည်ကြီးလို့ပဲ ခေါ်သည်။ ခက်မာ အဲဒီလိုပြောတာကို အေးသော် က အပြုံးမပျက် ..။

"ကျွန်တော့်နာမည် အေးသော် ပါ၊ ပုန်းရည်ကြီး လို့ ခေါ်ပါတယ်၊ တချို့ကတော့ သည်းသည်းမည်းမည်း ချစ်ကြတယ်."

ခက်မာ က အေးသော် ကို မျက်စောင်းထိုးသည်။ ခက်မာ ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ခေါ်နာမည်က သဲသဲ လေ ..။

"ဒီဘက်ကကောင်ကတော့ အားလုံးသိပြီးတဲ့အတိုင်း လူယိမ် .. အဲ .. ဆောရီး .. မိုးလိမ် .. ဒုတိယ ဆောရီး .. မိုးတိမ်၊ သူကတော့ သစ်သစ်ဝေ တဲ့၊ အမှန်တော့ သစ်သစ်မေ့ လို့ ခေါ်ရမှာ .. အရမ်းမေ့တာ .."

သစ္စာ က ခက်မာ ကို ဆွဲဆိတ်တော့ ခက်မာ အော်သည်။ တော်တော်လည်း ဆိတ်နိုင်လွန်းတဲ့ဟာမလေးပါ ..။

"သစ္စာဖြူ တဲ့ .."

"ကဲ .. သစ္စာ ကောင်းမှု အကြောင်းဖြူပြီး မှာကြတော့ .."

ခက်မာ စကားဆုံးတော့ သစ်သစ်ဝေ က မိုးတိမ် ကို မေးပါသည်။

"မိုးလိမ် .. အဲ ..."

ကျွန်တော်က အားတုံ့အားနာ ဖြစ်နေတဲ့ သစ်သစ်ဝေ ကို ...

"ခေါ်ပါ .. အားမနာနဲ့ .."

သစ်သစ်ဝေ က ရယ်ရင်း ...

"ရှင်က တစ်နေ့ ဘယ်နှစ်ကြိမ်လောက် ယိမ်လဲ .."

ကျွန်တော်လည်း ခပ်တည်တည်ပဲ ..၊



"အေိပ်စားဘဲ ယိမ်မယ်ဆိုရင် တစ်နေ့ကို အခါတစ်ထောင်လောက်တော့ ယိမ်ဖြစ်တယ် .."

"တာ .. ဖြစ်နိုင်တာ .."

"ဘာလို့ ဖြစ်နိုင်ရမှာလဲ .."

"ရှင့်စကားတော ဖြစ်နိုင်ပါဘူး .."

သစ်သစ်ဝေ ရဲ့ ယုံကြည်နိုင်တန် စကားကြောင့် ...

"ကဲဗျာ .. လူယိမ်တစ်ယောက်စကားဆို ခင်ဗျားတို့ မယုံဘူးပေါ့ .."

"ဒါပေါ့ .."

သစ္စာ က အမြင်ကတ်တန်နဲ့ပြောတော့ ကျွန်တော် ပြုံးစိစိနှင့်...

"ဒါဆိုရင် .. ဥပမာ .. ကျွန်တော် သစ္စာ ကို ချစ်နေပါတယ်လို့ ပြောရင် ယုံမလား .. မယုံဘူးလား .."

"အဲ ..."

သစ္စာ မျက်လုံးအဝိုင်းသား ..။နောက်မှ ရှက်ရှက်နှင့် ကျွန်တော့်ကျောကို ထုသည်။ ဟိုကောင်တွေက တဟားဟား ..။

"ဥပမာ လို့ ပြောထားတယ်လေ .."

www.burmeseclassic.com



သစ်သစ်ဝေ က မလျှော့သေး ..။

"ရှင် ကျွန်မကို တစ်ခုလောက် လိမ်ပြစမ်း .."

ကျွန်တော် ဘာမပြော ညာမပြောနဲ့ သစ်သစ်ဝေ လက်ကိုဆုပ်ကိုင်ကာ လိမ်တော့ ...

"ဟာ .. အဲဒီလိုလိမ်တာ မဟုတ်ဘူး ..၊ ဟို .. ဟို .. စကားနဲ့လိမ်တာကို ပြောတာ ..၊ အား .. နာလိုက်တာ .. တကယ်ပဲ .."

သစ်သစ်ဝေ ကတော့ မသိ ..၊ ညီညီ က ကျွန်တော် ဘာလုပ်လိုက်တယ်ဆိုတာကို သိတာကြောင့် တဟားဟား ..။ သစ်သစ်ဝေ က နည်းနည်းနာသွားတာကြောင့် လက်ကိုခါရင်း မကျေမနပ်နဲ့ ကျွန်တော့်ကို ...

"ကဲ .. လိမ်တော့ .."

ကျွန်တော် ရယ်ရင်း ...

"သစ်သစ်ဝေ .. မင်းကို ငါ စိတ်ညို့နေတယ် .."

ကျွန်တော့်စကားကြောင့် သစ်သစ်ဝေ အူတူတူ အတာတနဲ့ သူ့ရင်ဘတ်သူ ပြန်ငုံ့ကြည့်နေပြီး ပြူးပြူးပျာပျာနဲ့ ...

"ဟုတ်လား .. တကယ်ညို့နေပြီလား.."





ခက်မာ တို့ကအစ သစ်သစ်ဝေ ကို ကြည့်ပြီး တဟားဟား ..။ သစ္စာ တောင် ပြုံးစိစိ ဖြစ်နေပါသည်။

"နင့်ရဲ့နာရီ ငါ့ကို ပေးစမ်း .. ငါ အမိန့်ပေးနေတယ် .."

သစ်သစ်ဝေ က နှုတ်ခမ်းလေး မဲ့ပြီး ...

"မပေးပါဘူး .. ဘာလို့ ပေးရမှာလဲ .."

"မပေးလဲ ငါ ယူလိုက်ပြီ .."

ကျွန်တော်က လေထဲမှာ လက်ကိုဆန့်ထုတ်ကာ လေကို လက်နဲ့ ခမ်းဆုပ်ပြီးပြောတော့ သစ်သစ်ဝေ သဝဲရဟန်နဲ့ သူမ အင်္ကျီလက်ရှည်ကို မ,တင်ကြည့်လိုက်ပါတယ်။

"ဟယ် ... နာရီ မရှိတော့ဘူး .."

အားလုံး အံ့အားသင့်သွားပါသည်။ ခက်မာ တို့ သစ္စာ တို့ကအစ တအံ့တဩ ..။

"နင် ဖျက်လှည့်တတ်တယ် .."

ကျွန်တော် ဘာမှမပြောတဲ့ ပြုံးစိစိ ..၊ သစ်သစ်ဝေ က အံ့ဩဟန် မပြေသေးတဲ့မျက်နှာနဲ့ ...

"ဒါဆိုရင် နာရီ ဘယ်မှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှမပြောဘဲ လက်ကာပြကာ မျက်လုံးကိုမှိတ်..၊ ပါးစပ်က ပွစိပွစိရွတ်ပြီး လက်သီးဆုပ်ထားတဲ့လက်ကို ဆန့်ထုတ်လိုက်သည်။

"ဦး ... ကဲ ..သစ်သစ်ဝေ .. နင့်လွယ်အိတ်ထဲမှာ ..."

သစ်သစ်ဝေ အိတ်ကိုဖွင့်ပြီး လက်နှိုက်လိုက်သည်။

"ဟယ် .. ဟုတ်တယ်တော့ ..၊ မိုးတိမ် .. နင်က ဆရာကြီးပဲ.."

သစ်သစ်ဝေ တအံ့တဩနဲ့ပြောတော့ သစ္စာ က မကျေမနပ်ဟန်နဲ့ ...

"ဒါက မျက်လှည့်ပဲ .. လိမ်တာမှ မဟုတ်တာ ..၊ ခုနက သစ်သစ်ဝေ လက်ကို လိမ်လိုက်တာမှာ .. ပါသွားတာ မဟုတ်လား .."

"မဟုတ်ဘူး .. ငါမှ မျက်လှည့်မတတ်တာ .."

"ဟင် .."

အားလုံး တအံ့တဩ ..၊ ကျွန်တော် ဆက်ပြီး ရှင်းပြလိုက်သည်။

"ခက်မာ မိတ်ဆက်ပေးတော့ သစ်သစ်ဝေ ကို သစ်သစ်ဓမ္မ လို့ နောက်တယ်လေ .. အရမ်းမေ့တတ်လို့ .."

"အေးလေ .. အဲဒါ ဘာဖြစ်လဲ .."



ခက်မာ က ပြောတော့ ...

"အေး ... ငါနဲ့ သစ္စာ ကားပေါ်ကဆင်းတော့ နင်တို့ကို တွေ့တယ်၊ နင်နဲ့ သစ္စာ ကသာ သတိမထားမိတာ .. သစ်သစ် သွားနာရီ ကလစ်ဖြုတ်လို့ အိတ်ထဲ ထည့်လိုက်တာ ငါ မြင်တယ် .."

အဲဒီအခါကျမှ သစ်သစ်ဝေ သတိရဟန်နဲ့ ရင်ဘတ်ကို လက်နဲ့ဖိတာ ...

"ဟယ်ရှောက် .. ဟုတ်သားပဲ .."

ရယ်သံတွေ ဆူညံသွားပါသည်။ သစ္စာ မကျေမနပ်နှင့် မျက်စောင်းထိုးပြီး ...

"နင်ဟာလေ .. ကလိန်ကကျစ်ကောင် .."

ကျွန်တော် တဟားဟား ရယ်ပြီး ...

"ဩော် .. နင်တို့ပဲ လိမ်ပြဆို .."

"အေးလေ .. ဒီကောင်က သူ လူလိမ်ပါဆိုပြီး ပြောတော့လည်း မယုံမြန်ဘူး ..၊ နော် .. မိုးတိမ် .."

ညီညီ က မျက်နှာစပ်ဖြဲဖြဲနှင့် သစ္စာ ကို ရည်ညွှန်းပြီးပြောတော့ သစ္စာ က ညီညီကို မျက်စောင်းထိုးပါသည်။

www.burmeseclassic.com



"မင်း ပြောတဲ့ကား ထွက်သွားပြီလား မိုးတိမ် .."

"ဒီညနေ သိရမယ်တဲ့ .. ဘာဖြစ်လို့လဲ .."

"ဩော် ... ငါ့အဖေ အသိက ဝရိုဘောက်တစ်စီးလောက် လိုချင်တယ် ပြောလို့ .. မင်းကို ပြောထားလိုက် ဆိုလို့ .."

"ရပါတယ် .. ဒီကားထွက်လဲ ငါ့အသိတွေမှာ ရှိတယ် .. ဦးလေးကို ပြောလိုက် .. ဘယ်နေ့ ဝိုင်းထဲကို လာမလဲလို့ ..၊ ဒါမှမဟုတ် ယူလာရမလား .."

"မေးကြည့်လိုက်ဦးမယ်လေ .."

အေးသော် နဲ့ အချီအချပြောနေတဲ့စကားကြောင့် သစ္စာ က မိုးတိမ် ကို မေးသည်။

"မိုးတိမ် က ကားပွဲစားလား .."

ကျွန်တော် ခေါင်းညိတ်ပြပြီး ...

"အင်းပေါ့ .. အချိန်ရရင် ရသလိုပေါ့ .."

"ဟင် .. ကျောင်းတစ်ဖက်နဲ့ .."

သစ္စာ မကျေမနပ်နဲ့ပြောတော့ ခက်မာ က သစ္စာ ပေါင်ကိုရိုက်ကာ ...



"ဟဲ့ .. ဒီကောင်က နင်တို့လို သူဌေးမှမဟုတ်တာ .. ပြီးတော့ သူ အလုပ်မလုပ်ရင် ကျောင်းကို ဘာနဲ့တက်မလဲ .."

"အေးလေ .."

ညီညီ တို့ကပါ ခက်မာ စကားကို ဝင်ထောက်ခံတော့ သစ္စာ က မိုးတိမ် ကို ကြည့်ကာ ...

"မိုးတိမ် အဖေရှိတာပဲ .. ကျောင်းထားမှာပေါ့ .."

ခက်မာ က သစ္စာ စကားကြောင့် ...

"ဟဲ့ .. မိုးတိမ် အဖေက ထောင်ထဲမှာ ဆုံးသွားပြီ .."

"ဟင်!... ဆောရီး နော် .. မိုးတိမ် .."

"ရပါတယ်ဟာ .."

သစ္စာ က သူ့စကားအတွက် အားတုံ့အားနာ ဖြစ်သွားသည်။

"နောက်မှပဲ နင့်ကို ရှင်းပြတော့မယ် ..၊ ကဲ .. အတန်းတက်ချိန် နီးပြီ .. လစ်တော့မယ်၊ ဟော့ .. ရှင်းမယ် .."

"သွား .. သွား ..၊ ငါ ရှင်းလိုက်ပါ့မယ်.."

ခက်မာ က နှစ်ခါတောင် မငြင်းရှာ .. တကယ် ထသွားသည်။

"ကဲ .. ငါတို့လဲ လစ်ကြရအောင် .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပိုက်ဆံထုတ်ရှင်းနေတုန်း အေးအေးသဲ က ထရပ်ရင်း ဟိုပြောသလို ဒီပြောသလိုနဲ့ စကားတစ်ခွန်းကို ကြွေးကြွေး ဆိုပါတယ်။

"နှိုက်တခု လူလိမ်ကြီးရဲ့နှလုံးသားက စလိုနီလိုဖြစ်နေတာမှ အခုတော့ ဆွဲဆန့်လို့မရအောင် သံယောဇဉ်လေးက လာငြိနေတူတယ်..."

ညီညီ က ပြုံးသည်။ ကျွန်တော် မပြုံးပါ... သေိချင်ယောင်ဆောင်နေမိပါသည်။ တစ်ခါတလေမှာ အဲဒီလို သေိချင်ယောင်ဆောင်နေတာက ပိုကောင်းသည်လို့ ကျွန်တော်ထင်ပါသည်။



ငါ့အမြစ်က ..

အမှန်စကားဆိုဝို့

သစ္စာတရားကို အာဂုံဆောင်၏။

ငါ့စကားကြောင့်

သံသရာမှာ မီးတုန်းတုန်းတောက်ပါစေ ..

သစ္စာတရားနှင့် ငြိမ်းမည်။

www.burmeseclassic.com

www.burmeseclassic.com



**သ**စ္စာ ပုံစံကြည့်ရတာ ပုံမှန်အနေအထား မဟုတ် ..၊ ပုံမှန် မဟုတ် ဆိုတာက နေမကောင်းတဲ့ပုံစံကို ဆိုလိုတာပါ။ မျက်ကွင်းတွေ ကလည်း ညိုလို့ပေါ့။ သူမက ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်တော့ --

"အား .. ကျွတ် .. ကျွတ် .. ကျွတ် .."

ကျွန်တော့်လိုပဲ ခက်မှာ တို့ကလည်း ရိုပ်မိပုံရပါသည်။

"ဟဲ့ .. နင် နေမကောင်းဘူးလား .."

"အေးဟာ ... မနေ့က ကျောင်းအပြန် ခေါင်းလျှော်တာ ကြာ သွားတယ်ထင်တယ် .."

သစ္စာ က မသက်မသာပုံစံနဲ့ ပြောတော့ ကျွန်တော်က ...

"သစ္စာ ရယ် .. ဒီလောက် နေမကောင်းဖြစ်နေတာကို ..၊ တစ် ရက်တလေ ကျောင်းနားလိုက်ရင် သက်သာသွားမယ့်တာ .."



"အေးလေ .."

သစ္စာက ခပ်နွမ်းနွမ်းမျက်နှာလေးနှင့် အခုလို ပြောသည်။

"နားလို့ မဖြစ်ဘူးဟ .."

"ဘာလဲ .. ကျောင်းစာ နောက်ကျမှာ စိုးလို့လား .."

"မဟုတ်ပါဘူးဟာ .. မနေ့က ကျောင်းလခသွင်းတော့ ပိုက်ဆံ အိတ် မေ့ကျန်ခဲ့တာကို သတိမထားမိဘူး၊ အဲဒါ ကျောင်းသားရေးရာမှာ ငါတို့အတန်းထဲက အိအိဖြိုး နဲ့တွေ့လို့ သူ့ဆီက ချေးယူထားတာ၊ ဒီနေ့ ပိုက်ဆံပြန်ပေးမယ် ကတိပေးထားလို့ "

သစ္စာ ရဲ့စကားကြောင့် ကျွန်တော်တို့ မယုံနိုင် ...င် ဖြစ်မိပါ သည်။ ဒီလောက်ပိုက်ဆံလေးကို ဒီနေ့ကျောင်းမတက်လည်း နောက် နေ့ကျောင်းတက်မှ ပေးလည်း ဖြစ်တာပဲ။

"နင်ဟယ် .. အိအိဖြိုး က ဒီလောက်ကြီး ကပ်သပ်တဲ့သူလဲ မဟုတ်ပါဘူးဟာ .. နောက်နေ့ ကျောင်းတက်မှ ပေးလည်း ရတာပဲ၊ ပြီးတော့ အများကြီးလည်း မဟုတ်ဘူး .."

သစ်သစ် က အခုလိုပြောလည်း သစ္စာ လက်မခံပုံနဲ့ ခေါင်းတွင် တွင်ခါရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲဟာ .. ငါ ဒီနေ့ ဆက်ဆက်ပေးပါမယ်လို့ ကတိခံထားတာ .. လူဆိုတာ ကတိတစ်လုံးပေးပြီးရင် မဖျက်ရဘူးဟ .. သေးသေးမွှားမွှား ကိစ္စလေးတွေ ဖြစ်ပေမယ့် သူလဲ ငါ့ဆီက ပြန်ရတဲ့ ပိုက်ဆံနဲ့ ဝယ်စရာရှိချင်လည်း ရှိမယ်၊ ပေးစရာရှိချင်လည်း ရှိမယ်.."

ကျွန်တော်ကတော့ စိတ်ထဲကနေ ရယ်ချင်နေမိပါသည်။ သူမ ပြောတဲ့စကားတွေကို ကတိအကြောင်း တစေ့တစောင်းဆိုပြီး စာအုပ်ထုတ်ရမလိုလို ..။

"ဟဲ့ .. ဘာပြုံးတာလဲ .."

သစ္စာ က ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြုံးနေတဲ့ ကျွန်တော့်ကို သတိထားမိပုံ ရပါတယ်။

"ဘာမှမဟုတ်ပါဘူး .. ငါဆိုရင် ကတိ ခဏခဏဖျက်လို့ သူငယ်ချင်းတွေက မိုးတိမ် စကား သုံးနဲ့စား၊ ကျုန်တဲ့အပုံ .. ကန်တော့ဟာ.. ခွီးတောင် မယုံတဲ့၊ ဟား ...ဟား .. ဟား ..."

ကျွန်တော် ပြောပြီး ကိုယ်စကားကိုယ် သဘောကျကာ ရယ်မိပါတော့သည်။ ကျွန်တော် ရယ်နေတာကို သစ္စာ က ငေးကြည့်နေပါသည်။



"ဩော် .. နင်က ကတိတစ်ခု လွယ်လွယ်ပေးပြီး လွယ်လွယ်ဖျက်တဲ့ကိစ္စကို ရယ်စရာလို့ သဘောထားနေတာကိုး .."

ကျွန်တော် ပခုံးတွန့်ပြတော့ ...

"နင်က ဘယ်လိုလူလဲ မိုးတိမ် .."

"နင့်ကို ပြောဖူးသားပဲ၊ လူလိမ်ပါ ဆို .."

သူမ က သက်ပြင်းချရင်း ခေါင်းတခါခါ ..။

"ကဲ .. ခေါင်းခါမနေနဲ့ .. ကယ်တင်လို့ မရတဲ့ ဒီငမိုက်သားကို သူ့ထိုက်နဲ့ သူ့ကံသာ ထားလိုက်၊ ကဲ.. အတန်းတက်မယ် မဟုတ်လား .."

ပြောလည်း ပြော .. အိတ်ဆွဲပြီး ထရပ်တဲ့ ခက်မာ ကို သစ္စာ က ခေါင်းခါပြပြီး ...

"မတက်တော့ပါဘူးဟာ ..."

"ဒါဆို နင် အိမ်ပြန်မှာလား.."

"အိမ်လည်း မပြန်ချင်သေးဘူး .. ဒီမှာပဲရှိမယ်၊ သက်သာရင်တော့ ငါ အတန်းလာတက်မယ်၊ နေဦး ..."

သစ္စာ သူ့အိတ်ကိုဖွင့်ကာ ပိုက်ဆံအိတ်ထုတ်ပြီး ပိုက်ဆံတချို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခက်မာ ကို ပေးသည်။

"ရော့ .. အိဖြိုး ကို ပေးလိုက်ဟာနော် .."

"အေးပါ .."

ခက်မာ က သစ္စာ ပေးတဲ့ပိုက်ဆံကိုယူပြီး ထွက်သွားပါသည်။ ညီညီ ကလည်း အိတ်ကောက်ကိုင်ပြီး ...

"ဟေ့ကောင် .. ထလေ .. မင်းက ဘာလုပ်နေတာလဲ၊ အတန်း မတက်ဘူးလား .."

"မတက်တော့ဘူးကွာ .. သစ္စာ အဖော်ရအောင် ငါနေခဲ့မယ်.."

"ပိုပါ့ကွာ .."

အေးသော် အမြင်ကပ်ကပ်နဲ့ပြောတော့ သစ္စာ က ရယ်သည်။ ပြီးတော့ သူ့ဘက်လှည့်ကြည့်ကာ ...

"အတန်းသွားတက်ရင် တက်ပါလား မိုးတိမ်၊ သစ္စာ တစ်ယောက် တည်း နေလို့ ဖြစ်ပါတယ်.."

"မဟုတ်ပါဘူး .. ငါလည်း တက်ချင်စိတ် မရှိလို့ပါဟာ .."

"သွားပြီ ဟေ့ကောင် .. ငါတို့ အတန်းပြီးရင် လာခဲ့မယ် .."

"အေးပါ .. သွား .. သွား ..."





ဟိုနှစ်ကောင် ထွက်သွားတော့ ...

"သစ္စာ တစ်ခုသိချင်တာ ရှိတယ် .."

"ပြောလေ .."

"လိမ်တာ ဘာစံစားချက် ရလို့လဲဟင် .."

မေးပုံကိုက ကြည့် ..၊ လိမ်တဲ့ခံစားချက်က ဘယ်လိုအရသာလဲ တဲ့။ ကဲ .. လိမ်ရတော့မှာပေါ့ .. အဲလေ .. ပြောရတော့မှာပေါ့ ..။

"လိမ်ခြင်းမှာ အပေါ်လိမ်ခြင်း ၁၆ မျိုးနဲ့ အောက်လိမ်ခြင်း ၁၆ မျိုးဆိုပြီး နှစ်အုပ်စု ခွဲထားတယ် .. လွယ်လွယ်ခေါ်ရင် အပူကြွေး၊ အအေးကြွေးပေါ့ .."

သစ္စာ က အမှန်တကယ်ထင်ပြီး နားထောင်နေပါသည်။

"အပေါ်လိမ်ခြင်း ၁၆ မျိုးကတော့ အိမ်ဝှားက အိမ်ရှင်ကိုလိမ် နည်း၊ ယောကျ်ားက မိန်းမကို လိမ်နည်း၊ တပည့်က ဆရာကို လိမ် နည်း၊ ဝန်ထမ်းက အထက်အရာရှိကို လိမ်နည်း၊ လမ်းဘေးလိမ်နည်း၊ အထက်တန်းစား လိမ်နည်း၊ နောက်ပြီး ..."

"ဟိုး.. ဟိုး .. တော်ပါတော့ ကိုယ့်ဆရာရဲ့၊ ငါက အဟုတ်မှတ် လို့ နားထောင်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ရော် .. ငါ အခုပြောနေတာတွေက အမှန်တကယ်တွေဟ.."

သူမက ရယ်ချင်ဟန်နဲ့ ...

"မိုးလိမ် ရယ် .. အဲဒါကြောင့် နင့်ကို မိုးလိမ် လို့ ခေါ်တာ .."

ကျွန်တော် က ရယ်ကျဲကျဲ ..၊

"ရှိသေးတယ် .. လိမ်ခြင်းသည် ရင်တဖျပ်ဖျပ်ခုန်၍ ဦးနှောက်ကို လှုံ့ဆော်၏၊ ခြေထောက်ကို သန်မာစေ၏ .."

သူမက သဘောကျစွာ ရယ်နေပါသည်။ သူမ ရယ်နေပုံကို ကျွန်တော် သဘောကျစွာ ငေးကြည့်နေတော့ သူမက ရှက်ပြီး ကျွန်တော့်လက်မောင်းကို လှမ်းရိုက်ပါသည်။





ဝိုင်းထဲရောက်တော့ အောင်ဇော် နဲ့ စိန်ရွှေ ကို လိုက်ရှာကြည့်သည်။ မတွေ့ ..၊

"ဟိုကောင်လေး .. ဒီကို လာ .."

လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းခေါ်သံကြောင့် ကြည့်လိုက်တော့ ကိုသိန်းဦး ..၊ ကိုသိန်းဦး က ကိုဌေးလွင် နဲ့ စကားလက်ဆုံကျနေပါသည်။ သူ ဆိုင်ထဲရောက်တော့ ...

"မနေ့က ပွိုင့်တစ်ပွိုင့် မိတယ်ဆို .."

"ပါးပါးပါကွာ.."

"အဲဒါဆို ဘီယာတိုက်ဗျာ .."

ကျွန်တော့်စကားကြောင့် ကိုဌေးလွင် က စီးကရက်မီးညှိရင်း...



www.burmeseclassic.com

www.burmeseclassic.com



"တိုက်မယ် .. ဒါပေမယ့် မင်းတို့တိုက်ရမှာ၊ အောင်ဇော် နဲ့ စိန်ရွှေ လစ်သွားပြီ .. မင်းကို ဒီမှာပဲ စောင့်တော့တဲ့ .."

ကိုရွှေလွင် စကားကြောင့် ပွဲတည်သွားပြီဆိုတာ သိလိုက်ပါသည်။ ကျွန်တော် ဆိုင်ထဲကို လှမ်းကြည့်လိုက်တော့ နေဇော်ထက်တို့ ဟာမ်းဖုန်းတွေနဲ့ အလုပ်ရှုပ်နေတာကို တွေ့လိုက်ရပါတယ်။

"ဟိုလူရှုပ်တွေ ငါးကြီးကြီးမိနေပုံ ရတယ် ကိုရွှေလွင် .."

နေဇော်ထက် တို့ဆိုတာက ဒီကားပွဲစား (ဝိုင်းထဲမှာ) ပွဲစားအချင်းချင်းတောင် နှာခေါင်းရှုံ့ကြတဲ့အဖွဲ့ပေါ့။ ကျွန်တော်တို့လည်း လိမ်ပါတယ်။ ဒါပေမယ့် အချင်းချင်းတော့ စည်းထားရပါသည်။ ဒီကောင်တွေက စည်းမရှိ ကမ်းမရှိ။ ပြီးတော့ အာချောင်သည်။ အကြွားသန်သည်ပေါ့ဗျာ ..။

"အင်း .. အဲဒီငါးကတော့ ရင်လေးစရာပဲ .."

"ဘာဖြစ်လို့လဲဗျ .."

"ရွှေလွင် ... မင်းပဲ ပြောပြလိုက်ပါကွာ .."

"အေးကွာ ..၊ ဒီကောင်တွေလုပ်ပုံက ဝိုင်းသိက္ခာကျတယ်ကွ မိုးတိမ် .. တကယ်တမ်း စည်းနဲ့ကမ်းနဲ့ ပြိုင်ဖိုက်ရင် မင်းလောက်





ကောင် ပညာမစုံပါဘူးကွာ၊ အခု သူ ရထားတဲ့ငါးက ကားအကြောင်းဆိုကွာ၊ ဘာဆိုဘာမှသိတာ မဟုတ်ဘူး၊ မသိလည်းကွာ .. ကားအကြောင်း နားလည်တဲ့လူတစ်ယောက်ယောက် ခေါ်လာပေါ့ကွာ.."

"ဈေးကွာတာ အရေးမကြီးပါဘူး .. ကားက ကောင်းတယ်မို့လား .."

ကျွန်တော့်အမေးကြောင့် ကိုသိန်းဦး နဲ့ ကိုရွှေလွင် က ရယ်ပါသည်။

"ဘာရယ်တာလဲဗျ .."

"ကားက လင့်ရှိဗာ နက်ပြာရောင်လေ .. ကားနံပါတ် ပြောပြရမလား .."

ကိုရွှေလွင် ပြောပြတဲ့ ကားနံပါတ်ကြောင့် သူ ခေါင်းနပမ်းကြီးသွားပါသည်။

"ဟာ!... အဲဒီကားက နေပြည်တော်အမြန်လမ်းမှာ မှောက်ထားတဲ့ကားပဲ ..၊ မိုင်တိုင်အမှတ် ....... မှာလေ .."

"အေး .. အဲဒါပြောတာပေါ့ .. ပါးခြမ်းတွေရော၊ ညာဘက်တံခါးပါ အချပ်လိုက် လဲထားတာ ..၊ ပြီးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေးလွင် က အဲဒီကားကို ကားအခေါ်အဝေါ် (သနပ်ခါး) ဘယ်လိုလိမ်းထားတာ၊ အင်ကျင်ဘယ်နေရာမှာ ဘယ်လိုဖြစ်နေကြောင်း လတ်တလော လက်ပူတိုက်ထားတာကြောင့် ကားက ရုပ်ထွက်ကောင်းနေတာကအစ ကျွန်တော့်ကို ရှင်းပြပါသည်။

ကျွန်တော်လည်း အများနည်းတူ လူလိမ်တစ်ယောက်ပါပဲ။ ဒါပေမယ့် သူတောင်းစား ခွက်စောင်းခုတ်တဲ့နည်းအထိ လိမ်ညာတတ်တဲ့လူ မဟုတ်ပါ ..။

"ဟော့ကောင် ခင်စန်း။ အဲဒီဗုဒ္ဓိလ်ကြီးကို ဖုန်းဆက်လိုက်တော့လေ .. ငွေအကြေချေရမယ်လို့ ..၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ရပြီလို့ ပြောလိုက် ..."

"ဆရာခော် .. ဖုန်းနံပါတ်က ..."

နေဇော်ထက် က ဖုန်းနံပါတ်တစ်ခုကို လှမ်းပြောပါသည်။ ကျွန်တော် စိတ်ထဲ လိုက်မှတ်ထားလိုက်သည်။

"ခဏ .. ဗျာ .."

"မင်း ဝင်ရှုပ်မလို့လား မိုးတိမ် .. ရှုပ်ရင်လည်း အပြတ်ရှုပ်စမ်းကွာ .."





"ကိုယ့်ညီလေးရဲ့အကြောင်းလည်း သိသားနဲ့ဗျာ ..."

"အေးပါ .. ယုံပြီးသားပါကွာ .."

ကျွန်တော်က သော့ ဆိုတဲ့သဘောနဲ့ လက်ကိုလှည့်ပြတော့ ကိုသိန်းဦး က သူ့ကားသော့ကို ပစ်ပေးပါသည်။ ကျွန်တော် လှမ်းဖမ်းပြီး ကားပေါ်တက်ကာ အနီးအနားက လူသူရှင်းတဲ့ ဘီယာဆိုင်တစ်ဆိုင်ကို မောင်းသွားလိုက်ပါတယ်။ ပြီးတော့ ကားပေါ်ကဆင်းကာ ထောင့်တစ်ထောင့်မှာ ဝင်ထိုင်လိုက်ပြီး ...

"စည်တစ်ဂျား ဟော့ .."

ကောင်လေးက ဘီယာဂျားနဲ့ခွက်ကို ယူလာပြီး စားပွဲပေါ် လာချပေးပါတယ်။ ကျွန်တော် ခုနက နေဇော်ထက် လှမ်းပြောတဲ့ ဖုန်းနံပါတ်ကို စဉ်းစားပြီး လှမ်းဆက်လိုက်ပါတယ်။

"ဟုတ်ကဲ့ .. အန်ကယ်၊ ကျွန်တော် သတင်းတစ်ခု ပြောချင်လို့ ယုံတာ မယုံတာ အန်ကယ့်ကိစ္စပါ .."

သူ့ရဲ့ ကားကြွေ့ခိုင်မှုအပိုင်းတွေ၊ ဒီကားရဲ့ ရာဇဝင်၊ ပြီးတော့ ကားရဲ့လက်ရှိဝေါက်ဈေး စသည်ဖြင့် အသေအချာ ရှင်းပြလိုက်ပါတယ်။

"ဟာကွာ .. ငါတုရယ်၊ အန်ကယ် ကံသီပေလို့သာပေါ့၊ အန်ကယ်

www.burmeseclassic.com

www.burmeseclassic.com



က ကားအကြောင်းဆိုလို့ မူလီပဲ ဖြုတ်တွတ်တာ ...”

ကျွန်တော် တစ်ဖက်က အန်ကယ်ရဲ့စကားကြောင့် ရယ်လိုက်မိပြီး ...

“ဒီလိုလုပ်လေ အန်ကယ် .. အန်ကယ်နဲ့ ရင်းနှီးတဲ့ မကွာင်းနှစ်ဖြစ်ဖြစ် .. ကားအကြောင်း နားလည်တဲ့ လူတစ်ယောက်ယောက်ကို ခေါ်သွားပါလား ..”

အန်ကယ် ခေတ္တခဏ စဉ်းစားရင်း ...

“ခက်တာက အန်ကယ့် အသိထဲမှာ ကားအကြောင်း နားလည်တဲ့လူဆိုလို့ ရွာကို အပြီးပြန်သွားတဲ့ အိမ်က ကားဒရိုင်ဘာ ကိုအုန်းပဲ ရှိတာ မောင်ရင် ..”

သူ စဉ်းစားရခက်သွားပါသည်။ နောက်ဆုံး မထူးပြီမို့ ...

“ဒီလိုလုပ် အန်ကယ်.. ကျွန်တော်ပြောတဲ့ လိပ်စာအတိုင်း သွားသွားရမှာက ကျော်ကြီးနှင့် ညီအစ်ကိုများ ကားဝပ်ရှော့ .. အဲဒီရောက်ရင် ဦးကျော်ကြီး ဆိုတာကို မေးကြည့်လိုက် ..၊ မိုးတိမ် လွှတ်လိုက်တာလို့ ပြောလိုက်တယ် အန်ကယ် .. တစ်ခုတော့ရှိတယ် .. တကယ်လို့ ဝိုင်းထဲရောက်ရင် ကျွန်တော့်နာမည်ကိုရော ကျွန်တော့်ကိုရော



လုံးဝ မမေးမိပါစေနဲ့ .. ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်ကို သိပါတယ်နော် .. အန်ကယ် ..”

“အန်ကယ် .. သဘောပေါက်ပါတယ်ကွာ .. အခုလို မမြင်ဘူး မတွေ့ဘူးပဲနဲ့ ကူညီပေးတဲ့ မောင်ရင် ရဲ့ ကျေးဇူးကို ဦး ကျေးဇူးတင်လို့ မဆုံးဘူး ..”

“ရပါတယ် အန်ကယ်ရယ် .. ကျွန်တော်ကိုယ်တိုင်လဲ လူလိမ်တစ်ယောက်ပါ ..၊ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိလောက်ပဲ လိမ်တယ် .. အန်ကယ် ..”

တစ်ဖက်က အန်ကယ်ကြီးက ကျွန်တော့်စကားကြောင့် တဟားဟားနဲ့ ရယ်လို့ မဆုံးတော့ပါ ..။

ကျွန်တော် ဖုန်းချပြီးတော့ ဘီယာ အေးအေးဆေးဆေး သောက်ပြီး ဝိုင်းထဲ မှင်သေသေနဲ့ ပြန်ရောက်လာပါတယ်။ ဝိုင်းထဲရောက်တော့ ဟိုနှစ်ကောင် အောင်ဇော် နဲ့ စိန်ရွှေ လည်း ရောက်နေပါပြီ။ အောင်ဇော်က ပွဲဖြစ်လာတာကြောင့် ကျွန်တော်ရမယ့် ဝေစုကို လှမ်းပေးပြီး ခပ်တိုးတိုး မေးသည်။

“ဟော့ကောင် အခြေအနေ ဘယ်လိုလဲ ..”

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဘာမေးလဲ ကျွန်တော် သိပါသည်။ ကြည့်ရတာ ကိုရွှေလွင် တို့ဆီက သတင်းကြားပြီးပြီ ထင်ပါသည်။ ကျွန်တော် ကျွန်တော့်ဆီ ခပ်မြန်မြန် လျှောက်လာတဲ့ ကိုသိန်းဦး ကို ကားသော့ လှမ်းပေးပြီး ...

"ဟော့ ကောင်လေး .. အခြေအနေ .."

ကျွန်တော် လက်မ ထောင်ပြတော့ ကိုသိန်းဦး က အားရဝမ်းသာနဲ့ လက်ဖါးချင်း ရိုက်ပါသည်။

"ဟော့ကောင်လေး ဟိုမှာ .. နေဇော် ဆိုတဲ့ကောင် မြောက်ကြွမြောက်ကြွနဲ့ .. ငါတို့ဆီ လျှောက်လာနေပြီ .."

နေဇော် ဆိုတဲ့ ကောင်က အဲဒီလို ထောင့်မကျိုးတဲ့ သောက်ချိုးတွေကြောင့် ဝိုင်းထဲက ကောင်တွေက ချဉ်တာဖြစ်မည်။ ကိုသိန်းဦး က မကြားတကြား ...

"ကြားတော့မယ် ထင်ပါရဲ့ကွာ .."

"ဟော့ .. မိုးတိမ် .. မင်းကြည့်ရတာ ပွဲမဖြစ်လို့ ညှောင်နေတာ ဖြစ်မယ် .."

ကျွန်တော် ပြုံးရုံပဲ ပြုံးနေလိုက်ပါသည်။ ပြောချင်သလောက်



ပြောပါစေ ..။ ဒီကောင်ပြောနိုင်လည်း ဆယ်မိနစ် သယ်ငါးမိနစ်ပေါ့။

စဉ်းစားနေတဲ့ စကားတောင် မဆုံးလိုက်ရ ..၊ နေဇော်ထက် ရဲ့ သက်ကိုင်ဖုန်းဆီက ဖုန်းမြည်သံ ပေါ်လာပါသည်။ ဒီကောင်က မင်းသား အစီးယောက်လို စတိုင်လ်နဲ့ ဖုန်းကိုဖွင့်ကာ နားထောင်ရင်း ...

"ဩော်.. ဟုတ်ကဲ့ ရပါတယ် အန်ကယ်ရယ် .. နည်းနည်းပါးပါး နောက်ကျတာ ..၊ ဟုတ်ကဲ့ .. အန်ကယ် ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ .."

နေဇော်ထက် ဖုန်းကို ပြန်ပိတ်ပြီး ကျွန်တော့်ကို ခပ်ထေ့ထေ့ ပြုံးတာ ...

"ဒီလိုပဲကွ .. ငါဆိုတဲ့ကောင်က ခွင်ရိုက်ရင် အကြီးကြီးရိုက်တာ.. ခင်း အဲဒီကားကို သိပါတယ် .."

ကျွန်တော် ခေါင်းညိတ်ပြတော့ ...

"ငါ .. ဒီကားကို ထက်ဝက်ချိုးလောက်ရအောင် ခွင်ရိုက်ထားတာ ..၊ ဟော .. လာပြီ .."

နေဇော်ထက် ဝိုင်းထဲ ဝင်လာတဲ့ကားကြောင့် မပြေးရုံတမယ် ထွက်သွားပါသည်။ နေဇော်ထက် က သူတာဝန်သုံးလေးယောက်ကို အချက်ပြလိုက်တော့ သူတပည့်တွေက ကားတံခါးကို သွားဖွင့်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားပေါ်က အန်ကယ်နဲ့ ဦးကျော်ကြီး ဆင်းလာပါသ
ဦးကျော်ကြီး ကို မြင်ကတည်းက နေဇော်ထက် မျက်နှာလျက်
ဦးကျော်ကြီး ဆိုတာက ရုပ်ကိုက မိုက်တိမိုက်ကမ်း ..။ သဘော
ကောင်းသလို လက်ရဲဇက်ရဲသမား ဆိုတာက ဒီဝိုင်းထဲက ကားမှန်
ဟာ ဦးကျော်ကြီး ဝပ်ရှော့မှာ သွားအပ်ကြတာချည်းပဲ ..။ ဘယ်
ဘာဖြစ်နေလဲဆိုတာ စက်သံကြားရုံနှင့် သိသည်။ ကားဘော်ဒီကို
ဆစ်နဲ့ ခေါက်စရာမလို ..။ ကားတစ်စီးလုံးကို လက်ညှိုးထိပ်ဖျား
နဲ့ ဆတ်ဆတ် .. ဆိတ်ဆိတ် လုပ်ပြီး တစ်ပတ် ပတ်ရုံနှင့် ဒီကား
တိုက်ကားကို သနပ်ခါးလိမ်းထားတာ သိသည်။ နေဇော်ထက် ရဲ
ဝပ်ရှော့ဆရာက ဦးကျော်ကြီး မဟုတ် ..၊ ဒီတော့ တွေ့ပြီလေ
ဦးကျော်ကြီး က မသိမသာ မျက်ခုံးနဲ့ ကျွန်တော့်ကို ကြည့်သ
ကျွန်တော် ယောင်ယောင်လေး ခေါင်းညိတ်ပြလိုက်ပါသည်။ အ
ပြောစရာမလိုတော့ ..၊ နေဇော်ထက် ကတော့ သိုက်ဆရာကိုမြင်
တစ္ဆေသရဲလို ဒုက္ခကို အကြီးအကျယ် တွေ့နေခဲ့သည်။

နောက်ဆုံးတော့ ငွဲ့ကျက်သည်ပဲ ပြောရမှာပေါ့ ..။ အန်ကယ်
ကျွန်တော့်ကို ကစ်ချက်သုမ်းကြည့်ပြီး ကားပေါ် တွက်သော ဦးကျော်



နှင့်အတူ ထွက်သွားပါသည်။

နေဇော်ထက် လငပုပ်ဖမ်းသလိုရုပ်နဲ့ သူ့တပည့်တွေကို လိမ့်ဆောက်နေပါသည်။ နေဇော်ထက် ကျွန်တော့်ရှေ့ ရောက်လာတော့ ကျွန်တော် ပြုံးစေ့ပြုံးစေ့နဲ့ ...

"မင်းက တစ်နေ့ ရွှေဥတစ်လုံး ဥတာကို နည်းတယ်ထင်တာတို့ .."

"မင်းကွာ .. တောက် .."

ကျွန်တော်တို့ တစ်အုပ်စုကြီး ဝိုင်းရယ်ကြတော့ နေဇော်ထက် ပေးစောင်းပေစောင်းနဲ့ ထွက်သွားပါသည်။ ညနေ ရောက်တော့ ဦးကျော်ကြီး က ဖုန်းဆက်သည်။

"ကျေးဇူးတင်တယ် မိုးတိမ် ရေ .. မင်းလုပ်လို့ ငါလဲ ပွဲပေါက်တစ်ခု တိုးတာပဲ .."

"ဘာဖြစ်လို့လဲဗျ .."

"မင်း ကူညီပေးလိုက်တဲ့ အန်ကယ်ရဲ့ နာမည်က ဦးစက်ထူးလေ..၊ ကုမ္ပဏီပိုင်ရှင် သူဌေးကြီးကွ .. သူ့ကုမ္ပဏီမှာ ကြိုပို့ကားတွေ ဖော်ရင်နာအတွက် ကားတွေက အများကြီးကွ ..၊ ခန့်ထားတဲ့ စက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်အဖွဲ့က သိပ်မဟုတ်ပါဘူးကွာ .. ပါရှိုပါချက် ..၊ အဘိုးကြီးက စိတ်မြန်လက်မြန်သမားကွ ..၊ အဲဒါကြောင့် အခုလို ထိတာ၊ အခု ငါတို့ ဝပ်ရှော့ကို သူ့ကုမ္ပဏီကားတွေကို တစ်ပတ်တစ်ခါ စစ် ..၊ တစ်လတစ်ခါ ပြင် ..၊ ကုမ္ပဏီဈေးနဲ့ မဟုတ်ဘူးနော် .. အပြင်ဈေးနဲ့ ပြင်ရမှာ .. အခုလဲ အဘိုးကြီးက မင်းကို သိပ်ကျေးဇူးတင်နေတာ ..၊ မနက်ဖြန် လောက်ဆို မင်းဆီ ဖုန်းဆက်လိမ့်မယ် ..”

“ဘာအတွက်လဲဗျ ..”

“ကုမ္ပဏီမှာ လိုနေတဲ့ ကားတွေကို ရှာခိုင်းလိမ့်မယ် ..၊ ဝိုင်းငဲ တော့ လာမှာ မဟုတ်တော့ဘူး .. သူ့ကုမ္ပဏီကို သွားရမှာ ..”

ဒီတစ်ခါတော့ ကျွန်တော်တို့တင် မဟုတ် .. ကိုဌေးလွင် တို့ပါ မျှော်ကျွေးလိုက်တော့မယ်လို့ သူ ဆုံးဖြတ်လိုက်ပါသည်။

❦ ❦ ❦



“မင်းကို အရမ်းကျေးဇူးတင်တယ် မောင်မိုးတိမ် ..”

အန်ကယ်က သူ လိုအပ်နေတဲ့ ကားတွေလည်း ရပြီးပြီဖြစ်တာကြောင့် ကျေနပ်နေပါသည်။ အန်ကယ် လိုချင်တဲ့ ကားတွေက ငါးစီး ဆောင်ဆိုတော့ ကျွန်တော်တို့လည်း မြိုးမြိုးမြက်မြက် ရလိုက်ပါသည်။ ထိုသိန်းဦး၊ ကိုဌေးလွင်၊ အောင်ဇော် နဲ့ စိန်ရွှေ တို့က ကျွတ်ကျွတ်အိတ် တွေနဲ့ ထည့်ထားတဲ့ ငွေတွေကို အထုပ်လိုက် ကားပေါ်တင်နေပါ သည်။ ကျွန်တော်က ရယ်ရင်း ...

“အန်ကယ်ရေ .. ကျွန်တော့်ကိုလဲ သိပ်မယုံနဲ့ .. ကျွန်တော့်ကို သူငယ်ချင်းတွေက မိုးတိမ် လို့တောင် ခေါ်တာမဟုတ်ဘူး ..၊ မိုးလိမ် လို့ ခေါ်နေကြတာ ..”



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့်သားက ဦးကျော်ကြီး တဲ့ ...

"ဟုတ်တယ် အစ်ကိုကြီးရေ .. ဒီကောင်က တကယ်လုပ်ရင် နေဖော်ထက် ထက် ပိုဆိုးတဲ့ကောင် .."

အန်ကယ်က တဟားဟားနဲ့ ...

"အဲဒီလို အရည်အချင်းရှိမှလဲ လောကထဲမှာ အထိုးအနှက် မခံရမှာ ..၊ ပတ်ဝန်းကျင်မှာက အားလုံး ကျားတွေပဲလေ ..၊ တဲ .. မောင်ရင်လေး တစ်ရက်လောက် မင်းတို့အားလုံးကို ဖိတ်ပြီး အန်ကယ် ညစာ ကျွေးချင်တယ် .."

အန်ကယ်ထူး စကားကြောင့် နားစွန်နားဖျား ကြားသွားပုံရတဲ့ ကိုသိန်းဦး က သူတို့ဆီ လျှောက်လာရင်း ...

"အန်ကယ်ထူး .. ဒါရော ပါမှာလား .."

လက်မနဲ့ နှုတ်ခမ်းမှာ တေ့ပြတော့ အန်ကယ်ထူး က ရယ်တည်တည်နဲ့ ...

"အန်ကယ်က ဒါမျိုးတွေ မလုပ်တတ်ဘူး ..၊ ရှူး .. တိုးတိုး ပြောပါကွ .. ခပ်မြန်မြန် ချိန်းလိုက်ကွာ .."

အန်ကယ့် ဟာသကြောင့် ရယ်ကြပါသည်။



"နောက် .. အရေးကြုံရင် မင်းဆီ အန်ကယ် ဖုန်းဆက်လိုက်မယ် မောင်မိုး .."

"ဟုတ်ကဲ့ ဖုန်းဆက်လိုက် အန်ကယ် .. ကျွန်တော် မအားလဲ သူတို့ကို လွှတ်လိုက်မယ် ..၊ ဦးကျော်ကြီး ပြန်လိုက်မှာလား .."

ကျွန်တော့်စကားကြောင့် အန်ကယ်က ...

"အန်ကယ် ပြန်ပို့ပေးလိုက်မယ် ..၊ ခရီးသွားစရာရှိလို့ အန်ကယ် အားနည်းနည်း စစ်ခိုင်းလိုက်ဦးမယ် .."

"ဟုတ်ကဲ့ အန်ကယ် .. သွားပြီ .."

"အေး .. အေး .. သွား .. သွား .."

ကျွန်တော်တို့ အန်ကယ့်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတယ်။ သမ်းမှာ ကိုဌေးလွင် က ...

"အန်ကယ်ထူး ကတော့ မင်းကို အလုံးစုံကို ယုံနေတော့တာ ပဲ .. မိုးတိမ် ရေ .."

"ခင်ရာခင်ကြောင်း မိတ်ဆွေကောင်းပေါ့ဗျာ .."

"ကောင်းပါတယ်ကွာ .. မင်းကျေးဇူးကြောင့် ငါတို့လဲ ဆင်မြို့ တော်မှီပြီး ကြံစုပ်ရတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စကားပုံ မကောင်းဘူးကွ .. ခြသေ့်မင်း သေ့ာက ခွေးရူး

လို အရိုးအရင်းလေး ကိုက်ရတာပေါ့ကွာ .."

"သိန်းဦး ရာ မင်းပြောမှပဲ ငါတို့လဲ ခွေးလုံးလုံး ဖြစ်တော့တယ်"

"ဒါဆိုလဲ အူလိုက်ကြတာပေါ့ကွာ .."

သူတို့စကားကြောင့် ရယ်မိပါသည်။ ဒီတစ်ရက် နှစ်ရက် ကျောင်းတောင် မတက်နိုင် ...၊ ပြီးတော့ ဟို .. သစ္စာစကားတွေသာ ပြောတတ်တဲ့ ကောင်မလေးကို သတိရသလိုလို ...။

:.•♥•♥.♥•



"နင် မလိမ်နဲ့နော် .. ဘယ်ကောင်မလေးနဲ့ ကြူနေလို့ ကျောင်း မတက်နိုင်ရတာလဲ .. နေမကောင်းဘူးဆိုရင် နလံထတော့ မျက်ကွင်းလေး ဟောက်ပက်နဲ့ ကျောင်းလာရမှာပေါ့ .."

ကျွန်တော် နားညည်းလွန်းတာကြောင့် အလွယ်တကူ နေမကောင်းဘူးလို့ ပြောမိကာမှ ပိုဆိုးပါတော့သည်။

"မဟုတ်ပါဘူးဟာ .. ငါ့မှာ ဘယ်ကောင်မလေးမှ မရှိဘူး ...၊ မူးလို့ ရှူစရာတောင် မရှိဘူး .."

"ဟဲ့ .. ရည်စားထားတာ မူးလို့ ရှူစရာလားဟဲ့ .."

ဒီကောင်မလေးက တကယ့် ဂျစ်တီးဂျစ်ကန် ကပ်ဖဲ့ပေါ်ဖဲ့ ...။

ကျွန်တော် ရယ်ကျဲကျဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ ဟာ .. ဥပမာ နော် .."

သူမ ဘာပြောမယ်ဆိုတာ သိပုံရပါသည်။ သူ့ရဲ့ မျက်စောင်း လက်နက်ကို အားကိုးပုံ ရသည်။

"နှင့်လို သနပ်ခါးပါးကွက်လေး လိမ်းထားတော့ မူးနောက် နောက်ဖြစ်ရင် ရှူ .. အား .. နာတယ်ဟ .."

ကျွန်တော့် ခါးကို လိမ်ဆွဲလိုက်တာကြောင့် စကားက မဆုံး လိုက်ပါ ..။

"ကောင်းတယ် ပြောချင်ဦး .. နင်က ဘာရောဂါဖြစ်တာလဲ .. HIV လား AIDS လား .. ဘယ်နေ့သေမှာလဲ ပြော .. ဖိတ်စာရော ရိုက်ပြီးပြီလား .."

ကျွန်တော် ဒီကောင်မလေး ပြောပုံကြောင့် စားပွဲပေါ် မှေး ထောက်ပြီး လှမ်းထုတ်ပြတော့ ...

"နင်ဟာလေ .. တကယ့်ကောင်ပဲ .."

"သစ္စာ .."

"ဆို .."

"ငါသေရင် နင် တကယ်ငိုမှာလား .."





"ဒါပေါ့ .."

သစ္စာ က စားပွဲပေါ် ပြုတ်ကျလာတဲ့ သစ်ရွက်တစ်ရွက်ကို လှည့် ဖတ်သော့ရင်း ပြောသည်။

"ငိုတာတော့ ဟုတ်ပါပြီ ..၊ ငါ့ကို ဘယ်လို ငိုမှာလဲ .. ဖက်ပြီး ငိုမှာလား .. ငါ့ခေါင်းလေးကို .."

လက်ဆစ်က မြန်သလား မသိ ..။ ဟိုဘဝက ဖက်ဆစ်ကင်ပေ တိုင်များ သေလို့ ဝင်စားသလား မသိပါ။ ကျွန်တော် ခေါင်းကို ပွတ် ရင်း ...

"နာလိုက်တာဟာ .."

ဟိုကောင်တွေက ကျောင်းသားရေးရာ သွားမယ်ဆိုပြီး ထွက် သွားတာ အခုထိ မလာသေးပါ။ ဒီကြားထဲ စက်မှာ နဲ့ သစ်သစ် ပါ ပါသွားပါသည်။

"အမှန်က ကျောင်းပျက်တာ နေမကောင်းလို့ မဟုတ်ဘူးဟ .."

"ငါထင်သားပဲ .. နင့်ပါးစပ်က ဘယ်တော့မှ လိမ်မပြောဘဲ နေ့ မနေနိုင်တာ .."

ကျွန်တော် ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. ရှင်းပြရမှာ စကားက ရှည်နေမှာစိုးလို့ ငါ့ အလွယ် ပြောလိုက်တာ ..၊ ကျောင်းမတက်တာ အလုပ်ကိစ္စလေး ရှိလို့ .."

"မိုးတိမ် .."

"ပြော .."

သူမက ကျွန်တော့်ကို ငေးကြည့်ပြီး ...

"နင်ဟာယ် .. တစ်ခါတလေ တစ်ရက်တစ်လေလောက် လိမ် မပြောဘဲ နေပါလား .. ငါ မုန့်ဝယ်ကျွေးမယ်ဟာ .."

လှကိုများ ကလေးမှတ်နေလား မသိပါ။ ပြောပုံကိုက ကြည့်..၊

"တစ်ရက်ပဲဟာ .. တစ်ရက်တောင် ကျောင်းတက်ချိန်ကနေ ကျောင်းဆင်းချိန်အထိပဲ .."

"အင်း .."

ကျွန်တော် ခပ်လွယ်လွယ် အင်းလိုက်တော့ သူမက မကျေ မနပ်နဲ့ ...

"နင် စကားကို လွယ်လွယ် မပြောနဲ့နော် .. နင့်အခန်းမှာ ငါ့ သူငယ်ချင်းတွေ အများကြီးရှိတယ် ..၊ လိမ်တာ သိလို့ကတော့ နစ်ဆ ပြန်လျှော်ရမယ်.."





"တကယ်လို့ တစ်နေကုန် မလိမ်ဘဲ နေလို့ရမယ်ဆိုရင်ရော .."

"ဘုန်းကြီး ဝတ်ခိုင်းမယ် .."

"သြော် .. နင်က ပြန်နောက်တယ်ပေါ့ .."

သူမက တခစ်ခစ် ရယ်ပြီး ...

"မုန့်ဝယ်ကျွေးမယ်လေ .. ဒါမှမဟုတ် နင် လိုချင်တာ ပြော .. ငါ ဝယ်ပေးမယ် .."

"တကယ်နော် .."

"တကယ်ပါဆို .."

"ငါ .. နင့်အချစ်ကို လိုချင်တယ် ဆိုရင်ရော .."

"ဟာ .. မိုးတိမ် .."

"ငါ .. တကယ်ပြောနေတာဟ .."

သစ္စာ ကတော့ ရှက်ရှက်နှင့် လက်ထဲက လွယ်အိတ်ကြိုးကို ဖွတ်လိမ်နေပါသည်။

"ငါလိမ်နေတာ မဟုတ်ဘူး နော် .. နင် လိမ်နေတာ .."

သူမက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ကို လှမ်းရိုက်ပါသည်။ ကျွန်တော် သဘောကျစွာ ရယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ .. အကောင်းပြောနေတာဟ .. ဒါ နှင့်ကိုချစ်တယ် သစ္စာ .. အဲဒီစကားက မှန်သော သစ္စာစကားပါ ..၊ တစ်နေ့ကျရင် ဒါ့စကားတွေက လိမ်တယ်လို့ ယုံကြည်နေရင်တောင် ဒီစကားကိုတော့ အလိမ်အညာစကား မဟုတ်ဘူးဆိုတဲ့အကြောင်း နှင် လက်ခံပေးပါ ..၊ ဒါ .. ဒါ့နှလုံးသားထဲက အမြင့်မြတ်ဆုံး စကားပါ သစ္စာ .."

သူမက ရှက်ကိုးရှက်ကန်းနှင့် ခေါင်းငုံ့နေပါသည်။

"သစ္စာ .."

"ဟင် .."

ထူးပုံလေးက မပွင့်တပွင့် ...

"ဘယ်လိုလဲဟင် .."

"ဘာကိုလဲ .."

"မနက်ဖြန် ဒါ မလိမ်ဘူးဆိုရင် နှင် အဖြေပေးမှာလား .."

သူမက မော့ကြည့်ပါသည်။ သူမ မျက်ဝန်းတွေက အရည်လဲ့နေပါသည်။ ဒါဟာ ချစ်ခြင်းမေတ္တာကြောင့်လို့ ကျွန်တော် ထင်နေပါသည်။

"နှင် တကယ်မလိမ်နဲ့နော် .."

ကျွန်တော် ခေါင်းညိတ်တော့ သူမက သတိတစ်ခုပေးပါတယ်။





"တကယ်လို့ နှင်လိမ်ခဲ့ရင် နောက်တစ်ကြိမ်ဆိုတာ မရှိတော့ဘူးနော် .. မိုးတိမ် .."

"အေးပါဟာ .."

သူမ ကျေနပ်သွားပုံရပါသည်။ အဲဒီအချိန်မှာ တံခါးခေါက်သံနှင့် ညီညီ ... ဆိုသော ... အဖြောင်းတယ် ပြောရမှာပဲ ..။ ဟိုတစ်အုပ်စုကြီး ရောက်လာပါသည်။ ခက်မာ က ဝင်ထိုင်ရင်း သစ္စာ မျက်နှာကို ကြည့်ကာ ...

"နှင် နေမကောင်းဘူးလား သစ္စာ .."

သစ္စာ က ခက်မာ စကားကြောင့် ကြောင်အမ်းအမ်းနှင့် ...

"ဘာဖြစ်လို့လဲ .."

"မျက်နှာရဲနေလို့ .."

"ဟာ ..."

အဲဒီစကားလေး ပြောတာနဲ့ သစ္စာ ရှက်သွားသည့် ပုံစံကြောင့် ဟိုတစ်အုပ်လုံး ကြောင်သွားပါသည်။ ညီညီ က ခပ်တည်တည်နဲ့ မိုးတိမ် ကို အခုလို ပြောသည်။

"ဟေ့ကောင် .. မင်း သစ္စာ ကို ဘာသွားလုပ်လိုက်သလဲ .."

ကျွန်တော်လည်း အလန့်တကြားနဲ့ ငြင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒါ ဘာလုပ်ရမှာလဲ .. ဘာမှ မလုပ်ပါဘူး .."

"သိဘူးလေကွာ .. သစ္စာ ပုံစံက တစ်ခုခုကို ရှက်နေသလိုပဲ.."

အဲဒီအခါကျမှ အားလုံး သဘောပေါက်ကာ ရယ်ကြတော့ သစ္စာလဲ မိုးတိမ် ကို မကာ ကျောကို တဒုန်းဒုန်းနှင့် ထုပါတော့သည်။

"ဟာ .. ပြောတဲ့သူက ခက်မာ နဲ့ ညီညီ လေ .."

"မသိဘူး .. အဲဒါ နင့်ကြောင့် .."

"ကဲ .. ပြောပါဦး .. မောင်မင်းတို့ ကျူးမိတို့ ခုံရုံးမှာ အစစ်ဆေးခံစမ်း .."

"ခံပါမယ် .. ခံပါမယ် .."

"ဟဲ့ .. ဒီကောင်တော့ .. ကဲ .. ပြောစမ်း .. မသစ္စာ .."

သစ်သစ် က ခပ်ငေါ့ငေါ့ပြောတော့ သစ္စာ က ကျွန်တော့်ကို လှမ်းကြည့်ပါသည်။ ကျွန်တော် ရယ်ကျဲကျဲနှင့် ...

"ဟဲ .. ဟဲ .."

ကျွန်တော် တဟဲဟဲနှင့်ရယ်တော့ အေးသော် က အမြင်ကပ်ကပ်နှင့် ...

"ဟောကောင် .. ဒါ နွားပွဲစား ဂဟာတ်ဘူး .."





"အေးပါကွာ .. ဟဲ .. ဟဲ .."

သစ္စာ က ရှက်ရှက်နဲ့ သူ့ခြေထောက်ကို လှမ်းကန်တော့ ...

"အား .. နာတယ်ဟ .."

"အေးလေ .. နင်က ပြောမယ့်အရေးကို တဟဲဟဲ လုပ်နေတာကိုး .."

ကျွန်တော်လည်း ရယ်ကျဲကျဲနှင့် ခေါင်းကုတ်ပြီး ...

"သစ္စာ ကို ဒါ ရည်းစားစကား ပြောတာ .."

"ဟင်!... တကယ် .."

ခက်မာ ဝမ်းသာအားရနဲ့ ထအော်တော့ သစ္စာ က ရှက်ရှက်နဲ့ ရယ်နေပါသည်။

"အဖြေ တန်းပေးရောလား .."

ညီညီ စကားကြောင့် သစ္စာ က မခံချင်ဟန်နှင့် ...

"အောင်မယ် .. ပေးစရာလား .. လူကို အထင်သေးလို့ .."

"ဩော် .. တစ်ခါတည်း မိုးရာလိုက်ပြေးမယ်ပေါ့ ...၊ ကောင်းပါတယ် .."

"ခွေးကောင် .."



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ က ရေနွေးခွက်ထဲ လက်ကျန်ရေနွေးနဲ့ ညီညီကို လှမ်း

ပက်ပါသည်။ ကျန်တဲ့သူတွေကတော့ တဟားဟားပေါ့ ..။ ခက်

က ...

"ကဲ .. ဇာတ်လမ်းကို ဆက်စမ်းပါဦး .."

"အဲဒီမှာတင် သစ္စာ က ပြောတယ်..၊ ကိုကိုရယ်တဲ့ အောင်မေ

ဗျ .."

အောက်ကနေ ညီညီ့သကျည်းကို လှမ်းကန်ထည့်လိုက်တာကြော

တော်တော် နာသွားပါသည်။

"ရက်စက်လှချည်လားကွယ် .."

သစ္စာ က မျက်စောင်းထိုးသည်။ ကျွန်တော် အပိုစာသား မပြေ

ရဲတော့ ..၊

အပိုစာသား ဆက်ပြောလည်း ဘောသမားတွေလို ဒူးကာ

ဟာမျိုး ဝတ်ထားမှ တော်ကာကျမည်။

"မနက်ဖြန် ကျောင်းတက်ကနေ ကျောင်းဆင်းတဲ့အထိ တ

နေကုန် လိမ်မပြောဘူးဆိုရင် အဖြေပေးမယ်တဲ့ .."

"အဲဒီလို .."





"အညာကို ကိုင်လိုက်တာပဲ .."

"ဒီကောင့် အညာက ဘယ်နားမှာလဲ .."

"ဟဲ့ .."

အေးသော် က စဉ်းစဉ်းစားစားနဲ့ ...

"သစ္စာ ဟုတ်မှလဲ လုပ်နော် .. ငါတို့က ဒီကောင့်သူငယ်ချင်း

အရင်းကြီးကွ ..၊ ဒီကောင် လိမ်ပြောမိတယ်ဆိုပါတော့ ငါတို့က မလိမ်

ဘူးလို့ နင့်ကို ထပ်လိမ်ပြောရင်ရော .."

အေးသော် စကားကြောင့် သစ္စာ က ရယ်သည်။ ကျွန်တော်

ခေါင်းကုတ်ရင်း ...

"သွားမလုပ်နဲ့ အေးသော် .. ငါတို့အခန်းမှာ ပူသူလျှိုတွေ

အများကြီးတဲ့ .."

"ဟော .. အဲဒီလို .."

"အေး .. အဲဒီလို .."

ခက်မာ က ခေါင်းညိတ်ရယ်ကာ ...

"နင် ဖြစ်ပါ့မလား မိုးလိမ် .."

"ဘာကိုလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်က အကျင့်ဖြစ်နေတာနော် .. လိမ်မပြောရရှင့်ကို မနေနိုင်တဲ့သူ .."

ကျွန်တော် သက်ပြင်းချရင်း ...

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .. နော့ .. သစ္စာ .. ကျုပ် .. သစ္စာတည်သော စကားကိုသာ မနက်ဖြန်ပြောမည် လုံးဝ မလိမ်ပါ ..၊ မနက်ဖြန် တစ်ရက်လုံး လိမ်လည်မှု လုံးဝ လုံးဝကို မလုပ်ပါ ..၊ မပြောဆိုပါ ကြောင်လိမ်လေ့ကား မတက်ပါ ..၊ မုန့်ကြိုးလိမ် မစားပါ ..၊ ကာလီ စေ့ညာဏ်ဆင်စကားပုံ မသုံးပါ ..၊ လမ်းလျှောက်ရင် လိမ်ဖယ်လိမ်ဖယ် မလျှောက်ပါ ..၊ မြွေလိမ်မြွေကောက်လမ်းက မသွားပါ .. ကျုပ် သစ္စာပြု၏ ..၊ ပုံ .. မိုးလိမ် .. အဲလေ .. မိုးတိမ် .."

ဝေါခနဲ ရယ်ချတော့ ကျွန်တော် ရယ်ကျဲကျဲနှင့် သစ္စာ ကို ကြည့်သည်။ သစ္စာ က သူ့လက်နက်ကို ထုတ်သုံးသည်။

မျက်စောင်းက ရင်ထဲမှာ ဟက်ခနဲ ..၊



မနက်ဖြန်ဆိုတဲ့ မျှော်လင့်ချက် လှောင်အိမ်ထဲမှာ ငါကတော့ အကျဉ်းကျခံနေရပြီ သစ္စာ ..။

လူတစ်ယောက်အတွက် အခက်ဆုံး ပုစ္ဆာတစ်ပုဒ်က ချစ်ခြင်းမေတ္တာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ အောင်မှတ်ပေးရမှာလည်း မင်းပဲ ..၊ ရှုံးမှတ်ပေးရမှာလည်း မင်းပဲ ..။

ရင်ခုန်အောင် မျှော်လင့်စောင့်စားနေရတဲ့ အဖြေဆိုတဲ့ အသီးက ဘယ်လိုပဲ အိပ်အိပ် မျက်ဝန်းနှစ်ဖက်ကို အိပ်လို့မရအောင် အမိန့်ပေးထားနိုင်ခဲ့တယ်။ ရှိပါစေတော့လေ .. ညရယ် .. မနက်ဖြန်ရယ်၊ မင်းဆီက ချစ်ခြင်းမေတ္တာရယ် ..၊ စက္ကန့်သံတွေရယ် လုံးထွေးနေတဲ့ အစုပွန်မှာပဲ ရပ်မိနေရင်း ကျေနပ်ရတော့မှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



လမင်းက ငါ့ကို ငုံ့ကြည့်နေတာပေါ့။ ကောင်လေး အချစ်ဆိုတာ အကိုင်အတွယ်မတတ်ရင် လူကို ရူးစေသတဲ့သို့ သူ့အလင်းရောင်တွေနဲ့ ပြောနေသယောင်ယောင် ..။ ငါလည်း ခပ်လျောင်လျောင်ဖြူးရင်း လင်းကြက်တွန်သံကို ကြားမိလိုက်သလိုပဲ ..။ ကြက်ဖကြီးက အရှိန်နီးနေပြီ မိုးတိမ် ရေ ..၊ အားတင်းထားစမ်းပါလို့ ဟစ်ကြွေးအော်ဟစ်နေတာ ဖြစ်ရမယ် ..။

အချစ်ဆိုတာ အဲဒါပဲ ..၊ စိတ်ကူးယဉ်မိရင် တိရစ္ဆာန်စကားတောင် ကိုယ်က တတ်မြောက်သွားသလိုပဲ သစ္စာ ရေ ..၊



အမုန်းရယ် .. ကတုံးကတိုက် မလုပ်ပါနဲ့
မနှစ်သက်ဘူးဆိုလဲ
ငါတို့နဲ့ ဝေးနေရာမှာ ပုန်းနေပေါ့ ..။
ငါက အချော့မကောင်းဘူးလေ
ချစ်သူကို ခေါ်င်းညိတ်ဖို့
တောင်ထိပ်က ပန်းကို တက်ခူးရင် တက်ခူးမယ်
အရက်မူးနေသလိုလို
အတက်ရူးနေသလိုလို
ငါ့အချစ်ဦးရဲ့ စိတ်ရူးတော်ကို ပြေစေ
အချော့ကောင်းဖို့
အဌာရသ ဆယ့်ရှစ်ရပ်နဲ့
နောက်တစ်ရပ်ထပ်တိုး ဆယ့်ကိုးမျိုးပေါ့
ဘယ်တိုးတော်မှာ သင်ရမလဲ
ဘယ်ဆရာကို မြင်ပါလဲ ..
ချစ်သူရယ် အကြိမ်ကြိမ်အခါခါ ပြောပါရစေ
စိတ်ရူးတော်ပြေစေ
ငါ .. ချော့တတ်တဲ့ပညာ
ငါ မသင်ရသေးလို့ပါ ..။



www.burmeseclassic.com



**သူ**တို့ ဆုံနေကျ ကန်တင်းမှာ သူတစ်ယောက်တည်း နောက်ကျစွာ ရောက်လာပါသည်။ ညက အိပ်မရတဲ့အထဲက အစွမ်းပြနေပါပြီ။ သစ္စာ က ကျွန်တော် ဝင်ထိုင်ထိုင်ချင်း ပြုံးစိစိနှင့် ...

"စပြီ နော် .."

"အင်း .."

လေးတိလေးကန်နဲ့ ပြောတော့ သစ္စာ က မျက်မှောင်တွန့်ပြီး—

"ဟဲ့ .. နင် ဘာဖြစ်နေတာလဲ မိုးတိမ် .."

"အိပ်ရေးပျက်လို့ .."

"ဗုဒ္ဓေါ .."

သစ္စာ မျက်လုံးအဝိုင်းသားနဲ့ ဘုရားတ,ရင်း ...

"ဘာတွေလုပ်နေလို့ အိပ်ရေးက ပျက်တာလဲ .."

"မိုးပျက်တော့ မိုးမလာတော့ အိပ်ရေးပျက်တာနေမှာပေါ့ .."



ညီညီ ဝေါက်တက်ကရပြောတော့ သူလည်း စပ်ဖျင်းဖျင်းနဲ့ မျက်စိကိုဖွင့်ပြီး ...

"မိုးအားမပြည့်လို့ ဖြစ်မယ် .. လုပ်ပါဟေ့ .. အမည်းတစ်ခွက်.."

"ဘာလဲ အမည်း .."

"ဘလက်ကို ပြောတာ မှားသွားလို့ .. လိမ်ပြောတာ မဟုတ်ဘူး နော် .. သစ္စာ .."

အရေးထဲ ကမန်းကတမ်း ကျွန်တော် ရှင်းပြရသေးသည်။ ဟိုကောင်တွေက ရယ်ကြသည်။ အောင်သော် က သတိပေးပါသည်။

"အခုအချိန်ကစပြီး စကားကို သတိထားဆင်ခြင်ပြီး ခပ်ဖြည်းဖြည်းပြော မိုးတိမ် ..၊ မင်းရဲ့ အသက်က သစ္စာ လက်ထဲမှာ ရှိတယ်.."

အေးသော် စကားကြောင့် သစ္စာ တို့ ရယ်သည်။ ညီညီ က အခုလို နောက်ရွတ်ရွတ်လိုလို ပြောသည်။

"အဲဒါပဲကွ .. လူကြီးနဲ့ သူမ ပြောတာ .."

"လူကြီးသူမပါကွာ .."

"အေး .. အေး .. လူကြီးသူမ ပြောတော့ ဘာတဲ့ .. သွားသတိ၊ စားသတိ ဆိုတာ အခုတော့ ပြောသတိ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘလက်ကော်ဖီ လာချပေးတော့ သံပရာသီးကို ညှစ်ထည့်ကာ မွှေနှောက်နေတော့ သစ္စာ က မေးသည်။

"အခု .. ဘာလုပ်မယ် စိတ်ကူးလဲ .."

ညီညီ ရဲဘော်သတိလို့ အချက်ပေးပါသည်။ ကျွန်တော် ဆင်ဆင်ခြင်ခြင်နဲ့ ဖြေရပါသည်။

"အတန်းတက်မယ်၊ ဒါမှမဟုတ်လို့ မနေနိုင်ရင် အခန်းလွတ်တစ်ခုမှာ သွားထိုင်အိပ်မယ်.. တစ်ချိန်ပြီးရင် ဒီကောင်တွေ လာနှိုးလိမ့်မယ်.."

"မှန်တော့ မှန်နေတာပဲ .. ဘယ်အချိန် မှားမလဲတော့ မသိဘူး.."

ခက်မာ က မဲ့ကာရွဲ့ကာ ပြောတော့ ကျွန်တော်က ...

"ဟဲ့ .. ဖွဟဲ့ လွဲပါစေ ဖယ်ပါစေဗျာ .. နင် မဦးကို မရွှတ်နဲ့ခက်မာ .."

"မဦးမရွှတ်ပါဟယ် .."

"အေးပါဟာ .. သူ့ဘာသာ ဘာပဲရွှတ်ရွှတ် ငါ့အလုပ် မဟုတ်ဘူး သစ္စာ .. မောင်မောင် လိမ်ပြောဘူး နော် .."

ကျွန်တော် ပြောပုံကြောင့် ရယ်ကြပြန်ပါသည်။ ကျွန်တော် လက်ကျန် ဘလက်ကော်ဖီကို ကုန်အောင်သောက်လိုက်ပြီး ...



"ဩော် .. အကျင့်ပါနေတဲ့ ဒုက္ခက တော်တော်ဆိုးပါလား .. တဲဟယ် .. ကိုယ့်လက်ကို ကိုယ်ပြန်လိမ်တယ်ကွာ .. အာသာပြေလေးပေါ့ .."

ကျွန်တော် ကိုယ့်လက်ကို ကိုယ် ပြန်လိမ်နေပုံကြောင့် သစ္စာက ရယ်ချင်နေပုံက အတင်းထိန်းချုပ်နေဟန် ရှိသည်။

"ကဲ .. သွားပြီ .."

ကျွန်တော် ထမယ်လုပ်တော့ သစ္စာ က ...

"နေဦး .."

ကျွန်တော် မေးဆတ်ပြတော့ ...

"ဒုတိယအချိန်ပြီးရင် ဒီကိုလာဦး .."

"ဟုတ်ကဲ့ပါ ဆရာ .. အဲ .. သစ္စာ .."

စကားမမှားအောင် တော်တော် ထိန်းယူနေရပါသည်။ ရွှဲ့ပြောနေရင်လည်း လိမ်တယ်လို့ စာရင်းတင်ရင် အခက်လေ ..။

ကျွန်တော်တို့ အတန်းရောက်တော့ ...

"မင်းတို့ တက်ချင်တက်လေ .. ငါ ဟိုဘက်ခန်းမှာ သွားအိပ်ဦးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အေး .. ပြီးရင် ငါတို့လာနှိုးမယ် .. အိပ်နေတော့ စကားမပြောရဘူး ..၊ စကားမပြောရတော့ အမှားမပါဘူးပေါ့ကွာ .. ကောင်းတယ် အိပ်နေ .."

ညီညီ ပြောတာ မှန်တာကြောင့် ကျွန်တော် အခန်းလွတ်ထဲမှာ သွားအိပ်နေပါသည်။ ဒါတောင် အခန်းထဲမှာ သူတို့အတန်းထဲက ဖဲသမား ဝင်းအောင် အရင်အိပ်နေသည်လေ ..။

သူ ခုံတွေဆက်ပြီး အိပ်ဖို့ပြင်ကာ ခေါင်းချမယ်လုပ်တော့ ...

"မချနဲ့ဦး .. ဒီမှာ စားပြီ .."

ဝင်းအောင် ဆီက အသံကြောင့် သူ့ အလန့်တကြား လှည့်ကြည့်တော့ ကိုယ်တော်က ယောင်ပြီး ပြောနေတာဖြစ်သည်။ ပြန်ပြီးတော့ ဟောက်ပြနေပါသေးတယ်။

"အရေးထဲကွာ .."

ကျွန်တော် ခေါင်းချပြီး သုံးမိနစ်တောင် မကြာလိုက်ရပါ။ အပြင်ကမ္ဘာနဲ့ အဆက်အသွယ် ပြတ်သွားပါသည်။



"ဟေ့ကောင် .. ထ .. ထ .. .."

"ဟမ် .. ဘာလဲဟ .."

ကျွန်တော့်ကို လှုပ်နှိုးလိုက်တဲ့ အသံကြောင့် ကျွန်တော် အိပ်ချင်မူးတူးနဲ့ ထတော့ ဝင်းအောင် ..၊ ဝင်းအောင် က စပ်ဖြဲဖြဲနဲ့ ကျွန်တော့်ကို ကြည့်နေပါသည်။

"ဘာလဲကွာ .."

ကျွန်တော် မကျေမနပ်နဲ့ ပြောတော့ ...

"ထပါကွာ .."

"ဘာလုပ်ဖို့လဲ .."

"ဖဲရိုက်ရအောင် .."

"ဟာကွာ .. ဆရာတစ်ယောက်ယောက်မြင်ရင် ပြဿနာတက်ဦးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မတက်ပါဘူးကွာ .. လုပ်ပါကွာ၊ ဒီနေ့ တစ်နေ့လုံး ဖဲမရိုက်ရတော့ ဟာတာတာ ဖြစ်နေလို့ တစ်ပွဲ နှစ်ပွဲတည်းပါကွာ နော် ..၊ မိုးတိမ် တစ်ပွဲ နှစ်ပွဲပြီးရင် ငါ လက်ဖက်ရည် တိုက်ပါ့မယ် .."

ဒီကောင်ပြောတာတော့ ဆိုးတော့ မဆိုးပါ။ အေးလေ ဖဲမရိုက်ရရင် မနေနိုင်တဲ့ ဒီကောင့်အကျင့်ဆိုတော့လည်း ကိုယ်လည်း ကိုယ်ချင်းစာပေးရမှာပေါ့ ..။

"ဘာဆော့မှာလဲ .."

"ပိုကာကွာ .. စီနီယာ သုံးထွေ .."

"အိုကေ .."

ဖဲရိုက်နေတော့ လိမ်ဖို့ အခြေအနေ မပေးတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝင်းအောင် လို ကောင်မျိုးက ကိုယ်က သွားလိမ်လို့ မရတဲ့ ဖဲကျိုး ..၊ ဝင်းအောင် က ဖဲဝေပြီးတော့ ကျွန်တော် ကိုယ်ရမယ့် ဖဲတွေကို ယူကာ ပွတ်ကြည့်ရင်း ...

"တစ်ခါ တစ်ခါတော့လည်း အကျင့်ဆိုတာကြီးက ပျောက်ဖျက်ဖို့ တော်တော် ခက်တာပဲ ဝင်းအောင် .."

ဝင်းအောင် က ကျွန်တော့် စကားကြောင့် မျက်ခုံးတွန့်ပြီး ...





"မင်း ငါ့ကို စောင်းပြောနေတာလား မိုးတိမ် .."

"မဟုတ်ပါဘူးကွာ .. ငါလဲ မင်းလိုပါပဲ၊ ဘဝတူချင်းပေါ့ကွာ .."

ကျွန်တော်က အဲဒီလိုလေး သံချင်းဆိုပြတော့ ဝင်းအောင် စိတ်ဝင်စားသွားပါသည်။

"လုပ်စမ်းပါဦး မင်းကိစ္စ .."

"ငါ့ကိစ္စလား .. ငါ့ကိစ္စက ဒီလိုကွ .."

မိုးတိမ် သူနဲ့ သဲစွာ ရဲ့ အလောင်းအစား အစအဆုံးကို ရှင်းပြတော့ ဝင်းအောင် ရိုက်လက်စ ဖဲချပ်တွေကို လွှင့်ပစ်ပြီး ရယ်လိုက်တာ ပြောမနေပါနဲ့တော့ ..။

"အဟွတ် .. အဟွတ် .. မိုးတိမ် .. မိုးတိမ် .. ဩော် .. ငါ တစ်ယောက်တည်း အကျင့်တစ်ခုလို စွဲလမ်းလှချည်ရဲ့ အောက်မေ့နေတယ်၊ မင်းက ငါ့ထက် ပိုဆိုးတဲ့ကောင်ကို ..၊ ဩော် .. ဒါကြောင့် မင်း ဒီအခန်းထဲမှာ နားအေးပါးအေး လာအိပ်နေတာကို ကောင်းကွာ.."

"အဲဒီကိစ္စ တစ်ခုတည်းတော့ မဟုတ်ပါဘူးကွာ ..၊ ည အိပ်ရေးပျက်တာလဲ ပါ .. ပါတယ် .."

ကျွန်တော် အင်တင်တင်နဲ့ ပြင်းတော့ ဝင်းအောင် က မယုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံ ပေါ်နေပါသည်။

"လာရှုံးမနေစမ်းပါနဲ့ မိုးတိမ် ရာ .. လာရှောင်ရင် ရှောင်နေတယ်၊ ပြောစမ်းပါကွာ .. မင်းသာ ပြောရတာ ငါလဲ ငါ့အဖြစ်နဲ့ ငါဖို့လို့ ဒီမှာ လာရှောင်နေတာ .."

"ပြောပါဦး မင်း ဖရိုက်ဖို့ ပိုက်ဆံလိုလို့ မြန်မာစာက မင်း ရည်းစား ကြည်ကြည်သန်း ဆီက ပိုက်ဆံ လိမ်တောင်းတဲ့ကိစ္စက .."

ဝင်းအောင် တဟီးဟီး ရယ်နေပါသည်။ လူတစ်ကိုယ် အကျင့် တစ်မျိုးဆိုတာ မှန်သည်။ ဝင်းအောင် ဖရိုက်ဖို့ ဟိုသူငယ်ချင်းတွေဆီ က ပိုက်ဆံချေးလိုက် .. သူ့ရည်းစား ကြည်ကြည်သန်း ဆီက လှည့် ယူလိုက် ..၊ ကြည်ကြည်သန်း သူငယ်ချင်းတွေတောင် မချန်တဲ့ အာဂ ဝင်းအောင် ပါ။

"ဒီတစ်ခါတော့ ငါ ဖရိုက်တာ မဟုတ်ပါဘူးကွာ ..၊ အောင်မြင့်စန်း ရှို့ မင်း သိတယ်လေ .."

"အေးလေ .. အဲဒါ ဘာဖြစ်လဲ .. ရေနံချောင်းသား ဘာဖြစ်ပြန် လို့တုန်း .."

အောင်မြင့်စန်း က နယ်မှာ တက္ကသိုလ်မတက်ပဲ ပွင့်လင်းမြင်



သာအောင်ဆိုပြီး ရန်ကုန်တက်လာပြီး အဆောင်မှာနေတဲ့ ကျောင်း သား..။

"မယုံရင် ဒီကောင့်အဆောင်မှာ သွားကြည့်စမ်းပါကွာ ..၊ ကုန်း ကုန်းကြီး .."

"ဟာမ် .. ဘာဖြစ်လို့လဲ .."

"လိပ်ခေါင်း ဖြစ်နေလို့တဲ့ .."

"ဒါများ ဝင်းအောင် ရာ .. သားရေကွင်းတစ်ကွင်း ရှာပြီး ကပ် တော့ပြီး ပစ်လိုက်ရင် သူ့ဟာသူ အထဲဝင်သွားမှာပေါ့ .."

"ခွေးကောင် သားရေကွင်းနဲ့ ပစ်တာ အဲဒီ ဂ္ဂ ပစ်တာ မဟုတ် ဘူးကွ .."

"သိဘူးလေကွာ.. သားရေကွင်းနဲ့ ပစ်တယ်ဆိုတော့ အဲဒီလိုပဲ ပစ်တယ်ထင်တာပေါ့၊ ကဲ.. ရေနံချောင်းရဲ့အကြောင်း ပြောပါဦး .."

"ဟိုကွာ .. ဆေးထိုးပြီး ချွေတာကွ .. ဈေးတော့ နည်းနည်းကြီး တယ်လေ၊ ငါးသောင်းလောက် ကုန်တယ် ပြောတယ်ကွ ..၊ ဒီကောင့် အိမ်က ငွေမပို့ .. ဒီကောင် ဒီဒဏ်ကိုလဲ မခံနိုင်တော့ ငါ .. ငါ့ရည်းစား ဆီက ဟိုအကြောင်းပြ ဒီအကြောင်းပြပြီး ချေးလိုက်တာ ငွေသုံး

www.burmeseclassic.com



သောင်း ရတယ်၊ ကျန်တာကတော့ အဆောင်ကဆောင်တွေဆီက လှည့်ဝတ် အလှူခံပြီး ပေးလိုက်တာပေါ့ကွာ ..."

"အဲဒါနဲ့ မင်း ရှောင်နေရတာနဲ့ ဘာဆိုင်လို့လဲ .."

ဝင်းအောင် စိတ်ညစ်ညစ်နဲ့ ခေါင်းကုတ်ပြီး ...

"ဟို .. ချွေးသူတောင်းစား အေးကျော် ..၊ ငါ သူ့ကို ဖဲဝိုင်းမှာ ပိုက်ဆံမချေးတာကို အငြိုးအတေးထားပြီး ကြည်ကြည်သန်း ကို သွား ချွန်တယ်လေ .. ကြည်ကြည်သန်း ဆီက ငါ ချေးတဲ့ ငွေသုံးသောင်း ဟာ တခြားကောင်မလေးတစ်ယောက်ရဲ့ မွေးနေ့ပွဲအတွက် မွေးနေ့ လက်ဆောင် ဝယ်ပေးဖို့တဲ့လေ .."

ကျွန်တော် တဟားဟား ရယ်ရင်း ....

"မင်းကလဲ ဟုတ်ရင် ဟုတ်နေမှာပေါ့ .. ဝင်းအောင် .."

"ဘုရားစူး မဟုတ်ရပါဘူးကွာ .. ငါ့မှာ မူးလို့ ရူးရောဆိုလို့ ကြည်ကြည်သန်းလေး တစ်ယောက်တောင် မနည်းရအောင် ရှာထား ရတာ၊ အဲဒီ ချွေးအချိုးယုတ် အေးကျော် ကြောင့် ငါ လှည့်ဝတ် ပုန်း နေရတာ .."

"ဒါဖြင့်ကွာ .. အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်ပေါ့ .."



"မင်း .. ကြည်ကြည်သန်း စိတ်ကို မသိလို့ မိုးတိမ် ရေ .. အခု သောလောဆယ်တော့ မဖြစ်သေးဘူး ..၊ မနက်ဖြန် သဘက်ခါ သဘက်မှ ရေနံချောင်းကို ခေါ်ပြီး သက်သေနဲ့တကွ ရှင်းပြရမှာ .."

ဝင်းအောင် စကားကြောင့် ကျွန်တော် နှာခေါင်းရှုံ့ပြီး ...

"မင်းကွာ .. ဒီကောင့်ပုဆိုးကို လှန်ပြီး .."

ဝင်းအောင် ကျွန်တော့် ပုဆိုးကို ကမန်းကတမ်း လက်ကာ ဘားဆီးပြီး ...

"နေ့မှပဲ .. အဲလိုလုပ်လို့ ရမလားကွ .. သားလက်မှတ်တို့ ဘာတို့ ပေါ့ကွ .. ကဲ .. ကဲ .. ဒီကောင့်အဆောင် လိုက်သွားပြီး အဲဒီမှာ နပ် နေတာက အန္တရာယ်ကင်းမယ် .. သွားပြီ .."

ဝင်းအောင် ထွက်သွားတော့ ကျွန်တော်လည်း ပျင်းပျင်းရှိတာ ကြောင့် နာရီကို ကြည့်ကာ ဒီအချိန်ဆို အတန်းပြီးလောက်ပြီလို့ တွေး မိတာ အပြင်ကို ထွက်လာမိခဲ့ပါသည်။

www.burmeseclassic.com



"ဝင်းအောင် ကိုတောင် ကြည်ကြည်သန်း လိုက်ရှာနေတယ်

"ဟုတ်လား .."

ကျွန်တော် အခန်းရှေ့ရောက်တော့ ဟိုကောင်တွေ ထွက်

တာနဲ့ ကြုံပါသည်။ ညီညီ အိတ်ထဲ စာအုပ်ထည့်ရင်း ပြောတေ

ကျွန်တော် မရယ်မိအောင် နေရပါသည်။ စကားများများ ပြော

များများ အမှားပါမှာစိုးတာကြောင့် မပြောဖြစ်ပါ။

"မင်း ဒီနေ့ စကားပြော နည်းလှချည်လား .. ဟား .. ဟား

ဟား .. ဟား .. အဲ့ဒါ ဝင့်ခံနေရတာ မိုးလိမ် ရေ .."

အေးသော် က ကျွန်တော့် အမူအရာကို သတိထားမိပုံနဲ့ သဘေ

အကျကြီး ကျနေပါသည်။ ကျွန်တော် စိတ်ညစ်ညစ်နဲ့ ရယ်နေတေ

ညီညီ က ပြုံးစေ့ပြုံး၊စုနဲ့ ...





"မင်း မနေနိုင်ရင် ပုံပြင်ထဲက ဟိုဘုရင်ကြီး ဖွဲ့စားတာ လူသိမှာ

ဒို့ သစ်ခေါင်းထဲ ခေါင်းထိုးထည့်ပြီး စိတ်ထွက်ပေါက်အနေနဲ့ အော်

ဆို အော်ပါလား ..၊ ကျွန်တော် တစ်ခါလောက် လိမ်မယ်ဗျို့လို့ .."

"သစ်ခေါင်းမရှိလဲ အခေါင်းတော့ ရှိပါတယ်ကွာ .. ရေဝေး သွား

ဒး .."

"မင်းဘာသာ သွား .. နှမပေးတွေ .."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ ပြောတော့ ဟိုကောင်တွေ ကျွန်

ဖြစ်ပုံကိုကြည့်ပြီး ရယ်လို့မောလို့ မဆုံး..၊ 'အေးပေါ့လေ လှောင်

ကြဦးပေါ့ ..'ကျွန်တော်လည်း စိတ်ရှိလက်ရှိ အော်မိပါသည်။

"သစ္စာ ရေ .. နင် ဘယ်လောက် ဖါ့ကို နှိပ်စက်ဦးမှာလဲ .."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ အော်တော့ ဟိုကောင်တွေက

ဘကျလို့မဆုံး ..၊ ကန်တင်းရောက်တော့ သစ္စာ တို့က ကြို

င်နေပါသည်။ သစ္စာ က မှန်တေတေ သူမျက်နှာကို ကြည့်ပြီး..

"အဲ့ဒါ ဘာဖြစ်နေတာလဲ .."

ကျွန်တော်က ခေါင်းခါတော့ အေးသော် က ...

"တစ်နေ့ကုန် မလိမ်ရတော့ စားမဝင် အိပ်မပျော် ဖြစ်နေတာ.."

www.burmeseclassic.com

www.burmeseclassic.com



သစ်သစ် နဲ့ ခက်မာ ကျွန်တော့်ကို ကြည့်ပြီး ပြုံးစိပြုံးစိပေါ့ ..။ သစ္စာ က ကျွန်တော့်ကို ပြုံးပြီး ကြည့်နေပြီး ...

"အချိန် သိပ်မကျန်တော့ပါဘူးဟယ် .. ဒီလောက်လေးတောင် နင် ခံနိုင်ရည် မရှိဘူးလား .."

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ သူမကို မကျေမနပ်နဲ့ ကြည့်ကာ..

"အေးပေါ့လေ .. လုပ်ထားဦးပေါ့ ..၊ ညနေ ပြန်လို့ကတော့ .. ဟင်း .. ဟင်း .."

"ကြိမ်ဝါးလှချည်လား ဆရာသမားရယ် .. ငါတောင် ကြောက်လာပြီ .."

ခက်မာ က စ,တော့ သစ္စာ က ရှက်ရှက်နဲ့ ခက်မာ ပေါင်ကို ဆွဲဆိတ်သည်။

"ခက်မာလေး ရယ် .. ခက်မာ ကြောက်ရမှာက ဒီမှာ အသင့်ရှိတယ်လေ .."

"အရေးထဲ နှာဘူးက တမျိုး .."

ပြောလဲပြော လက်ဆစ်က မြန်ပါ့ ..။ ညီညီ သူ့ခေါင်းကို ရှုံ့မဲ့စွာ ပွတ်မိနေပါသည်။ ဒီလိုနဲ့ အတန်းတက်လိုက် .. ပြန်လာထိုင်လိုက်နဲ့





နေ့တစ်နေ့ရဲ့ နေဝင်ချိန်ကို ရောက်လုဆဲဆဲပေါ့ ..။ အေးသော် က နာရီကို ကြည့်ကာ ...

"တဲ .. သစ္စာ .. နင် လက်နက်ချဖို့ အချိန်ရောက်ပြီ .. ခဏနေ နင် အိမ်ပြန်ရတော့မှာ .."

"ဟာ .. မနက်ဖြန်မှ .."

သစ္စာ က ရှက်ရှက်နဲ့ နေ့ရွှေ့ညရွှေ့ လုပ်နေပါသည်။ ခက်မာ က ကျွန်တော့်ခြေထောက်ကို ခုံအောက်ကနေ လှမ်းကန်ပြီး မျက်ရိပ်ပြသည်။ ကျွန်တော် ရင်တွေ တဒိတ်ဒိတ် ခုန်နေပါသည်။

"သစ္စာ .. လုပ်လေ .. ကိုယ် မအောင့်နိုင်တော့ဘူးကွာ .."

"ခွီး .."

ကျွန်တော့်စကားကြောင့် ညီညီ က မထိန်းချုပ်နိုင်စွာ တခွီးခွီး ရယ်သည်။ သစ်သစ် က ကျွန်တော့်ကို အမြင်ကပ်ဟန်နဲ့ ကြည့်ပြီး..

"နင်ဟာလေ .. ပြောပုံတိုက အရင်းမရှိ အဖျားမရှိ .."

"ကဲပါ သစ္စာ ရယ် .. ဒီကောင် ကြာရင် ရူးဖြစ်သွားလိမ့်မယ်၊ အဖြေပေးမယ့်အရေး ပေးလိုက်တော့ ..၊ ငါတို့က အကြောင်းသိနေပြီ မှုမနေနဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .."

တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြတော့ သစ္စာ မျက်နှာရဲရဲနဲ့ ကျွန်တော့်ကို မျက်လုံးလှန်ကြည့်ကာ ...

"နင် .. နောက် ဘယ်တော့မှ မလိမ်ရဘူးနော် .."

"အေးပါဟာ .. ပြောတော့နော် .."

ကျွန်တော့်လိုပဲ အားလုံးက သစ္စာ ဆီကိုပဲ အာရုံရောက်နေပါသည်။ သစ္စာ ခေါင်းကုတ်လိုက် ပြောဖို့ အားယူလိုက်ပေါ့ ..။ နောက်တော့ သူ့ကို တည့်တည့်ကြည့်ကာ ...

"ငါ .. နင့်ကို .."

အသံတွေ တိတ်ဆိတ် ငြိမ်သက်နေပါသည်။ အားလုံးရဲ့ မျှော်လင့်ချက်တွေက သူမရဲ့ နှုတ်ခမ်း အဖွင့်အပိတ်ဆီ ရင်ခုန်သံက တဒိတ်ဒိတ် ..။ နောက်ထပ် ပြောချလိုက်စမ်း သစ္စာ ..၊

"မိုးလိမ် .."

ရုတ်တရက် ဘယ်ကနေဘယ်လို ထွက်ပေါ်လာသည့် အသံကြီးက ကြားဖြတ်ဝင်လာတာကြောင့် သူတို့ တစ်အုပ်လုံး ကြောင်တောင်တောင်တွေ ဖြစ်ကုန်ပါသည်။ ကျွန်တော် လှည့်ကြည့်တော့ ရှုးရှုး





ဒိုင်းနဲ့ ကျွန်တော့်ဆီကို ဒေါသပေါက်ကွဲတဲ့ မျက်နှာကြီးနဲ့ ရောက်ချလာတဲ့ ကြည်ကြည်သန်း ..၊ ဖဝိဇ္ဇာ ဝင်းအောင် ရဲ့ ကြင်ရာတော်လောင်း ..။

"နင်နဲ့ ငါ လမ်းမှာတွေ့တော့ ဝင်းအောင် မတွေ့မိပါဘူးဆို ..၊ ဒါ့ .. မြင့်သိန်း က ပြောသွားတယ်၊ နင်နဲ့ ဒီကောင် အခန်းလွတ်ထဲမှာ အိပ်နေကြတာ သူ တွေ့တယ်တဲ့ .."

"ဟာ .. မဟုတ်ဘူး .. ငါ ပြောမယ် .."

"တောက် .."

သွားပြီ ..၊ လက်မတင်လေးကျမှ အနှောင့်အယှက်က လူရောက်ပါ ရောက်ချလာပါသည်။ သစ္စာ ရဲ့ မျက်ဝန်းက နာကျင်ကြေကွဲအာတူ မီးဟုန်းဟုန်းတောက်မတတ် ..၊ သူမ ဝုန်းခနဲ ထရပ်တော့...

"သစ္စာ ငါ ရှင်းပြရပါစေဦးဟာ .. နော် .. ပြီးမှ နင် ကြိုက်သလိုဖြတ် .."

"သွား .. ငါ့ကို ဘာမှ လာမပြောနဲ့ ..၊ နင်ဟာ လူလိမ်လူညာမြီးကောက်ကို ကျည်တောက်စွပ်သလိုပဲ .."

"မဟုတ်ဘူးလေ .. ဒေါသဖြစ်နေတာက ငါလေ ..၊ ဝင်းအောင်.."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ကြည်ကြည်သန်း ရာ .. သစ္စာ .. သစ္စာ .."

သစ္စာ က ပြေးထွက်သွားတော့ ...

"နင်ဟာလေ ဒီလောက် ပြောထားတာတောင် ..၊ ငါ လိုက်သွားမယ် .. သစ်သစ် နေခဲ့ .."

"အေး .."

ကန်တင်းထဲက သိတဲ့လူတွေရော .. မသိတဲ့လူတွေရော သူတို့ အဖြစ်အပျက်ကို စိတ်ဝင်တစား ကြည့်နေပါသည်။ ဟိုဘက်ဝိုင်းက ငွေမြင့်လွင် အုပ်စု သူတို့ဝိုင်းကို ကူးလာပြီး ...

"မိုးလိမ် .., ဘာဖြစ်ကြတာလဲ .."

ကျွန်တော့်ရင်ထဲက အပူတွေကို သက်ပြင်းကြီးကြီးအဖြစ် ထုတ်လွှင့်လိုက်ပါသည်။

"ငါနဲ့ ဝင်းအောင် အခန်းထဲမှာ တွေ့တာ ဟုတ်တယ် .."

ကျွန်တော့် အဖြစ်အပျက် အလုံးစုံကို ကြည်ကြည်သန်း ရော ငွေမြင့်လွင် တို့အုပ်စုနဲ့ ညီညီ တို့ကို အစအဆုံး ရှင်းပြမိပါသည်။

"ဝင်းအောင် က ကြည်ကြည်သန်း ရဲ့ ဒေါသစိတ်ကို သိတယ်လေ ..၊ လူလယ်ခေါင်မှာ မထင်ရင် မထင်သလို ခေါက်ထီးနဲ့ ရိုက်နေ





ကျ အခုအဖြစ်ကလည်း နင့်ဆီက ပိုက်ဆံကို သူ ဖဲရိုက်လိုက်တာ မဟုတ်ဘူး၊ ခုနပြောသလို ရေနံချောင်းရဲ့ ကျန်းမာရေးတွက် သူ ကူညီလိုက်တာ ..၊ အဲဒါကို အေးကျော် က ဖဲဝိုင်းမှာ ဝင်းအောင် ဆီက ပိုက်ဆံချေးတာ မရတော့ တမင် အကောက်ကြံလိုက်တာ ..၊ ဝင်းအောင် မပြောနိုင်းတဲ့ကိစ္စကို ငါ ဘယ်လိုပြောရမှာလဲ ..၊ ပြီးတော့ အခုအချိန် မှာ ငါ့အတွက် ဘူးခံလိုက်တာက သစ္စာ နဲ့ ငါ့အတွက်ရော နင်နဲ့ ဝင်းအောင် နဲ့ အတွက်ပါ အကောင်းဆုံးလေ၊ ငါ ဒီကောင်တွေ အတန်းလွှတ်ချိန် သွားတော့ နင်နဲ့ လမ်းမှာတွေ့တယ်၊ နင် မေးတယ် ဝင်းအောင် ကို တွေ့မိလားတဲ့၊ ငါလဲ ဝိနည်းလွတ် တွေ့မိသလိုလို ဇဝေဇဝါပဲလို့ ..၊ ငါ မှားလား ကြည်ကြည်သန်း .. နင်ဟာ .."

ကျွန်တော် နာနာကျင်ကျင်နဲ့ နောက်ဆုံးစကားကို ပြောတော့ ကြည်ကြည်သန်း ရုက်ရည်အဝိုင်းသားနဲ့ ...

"ငါ မှားပါတယ်ဟာ .. ငါလဲ .."

"နင်ကိုက အခြေအနေ မသိ .. အလိုက်ကမ်းဆိုး မသိ ..၊ ဝင်းအောင် မို့လို့ နင့်ဒဏ် ခံနိုင်တာ .."

ငွေမြင့်လွင် တို့ အဖွဲ့ထဲက အောင်ကြီးက ကြည်ကြည်သန်း

www.burmeseclassic.com



ကို ဘယ်တုန်းထဲက ပြောချင်နေသည် မသိ ...။

"အခုတော့ ဘာ့မှမဟုတ်တဲ့ကိစ္စလေးနဲ့ ပြဿနာက မိုးမီးလောင်ပြီလေ ...၊ ငါ နင့်ကို တကယ် စိတ်ကုန်တယ် ကြည်ကြည် .."

"ဟင် .. ဝင်းအောင် .."

ဝင်းအောင် က ဘယ်တုန်းထဲက နောက်မှာ ရောက်နေသည် မသိ..၊ ဝင်းအောင် က စိတ်ပျက်ဟန်နဲ့ ကြည်ကြည်သန်း ကို ကြည့်ပြီး...

"ကဲ .. ကောင်းပါတယ် .. အခုလို ဖြစ်သွားတာလဲ ...၊ ရော့ .. မင်းဆီက ငါ ယူထားတဲ့ သုံးသောင်း .."

ဝင်းအောင် က ငွေသုံးသောင်းကို ကြည်ကြည်သန်း ရှေ့က စားပွဲပေါ် ပစ်ချပြီး ထွက်သွားတော့ ကြည်ကြည်သန်း ဘယ်သူ့မှ ဂရုမစိုက်နိုင်အောင် ရှိုက်ကြီးတငင်နဲ့ ငိုပါတော့သည်။

"ငါ မှားတာပါ .. အဲဒါ ငါ့ရဲ့ တစ်ယူသန်စိတ်တွေကြောင့် .."

"တိတ်ပါတော့ ကြည်ကြည်သန်း ရယ် .. နောက်နေ့ဆို ဝင်းအောင် စိတ်ပြန်ပြေမှာပါ .."

သစ်သစ် က အရေးထဲ ကိုယ့်ကိစ္စထက် ကြည်ကြည်သန်း ကိစ္စကို ဖြေရှင်းနေရပါသေးသည်။



"စိတ်မကောင်း မဖြစ်ပါနဲ့ မိုးတိမ် ရာ .. ငါတို့လဲ ဒီကိစ္စကို အကြောင်းစုံ သိနေတာပဲ ..၊ ငါတို့လဲ ဝင်ရှင်းပြမှာပေ့ါ .."

"အေး .. ဟုတ်တယ် .."

တစ်ယောက်တစ်ခွန်း ထောက်ခံစကား ဆိုကြတော့ ကြည်ကြည်သန်း က ရှိုက်သံနဲ့ မိုးတိမ် တို့ မရဲတရဲ ကြည့်ကာ ...

"စိတ်ချပါဟယ် .. ငါကိုယ်တိုင် သစ္စာ ကို သွားရှင်းပြမှာပါဟာ..၊ ဒါပေမယ့် ဝင်းအောင် ကို .. အမယ်လေး .. အီး ဟီး ဟီး .."

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါမိပါသည်။ သစ်သစ် က ကြည်ကြည်သန်း ကို ချော့နေရပါသည်။

"ငါတို့ ဝိုင်းပြောပေးပါ့မယ် ကြည်ကြည်သန်း ရယ် ...၊ တိတ် .. တိတ် .. နင် ငိုပုံကြီးက မလှရတဲ့အထဲ .."

ကြည်ကြည်သန်း သူ ငိုတာ မလှဘူးဆိုတော့ အငိုတိတ်သွားပါသည်။ ကျွန်တော့်ရင်ထဲက မျက်ရည်တွေက မတိတ်နိုင်သေး...၊ သစ္စာတရားတို့ တန်ဖိုးထားတဲ့ သစ္စာ ဆိုတဲ့ မိန်းကလေး ကျွန်တော့်အပေါ် ခွင့်လွှတ်နိုင်ပါ့မလား ...။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှားစွာနဲ့
သစ္စာတရားကို ရှေ့မှာထားပြီး ပြောပါမယ် ...
အလိမ်အညာတွေ လုံးပန်း
လက်ပန်းကျသူရဲ့ အဖြစ်အတွက်
ခြေဆုံးခေါင်းဆုံး အပြစ်ကို ဆေးကြော
တရားအာ ရေပြင်တော့ လိုမယ် ...၊
ဒါပေမယ့် ...
အပြော သိပ်လွယ်သလောက်
ဝုံခြေထောက်တွေက
အလိမ်အညာနောက်ကို
တကောက်ကောက် လိုက်နေတော့ ...၊



ကြား ရတဲ့ စကားတွေက ပါးကွပ်အာဏာသားက "ကဲ .. မင်း လည်စင်း..." ဆိုတဲ့ နောက်ဆုံး စကားတွေလိုပါပဲ။

"ငါနဲ့ သစ်သစ် လဲ အကြောင်းစုံ ရှင်းပြပါတယ်ဟာ .. သစ္စာ က မတုန်မလှုပ်ပဲ၊ သစ္စာ အကြောင်းလဲ နင် သိပါတယ် မိုးတိမ် ရာ ခေါင်းကြောက မာကမာနဲ့ ..၊"

"မဟုတ်ဘူးလေဟာ .. နင်တို့က သေသေချာချာ မရှင်းပြလို့ ဖြစ်မှာပါ ခက်မာ .."

ညီညီ မကျေမနပ်နဲ့ ပြောတော့ ခက်မာ က သက်ပြင်းချရင်း...

"ငါတို့ အခြေအနေ အကြောင်းစုံကို သေသေချာချာ ရှင်းပြပါ ရဲ့ဟာယ် .. ကျောင်းရောက်ရင် ကြည်ကြည်သန်း နဲ့ ဝင်းအောင် တို့ ကိုယ်တိုင် နင့်ကို လာရှင်းပြမှာလို့ ပြောထားတာ ...၊ သူတို့ကြောင့် ဖြစ်တာမို့လို့ .. အိုး .. စုံနေတာပါပဲဟာ .."

"အဲဒီတော့ သစ္စာ က ဘာပြောလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုထိ တစ်လုံးမှ ဝင်မမေး ..၊ ကျွန်တော့်သစ္စာ ရဲ့ စိတ်ကို သိနေတာကိုး ..။ အေးသော် ရဲ့ အမေးကြောင့် သစ်သစ် က အခုလို ဝင်ဖြေပေးပါသည်။

"ဘာမှကို မပြောတာ .."

"ဟာ .. ကျွတ်!..."

ညီညီ စိတ်ပျက်လက်ပျက်နဲ့ ပြောတော့ ကျွန်တော် ပထမဦးဆုံး အကြိမ်အဖြစ် စကားတစ်ခွန်း မေးမိပါသည်။

"သူ ဘာလို့ ကျောင်းမတက်တာလဲ .."

ကျွန်တော့် မေးခွန်းက ရိုးရိုးလေးပါ။ ဒါပေမယ့် ခက်မာ နဲ့ သစ်သစ် တို့ မျက်နှာ ပျက်ကုန်ကြပါသည်။ ပြီးတော့ သူတို့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပါသည်။

ဒါဟာ နိမိတ်ပုံ တစ်ခုလား ..၊

"ငါတို့ကို ချိန်းတဲ့ လက်ဖက်ရည်ဆိုင် သူ လာတယ်၊ တစ် ယောက်တည်း မဟုတ်ဘူး .. နောက် အဖော်တစ်ယောက် ပါလာ တယ်၊ ငါတို့ကို မိတ်ဆက်ပေးတယ်၊ အဲဒီလူက နင်တို့နဲ့ မတိမ်းမယိမ်း ပဲ .. လူပုံက ခပ်ဖြောင့်ဖြောင့်ပဲ ,, ကိုထက်အောင် တဲ့ ..၊ ကျောင်း



တက်တာကတော့ သူ မတက်ချင်လို့တဲ့ .. ငါတို့လဲ ဒါပဲ သိတယ်.."

"သူ့အစ်ကို ဖြစ်မှာပေါ့ .."

အေးသော် က ဖေးဖေးမမဝင်ပြောတော့ ခက်မာ က ခေါင်းခါရင်း...

"သစ္စာ က တစ်ဦးတည်းသော သမီးဟ .."

ရင်ထဲမှာ ကျဉ်ခနဲ ခံစားလိုက်ရပါတယ်။ နာကျင်ကြေကွဲဖို့ ငါ့ သုံးသားဟာ အကြောင်းဖန်လာသလား သစ္စာ ရယ် .. အေးပေါ့ သာ .. ဒီဇာတ်လမ်းကိုက ကိုယ့်သမိုင်းကိုယ် စီရင်မိတဲ့အဖြစ်ကိုဟ..။

"ချက်ချင်းကြီးတော့ ရည်းစား မရလောက်သေးပါဘူးဟာ .."

"အို .. ဘယ်ပြောရမလဲ .. အိမ်က သဘောတူထား ခဲ့သူ ဖြစ်မှာ ပေါ့ ..၊ အခု မိုးတိမ် ကို အမြင်ကပ်ကပ်နဲ့ ခေါင်းညိတ်လိုက်တာ ဖြစ် မှာပေါ့ .."

"ဟဲ့ .. ခေါင်းညိတ်ရအောင် သစ္စာ က ပုတ်သင်ညိုမှ မဟုတ် တာ ..၊ လူဟဲ့ .."

"ဩော် .. လူမို့လို့ လူလို ခေါင်းညိတ်လိုက်တာ ဖြစ်မှာပေါ့ .."

တစ်ယောက်တစ်ပေါက် ပြောဆိုနေတဲ့ စကားသံတွေက ကျွန်း တစ်ယောက်အတွက် ပြစ်ဒဏ်ကျဖို့ အမိန့်ပြန်တမ်း ဖတ်နေသလို

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ နာကျင်နေရပြီဆိုမှ နောက်ထပ် ထိုးနှက်ချက်တွေက ပတ်ဝန်းကျင် နေရာအနှံ့အပြားမှာ အလစ်ချောင်း တိုက်ခိုက်ဖို့ ချောင်းနေသလိုပါပဲ။ ကျွန်တော် ရုတ်တရက် ထွက်ခွာသွားတော့ အားလုံးက တအံ့တသြ ..၊ ညီညီ က ...

"ဟော့ကောင် ဘယ်လဲ .."

ကျွန်တော် ပြန်မဖြေပါ ..၊ အေးသော် က ညီညီ ကို လှမ်းတားပါသည်။

"လွှတ်ထားလိုက်ပါကွာ .. သူ့ဘာသာ နေပါစေ ..၊ ဒီအချိန်က တစ်ယောက်တည်း နေရတာက ပိုကောင်းမယ် ညီညီ .."

BURMESE CLASSIC

"ငါတို့လဲ ကြားထဲက စိတ်ညစ်ပါတယ်ဟာ .."

အားလုံး သူတို့နှစ်ယောက်အတွက် စိတ်မကောင်းဖြစ်ကြတာ အမှန်ပါ။ ကံကြမ္မာဆိုတာ မနက်ဖြန်နဲ့ ဒီနေ့ မတူ ..၊

ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းဆိုတဲ့ ဖဲချပ်တွေက ကံကြမ္မာလက်ထဲမှာ ..။



ကျွန်တော် သစ္စာ များ ကျောင်းတက်မလာလို့ တစ်ရက်၊ နှစ်ရက် သုံးလေးရက်အထိ စောင့်[illegible]မယ့် သူမ ကျောင်းမတက်ပါ။ ဗုန်းရှောင်နေသူနဲ့ ရှာဖွေသူဟာ ဘယ်သူက ရင်ပူအောင် ခံစားရသိမ့်မယ်လို့ ထင်မလဲ ..၊ ရှာဖွေသူက ရတက်[illegible]အေးတဲ့ အပူတွေနဲ့ ချောင်းပိတ်မိနေသူလေ ..။

"အဲဒါ ငါ့အမှားပါကွာ .."

ဝင်းအောင် လည်း သူ့ကြောင့်ဆိုပြီး နောင်တရလို့ မဆုံး ..၊ အခုဆို ကြည်ကြည်သန်း က အရင်လို မဟုတ်တော့ ..။ လူလယ်ခေါင်မှာ အရှုံးမပေးလို့ကတော့ ဝင်းအောင် မျက်နှာတစ်ချက်ကွက်မိရင် ဘာပျာသလဲလဲကို ဖြစ်လို့တဲ့လေ ..။ ကိုယ့်ကြောင့် သူတို့ အဆင်ပြေသွားသည်ဆိုတော့လည်း ဝမ်းသာစရာပေါ့လေ ..။ ဒါပေမယ့် ပေးဆပ်လိုက်ရတဲ့ တန်ဖိုးက တန်ဖိုးကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် .. ဖုန်းဆက်တော့လဲ ဖုန်းက မကိုင် ..၊ နေ့မကောင်းတာတော့ မဖြစ်နိုင်ဘူးဟ .."

"ဒီရက်ပိုင်းတော့ ကျောင်းပြန်တက်မှာပါဟာ .. စိတ်မပူပါနဲ့ .. အရေးကြီးဆုံးက သစ္စာ ကျောင်းပြန်တက်ဖို့ပဲ .."

ကျွန်တော် အဝေးကို ငေးနေမိပါသည်။ သစ်သစ် က ကျွန်တော့်ကို မသက်မသာ ကြည့်ပြီး ...

"နင် စိတ်ဓာတ်ကျနေလား မိုးတိမ် .."

သစ်သစ် စကားကြောင့် အေးသော် က စပ်ဖြီးဖြီးနဲ့ ...

"ဘာလဲ သစ္စာ မကြိုက်ရင် မိုးတိမ် ကို ကောက်သိမ်းမလို့လား.."

အေးသော် စကားကြောင့် သစ်သစ် ရှက်ရှက်နဲ့ လွယ်အိတ်နဲ့ တဘုန်းဘုန်း ရိုက်ကာ ...

"ဟဲ့ .. ပြောစရာလား ဟဲ့ .. သေနာကောင် .."

ကျွန်တော် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဒီကောင် နှောက်နေမှန်းသိတော့ ကျွန်တော် ပြုံးမိပါသည်။

"မဟုတ်ပါဘူးဟာ . မိုးတိမ် ကို မသိမ်းဘဲ ငါ့ကို သိမ်းလို့ .. ငါ ကြည်ဖြူပါတယ်လို့ ပြောမလို့ .."



"အောင်မယ် .. နင့်လိုကောင်ကိုများ .."

"ပြောလိုက် .. သစ်သစ် .. နင့်ကို ယူမယ့်အစား ခွေးကို အမြီးဖြတ်ပြီး ခွေးကိုသာ ယူမယ်လို့ .."

"အေးလေ .. အဲ .. မိန်းမ နင် ယူပါလား .."

သစ်သစ် အဟုတ်မှတ်ပြီး ပြောမိပြီးမှ သတိရကာ ခက်မာ ကို လှမ်းဆိတ်တော့ ညီညီ က ရုတ်တရက် ...

"အူ .. အူ .."

"ဟဲ့ .. အချိန်မတော်ကြီး ဘာဖြစ်တာလဲ .."

ခက်မာ စကားကြောင့် ညီညီ က ပြုံးဖြီးဖြီးနဲ့ ...

"နင်ပဲ ခွေးကို ယူမယ်ဆိုလို့ အူပြတာ .."

"ဘာ .. လာစမ်း .. လာစမ်း .."

ခက်မာ ရှက်ရှက်နဲ့ ထလာကာ ညီညီ ကို လိုက်ရိုက်ပါတော့သည်။ ပျော်စရာကောင်းတဲ့ ပုံရိပ်တွေပေမယ့် ကျွန်တော် မပျော်ပါ။ မင်းကြောင့်ပေါ့ .. သစ္စာ ရယ် ..။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအလုပ်ကိစ္စနဲ့ ကျောင်းမတက်တော့ သစ္စာ က ကျောင်းပြန်
တက်တယ် ..၊ မင်းတို့ နှစ်ယောက်ကလဲ ဘယ်လိုဖြစ်နေမှန်းကို သေ
ဘူး၊ တစ်ယောက်လာရင် တစ်ယောက် မလာရဘူးလို့ ကြိုချိန်းထား
တာ ကျနေတာပဲ .."

"ငါလဲ မနက်ဖြန် ကျောင်းပြန်တက်မှာပါကွာ .. ငါတို့ တစ်ခါ
ပြောထားတဲ့ အန်ကယ်လ်ထူး က သူ့ကုမ္ပဏီမှာ ဒိတ်အောက်နေတဲ့
ကားတွေ မော်ဒယ်လ်မြင့်တွေနဲ့ လဲမိုင်းလို့ အလုပ်ရှုပ်နေတာနဲ့ မလာ
ဖြစ်တာ .."

"ဒါဆို မင်း နိုင်နေတယ်ပေါ့ .."



ကျွန်တော် ရယ်နေပါသည်။

"ဒါဆို .. ငါနဲ့ အေးသော် ကို ဘီယာလိုက်တိုက်ကွာ .."

"သွားလေ .. အေးသော် ကို ဝင်ခေါ်လိုက်မယ် .."

"အေးအေးဆေးဆေး သောက်ရင်း စကားပြောရအောင် ..၊
အန်တော်ကြီးဘက် သွားရအောင်ကွာ .."

"သွားလေ .. ငါ့မှာ ရောင်းမယ့်သူ အပ်ထားတဲ့ကား ရှိနေတာ
ပဲ .."

"မင်းကတော့ အဆင်ပြေနေတာပဲ .. ကားလဲ ထည်လဲ စီးရ
တယ် .. ပိုက်ဆံလဲ ရတယ် .."

ကျွန်တော် ရယ်ရင်း ...

"ဒါပေမယ့် အရောင်းအဝယ်ဖြစ်ဖို့ အာပေါက်အောင် ပြောရတာ
ဘြမ်းပိုးကို လိပ်ဖြစ်အောင် ပြောရတာ မင်းတို့ မခံစားဖူးလို့ပါကွာ.."

"အေးပါ .. ဟုတ်ပါတယ် .."

ကျွန်တော် တန်းမှာချိတ်ထားတဲ့ အင်္ကျီတစ်ထည်ကို တီရှပ်
တော်ထားတဲ့အပေါ် က ကောက်စွပ်ပြီး နောက်ဖေးမှာ ချက်ပြုတ်နေ
တဲ့ အမေ့ကို လှမ်းအော်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေရေ .. ညီညီ နဲ့ အပြင်ခဏသွားလိုက်ဦးမယ် .."

"အေး .. အေး .. မိုးမချုပ်စေနဲ့နော် .."

"ကြီးကြီးရေ စောစော ပြန်ခဲ့မယ် ..၊ မနက်လေးနာရီလောက်.."

ညီညီ့ စကားကြောင့် အမေက ရယ်ပြီး "စောသေးတယ် ထင်တယ်.." လို့ လှမ်းအော်ပြောပါသည်။ အေးသော် နဲ့ ကျွန်တော်တို့အိမ်နဲ့က နှစ်လမ်းကျော်လောက် ဝေးသည်။

ညီညီ နဲ့ကတော့ တစ်လမ်းတည်း ..၊ အေးသော် ကို ခေါ်ပြီးတော့ ကျွန်တော်တို့ ကန်တော်ကြီးထဲကို ကားကို မောင်းလာခဲ့သည်။

ကန်တော်ကြီးရောက်တော့ အေးအေးဆေးဆေး သောက်လို့ကောင်းတဲ့ ဆိုင်လေးတစ်ဆိုင်မှာ ဝင်ထိုင်ပြီး ဘီယာမှာပြီး သောက်ကြပါသည်။

"မင်း မနက်ဖြန် ကျောင်းတက်မှာပါနော် .."

ညီညီ က စိတ်မချဟန်နဲ့ ပြန်မေးတော့ ...

"အေးပါဆို .."

အေးသော် က သတိရဟန်နဲ့ ...





"မိုးတိမ် .. မင်း သိပြီးပြီလား .."

"ဘာကိုလဲ .."

အေးသော် က ပြောရမှာ အားနာနေဟန် ရှိသည်။

"ဟိုလေကွာ .."

ညီညီ က စိတ်မရှည်တော့ ...

"ကဲ .. ပြောလိုက်ပါကွာ .. မနက်ဖြန်ဆိုလဲ တွေ့ရမှာပဲဟာ.."

ကျွန်တော် အေးသော် ကို မျက်မှောင်တွန့်ပြီး ကြည့်မိသည်။

"သစ္စာ ကို အပိုအကြို ပို့ပေးတဲ့သူရှိတယ်၊ ခက်မာ တို့ ပြောတဲ့ တိုထက်အောင် ဆိုတဲ့လူ .."

ကျွန်တော် နောက်ကို မှီချမိပါသည်။ အေးသော် က ဆက်ပြောပြပါသည်။

"ပုံစံတွေက ရည်းစားဖြစ်မယ် ထင်တယ်ကွ .."

"မင်းတို့ မမေးကြည့်ဘူးလား .."

ကျွန်တော် မေးကြည့်တော့ ညီညီ က ပြောသည်။

"အံ့ဩဖို့ ကောင်းတယ်ကွ .. ငါတို့ ခက်မာ တို့က ဘာဖြစ်မှန်း လဲတော့ မသိဘူး မတိုင်ပင်ရဘဲ မမေးမိကြဘူးကွ .. သစ္စာ တလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတာ လုံးဝ မပြောဘူး၊ သစ္စာ ကတော့ ငါတို့ကို ကိုထက်အောင် နဲ့ မိတ်ဆက်ပေးပါတယ် ..၊ ဒီလူကတော့ သဘောကောင်းမယ့်ပုံပဲကွ .. အမြဲတမ်း ပြုံးနေတာပဲ ..၊ သစ္စာ ကတော့ နွဲ့ဆိုးဆိုးသလိုလို ဘာလိုလိုပေါ့ကွာ .. ငါတို့ရှေ့ရောက်ရင် နည်းနည်း ငိုနေသလားလို့ ..”

ကျွန်တော် သက်ပြင်းချတာ အေးသော် က မြင်ဖြစ်အောင် မြင်လိုက်တာကြောင့် ...

“ပြောမနေနဲ့တော့ကွာ .. တွေ့လဲ ပုံမှန်အတိုင်းပဲ အရင်လိုနေပေါ့ ..”

အရင်လိုနေ ..၊

ကျွန်တော် နာနာကျင်ကျင် ပြုံးမိသည် ထင်သည်။ အခု အခြေအနေရောက်မှ အရင်လိုနေ .. ဆိုတဲ့ စကားနဲ့ ဖြစ်သမျှအားလုံးကို မျက်နှာပြောင်တိုက်ပြီး မေ့ပစ်လို့ ရကြေးလား ..။

“ဟာ!...”

ညီညီ ရဲ့ အံ့ဩပုံနဲ့ ‘ဟာ ..’ဆိုတဲ့ အာမေဍိတ်သံကြောင့် ကျွန်တော်က ...





“ဘာဖြစ်လို့လဲ ညီညီ ..”

ညီညီ က ဘာမှ မပြော ..၊ ကျွန်တော် ညီညီ ကြည့်နေရာကို လှည့်ကြည့်တော့ ကျွန်တော်တို့ ထိုင်နေတဲ့ ဆိုင်ထဲကို ဝင်လာတဲ့ သစ္စာ နဲ့ ဧပ်သန့်သန့်လူတစ်ယောက် ..၊ အေးသော် က ခပ်တိုးတိုးပြောသည်။

“အဲဒါ .. ကိုထက်အောင် ဆိုတဲ့လူလေ ..”

ကံဆိုးတယ်ပဲ ပြောပြော .. သစ္စာ က ကျွန်တော်တို့ကို မြင်သွားပါသည်။

“ဩော် .. မိုးတိမ် တို့ပါလား ..”

သစ္စာ ရဲ့ နှုတ်ဆက်စကားနဲ့ မျက်နှာပေါ်က အမူအရာတွေက ဘာမှမဖြစ်ဘူးတဲ့ လူတစ်ယောက်လို ..။ ညီညီ က ကျွန်တော့်ကို လှမ်းကြည့် အကဲခတ်သည်။ ကျွန်တော် မျက်နှာဟန်ချက် မပျက်သွားဘူးလို့ ကျွန်တော် ထင်သည်။

“လာ .. ကိုထက် ..”

သစ္စာ တို့ နှစ်ယောက်က ဝိုင်းထဲမှာ ဝင်ထိုင်တော့ စားပွဲထိုးချာတိတ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာမလဲ အစ်မ .."

သစ္စာ က ချာတိတ်ကို ပြုံးပြပြီး ...

"နောက်မှပဲ မှာမယ် မောင်လေး .. ဒီမှာ ခဏပဲ .."

သစ္စာ က ကျွန်တော့်ဘက် ပြန်လှည့်ကာ ...

"မိုးတိမ် .. နင် ဘာတွေ ရှုပ်နေတာလဲ .. ကျောင်းလဲ မတက်ဘူး .."

"ငါ အလုပ်လေး ရှိလို့ပါဟာ .."

သစ္စာ အပြုံးနဲ့ နှာခေါင်းရှုံ့သည်။ သစ္စာ ပုံစံက အရာရာကို ဖြေနိုင်ပုံ ရသည်။

"သြော် .. ဒါနဲ့ နင်နဲ့ပဲ မိတ်ဆက်ပေးဖို့ ကျန်တော့တာ .. ဒီ ကိုထက်အောင် ..၊ ကိုကို သူက သစ္စာ ရဲ့ သူငယ်ချင်း မိုးတိမ် တဲ့"

ကိုထက်အောင် က လေးလေးစားစား လက်ကမ်းပေးကာ –

"တွေ့ရတာ ဝမ်းသာပါတယ် ညီလေး .. အစ်ကို့ကို သစ္စာ တို့လို ခင်ခင်နိုင်ပါတယ် .."

"ကျွန်တော်လဲ အစ်ကို့ နည်းတူပါပဲ အစ်ကို .."

ကျွန်တော်တို့ ပြန်ထိုင်ကြပါတယ် ..။





"ဟို .. အစ်ကို တစ်ခုခု သောက်မလား .. ဒါမှမဟုတ် ဘီယာ သောက်မလား အစ်ကို .."

ကျွန်တော်တို့က ထိုင်သောက်နေတော့ အားနာတာကြောင့် အခုလို ပြောတော့ သစ္စာ က ...

"အောင်မယ် .. ငါ့ ကိုကို ကို နင်တို့လို ပျက်စီးချင်တိုင်း ပျက်စီးနေတာကို အဖော်လာညှိတာလား .."

သစ္စာ စကားကြောင့် ကျွန်တော် မျက်နှာမကောင်းမှန်းကို ကိုထက်အောင် ရိပ်မိရပါသည်။

"အစ်ကို သောက်တတ်ပါတယ်ကွာ .. ကဲ .. လုပ်ကွာ .."

ကိုထက်အောင် ပြောလဲပြော ဘေးက ဝန်ထမ်းချာတိတ်လေးကို ဖန်ခွက်တစ်လုံး ပေးဖို့ ပြောတော့ ချာတိတ်က သွားယူပေးပြီး ကိုထက်အောင် ကို ပေးသည်။ ကိုထက်အောင် က ပုလင်းထဲက ဘီယာကို ခွက်ထဲ ငှဲ့ထည့်ပြီး အားလုံး ဖန်ခွက်ချင်းတိုက်ကြသည်။

ကျွန်တော် ဘီယာကို တစ်ငုံသောက်တော့ ...

"သြော် .. နင်တို့ကို ငါနဲ့ ကိုကို တို့ပွဲအတွက် ဖိတ်စာပေးဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ ရဲ့စကားက ဘီယာလို မအေးပါ။ သစ္စာ က သူမ လက်ကိုင်အိတ်ကို ဖွင့်ပြီး ဖိတ်စာကတ်ကို ရှာသည်။

"ကျွန်ခဲ့ပြီထင်တယ် .. မနက်ဖြန်ကျမှာပဲ အားလုံးအတွက် ယူလာတော့မယ် ..၊ နင့်အတွက်ကတော့ ရှယ်သီးသန့်ပေါ့ ..၊ နော် .. မိုးတိမ် .."

ညီညီ နဲ့ အေးသော် က ကျွန်တော့်ကို မသိမသာ ကြည့်သည်။ ကျွန်တော် ပြုံးလိုက်ပေမယ့် ကျွန်တော့် အပြုံးက လတ်ဆတ်ချင်မှ လတ်ဆတ်နေပါလိမ့်မယ် ..၊ ရေခဲရိုက်ထားတဲ့ အပြုံးပေါ့ ..။

"နင် .. မနက်ဖြန် ကျောင်းတက်မှာပါနော် .."

ပြောပုံဆိုပုံ ပြုံးပုံက လှောင်သလို .. ရိသလိုပါ ..။ အေးလေ .. သူတောင် ပြုံးနိုင် ရယ်နိုင်သေးတာပဲ .. ကိုယ်က ဘာလို့ မလာရမှာလဲ ..။

အသည်းကောင်းကြောင်း ပြပါမယ် သစ္စာ ..။

"စိတ်ချ .. ဘယ်လိုဘယ်ပုံနည်းနဲ့ဖြစ်ဖြစ် ငါ မနက်ဖြန် ကျောင်းကို ရောက်အောင် လာတက်မယ် .."

စကားအနည်းငယ် တိတ်ဆိတ်သွားသည် ထင်သည်။





"ဒါနဲ့ ငါ့သီက ဘာလုပ်လဲ .."

ကိုထက်အောင် က ဧည့်ဝတ်စကားလား .. ဘာလားမသိ မေးတော့ .. ကျွန်တော် ပွဲစားလို့ ပြောမလိုပါ ..၊

ဒါပေမယ့် သစ္စာ ရဲ့ ဘာကြောင့်မှန်း မသိ ပြုံးလိုက်တဲ့ အပြုံးကြောင့် ...

"လူလိမ် .."

ကိုထက်အောင် ကျွန်တော့် စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသလို သစ္စာ ကွက်ခနဲ မျက်နှာပျက်သွားပါသည်။ ဒါကြောင့် ...

"ပွဲစား အစ်ကို .. ကားပွဲစားဆိုပါတော့ .."

ကိုထက်အောင် က အခုမှ သဘောပေါက်ကာ ရယ်သည်။ ခဏကြာတော့ သူတို့ တခြားဝိုင်း တစ်ဝိုင်း ပြောင်းသွားပါသည်။ ဒါတောင် ကိုထက်အောင် က ဆက်ထိုင်ချင်ပါသေးတယ်။ သစ္စာ က တခြားဝိုင်း ပြောင်းဖို့ အတင်း ထခိုင်းလို့ပေါ့ ..။

သူတို့ ထသွားတော့ ညီညီ က ရယ်မောရင်း သူတို့ ထိုင်နေတဲ့ ဝိုင်းဘက် တစ်ချက်ကြည့်ကာ အခုလို ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့ လူလိမ် ဆိုတဲ့ စကားတစ်ခွန်းက သိပ်ထိရောက်တယ် မိုးတိမ် ..၊ ကောင်းတယ် အဲဒီလိုပြောလိုက်မှ သစ္စာ ရျက်နှာပျက်သွားတာ .. သိပ်ကြည့်လို့ ကောင်းတယ်ကွာ .."

"အေးကွာ .. ရှုံးနေပါပြီဆိုတဲ့ လူကိုမှ အိမ်တိုင်ရာရောက် ထပ်လာနှိပ်စက်နေသလိုပဲ .. သစ္စာ ကတော့ အံ့ဩပါရဲ့ကွာ .."

"ထားပါကွာ .."

ကျွန်တော် ခပ်ပေါ့ပေါ့ ပြောတော့ ဒီကောင်တွေက သိပ် မကျေနပ်ချင် ..။ ဗျစ်တောက် ဗျစ်တောက်နဲ့ပေါ့ ..။



" ဟော .. လာပြီ .."

ခဲပုပ်ရောင် အဖိုးတန် ကားလလှလေးက သူတို့ ထိုင်နေကြတန်တင်းအနီးထိ ရောက်လာပါတယ်။ ကားရပ်တော့ ကိုထက်အောင်က ကားပေါ်က မဆင်းဘဲ ကျွန်တော်တို့အားလုံးကို လက်လှမ်းပြပါသည်။ ကျွန်တော်လဲ ညီညီ တို့ နည်းတူ လက်ပြမိပါသည်။ ကားပေါ်က သစ္စာ ဆင်းလာပြီး ခေါင်းငုံ့ကာ ကိုထက်အောင် နဲ့ ဘာတွေ ပြောနေကြသည် မသိ ..၊ ရယ်ရယ်မောမောပါပဲ ..။

"ဒီနေ့တော့ မင်းအတွက် အရှုံးလက်မှတ်ပေးပွဲ ထင်ပါရဲ့ .."

အေးသော် ပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကို ကျွန်တော်သိသည်။ မနေ့က ဒီနေ့ ဖိတ်စာပေးမယ်လို့ ပြောထားတာကြောင့် ခက်မာ တို့လဲ ဒီကိစ္စကို သိထားပါတယ်။

"မြန်နံ့စားကြီးဟယ် .. မင်္ဂလာပွဲတော့ မဖြစ်လောက်ဘူး .. စေ့စပ်ပွဲလောက်ပဲ ဖြစ်မယ်ထင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ လာနေပြီ .."

သစ္စာ ကတော့ အဖြစ်အားလုံးကို မေ့နိုင်ပုံ ရသည်။ ဘာမှ အ… အပင်မရှိသူတစ်ယောက်လို ပြုံးပြုံးရွှင်ရွှင်ပဲ .. သူတို့ ထိုင်နေတဲ့ ဝိုင်း ဆီ လျှောက်လာပါသည်။ သစ္စာ က သူ့ဘေးမှာ ဝင်ထိုင်ရင်း သူ့… ပခုံးချင်းတိုက်ကာ ...

"အံမယ် .. ကတိတည်သားပဲ .."

"ဒါ .. ကျောင်းတက်မယ်လို့ ပြောထားသားပဲ .. လိမ်နေ… လူတစ်ယောက်ရဲ့ စကားက အမြဲတမ်း အလိမ်အညာတွေပဲ ထွ… မယ်လို့ နင် ထင်နေလို့လား သစ္စာ .."

သစ္စာ က ဘာမှမပြော ပြုံးနေပါသည်။ ကျွန်တော့် စကားကြောင့် ခက်မာ တို့ မျက်နှာအပျက်ပျက်အယွင်းယွင်း ဖြစ်နေကြပါသည်။ ကျွန်တော် ဝေါက်ကွဲသွားမယ့် အခြေအနေလို့ သူတို့ ထင်ပုံရပါသည်။ သစ္စာ က သူမ အိတ်ထဲက ဖိတ်စာတွေကို ထုတ်ပြီး သူ့ကို အရင်ဦးဆုံး ပေးသည်။

"ဆက်ဆက်လာခဲ့ နော် မိုးတိမ် .."

ကျွန်တော် သက်ပြင်း ကျိတ်ချပြီး ...





"စိတ်ချပါ သစ္စာ .. ငါ ရောက်အောင်လာခဲ့မယ် .."

အားကုန်သွန်ပြီ ပြောလိုက်ရတဲ့ စကားပါ ..။ ကြာကြာနေရင် သူ့ရဲ့ ဟန်ဆောင်နိုင်မှုဟာ ကျရှုံးတော့မယ် ထင်တာကြောင့် ...

"ကဲ .. အတန်းထဲမှာ ဆုံမယ်ကွာ .."

"မင်းက ဘယ်သွားမလို့လဲ .."

"ငါ သချာက မင်းနိုင် တို့ဆီ ငှားတဲ့ကိစ္စတစ်ခု ရှိလို့ .."

"ဒါတို့ လိုက်ခဲ့ရမလား .."

"ရတယ် ညီညီ .."

ကျွန်တော် ပုံမှန်လေသံမျိုးနဲ့ ပြောပြီး ထွက်လာခဲ့ပါသည်။ နောက်က ရယ်သံလိုလို ကြားမိပါသည်။ အင်းပေါ့လေ .. နင်ကတော့ ရယ်နိုင်တဲ့သူပေါ့ သစ္စာ ရယ် ..။ အမှန်က ပါးစပ်ထဲမှာရှိတဲ့ တစ်ယောက်ယောက် နာမည်ကို ပြောလိုက်ရပေမယ့် ဘယ်မှ သွားစရာ မရှိပါ။ နောက်တော့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိတာနဲ့ ဟိုတစ်ခါ ဝင်းအောင် နဲ့ အိပ်ဖူးတဲ့ အခန်းလွတ်ရှိရာဆီ ထွက်လာခဲ့မိပါသည်။

အခန်းထဲရောက်တော့ ဟိုဘက် အခန်းထောင့်ကျကျမှာ အမ်း ညည်းစားစုံတွဲ ဘာတွေ တွတ်ထိုးနေမှန်း မသိ ..။ ကျွန်တော် စိတ်ပျက်

www.burmeseclassic.com



လက်ပျက် ထိုင်ချတော့ ...

"ဝုန်း .."

ကျွန်တော့် ခြေထောက်နဲ့တိုက်မိကာ ဘေးခုံက ခပ်တည်းတည

ထောက်ထားတဲ့ သံပြုတ်နေတဲ့ သစ်သားတန်းက ပြုတ်ကျသွားတ

ကြောင့် သမီးရည်းစားစုံတွဲက မကျေမနပ်နဲ့ လှမ်းကြည့်ပြီး မကျေ

နဲ့ တစ်ယောက်လက် တစ်ယောက်ဆွဲကာ ထွက်သွားကြပါသည်။

သြော် .. အခုထက်ထိ ကံမကောင်းပါလားလို့ တွေးမိပါသည

တစ်ယောက်ထဲ ထိုင်ရင်း ဘာလုပ်လို့ လုပ်ရမှန်း မသိတာကြော

ခုန သစ္စာ ပေးလိုက်တဲ့ ဖိတ်စာကတ်ကို ဆွဲထုတ်ပြီး ဖွင့်ကြည့်တော့

"ဟင်!..."

ကျွန်တော် အံ့ဩလွန်းရလွန်းလို့ ဆံပင်တွေ ထောင်သွ

မတတ်..။ ဖိတ်စာပေါ်မှာ ရိုက်ထားတဲ့ စာက ...

သစ္စာဖြူ ရဲ့ အသက်နှစ်ဆယ်ပြည့် မွေးနေ့ဆိုပါလား ..၊ ဘာ

ဘယ်လိုဖြစ်သွားမှန်းမသိတော့ ..။ အဲဒီအချိန်မှာ ရယ်သံတွေ အလို

သည်းလိုက်၊ ရယ်သံတွေ.. ကျွန်တော်ကြည့်တော့ အခန်းထဲကို ဦးဆော

ဝင်လာသူက သစ္စာဖြူ..၊ နောက်မှာ ပါနဲ့တဲ့သူတွေ သစ္စာ က ကျွန်တေ



ပြုံးကြည့်နေသည်။ ခက်မာ က မျက်ရည်တွေတောင်စို့လို့ ..။

"သြော် .. မိုးတိမ် ရယ် .. နင်ဟာယ် ဟန်တောင် မဆောင်နိုင်

.. ထွက်ပြေးတာ တန်းနေတာပဲ .."

"အေးကွာ .. ဣန္ဒြေလေးတောင် မဆောင်နိုင်ဘူး .."

သစ္စာ က သူ့ရှေ့က ခုံမှာ ဝင်ထိုင်းရင်း ရယ်ချင်ဟန်နဲ့...

"နင် .. ဘာဖြစ်သွားတာလဲ မိုးတိမ် .."

ကျွန်တော် ရှက်ရှက်နဲ့ ခေါင်းကုတ်ပြီး ...

"ဟိုလေ .. နင့်မင်္ဂလာဆောင် ထင်ပြီး .."

ရယ်သံတွေ ဆက်ကြားရပါသည်။ သစ္စာ က အပြုံးနဲ့ ကျွန်တော့်

မျက်စောင်းထိုးပြီး ...

"မှန်း .. ကြည်ကြည်သန်း တို့ ဝင်းအောင် တို့ ရွှေမြင့်လွင်

အုပ်စုကပါ ရှင်းပြလို့ပါနော် .."

ကျွန်တော် အဲဒီစကားရဲ့ အဓိပ္ပာယ်ကို သိလိုက်ပါပြီ။ ဒါဆို အခြေ

ကောင်းပြီပေါ့။ ကျွန်တော့် အတွေးကို သစ္စာ သတိပြုမိပုံရသည်။

"ဟော .. မဟုတ်တာရုတ်တွေ လျှောက်မတွေးနဲ့ဦးနော် .. နင့်ကို

စောင့်ကြည့်ရဦးမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. နင်ကလဲ .."

ကျွန်တော် မကျေမနပ်နဲ့ ပြောတော့ .. သူမက ဘုရှိုးရှိုးပြီး နှုတ်ခမ်းကိုက်ကာ ...

"အောင်မယ် ဘာလဲ မကျေနပ်ဘူးလား .. ဒါဆိုလဲ .."

"ဟိုးထား မယ်မင်းကြီးမ .. စောင့်ကြည့်ပါ .. လေ့လာပါ - စောင့်ရှောက်ပါ ..၊ ကျေးတော်မျိုး ကျွန်တော်မျိုး နာခံလျက်အသင့်ရှိကြောင်းပါ .."

ကျွန်တော် ရွဲ့တဲ့တဲ့ ပြောတော့ သူမက ရယ်ချင်ပုံနဲ့ ...

"ဘာလဲ .. နင်က ငါ့ကို ရွဲ့တာလား .."

"ရွဲ့တာ မဟုတ်ဘူး .. လိမ်နေတာ .."

"ဘာ!..."

"ဟို .. ဟို စောင်းနေတာ ပြောတာ .."

ကျွန်တော့် အဖြေကြောင့် ရယ်ကြပြန်ပါသည်။ ဒီတစ်ခါတော့ သူမက ချစ်စရာ မျက်စောင်းလှလှလေး ဖန်တီးပေးပါတယ်။

ကျေးဇူးပါပဲ သစ္စာ ရယ် ..၊






အချစ်စရိုးဆိုတာ

ရေနဲ့မှုန်းပြီး မီးကြားလမ်းတို့ သွားရသလိုပဲ ..

စိတ်ကောက်လိုက် .. ပြန်ချော့လိုက် ..

အမှတ်တရများစွာ ပေးလိုက် ..

အသည်းကို ဆူးနဲ့ခြစ်လိုက် ..၊

ငါ့ဝိုင်ယာရီထဲမှာလဲ

ခွေရာသီ တစ်လှည့် .. မိုးရာသီ တစ်လှည့် ..။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လိပ်စာအတိုင်း သစ္စာ တို့ခြံထဲ ချိုးဝင်ပြီး ကား၏ ကားပါကင်မှာ ထိုးရပ်ကာ ဆင်းတော့ ညီညီ က ကြီးမားခမ်းနားလှတဲ့ ခြံထဲမှာ ခင်းကျင်းထားတဲ့ မွေးနေ့ပွဲကို ကြည့်ကာ ...

"ဟ .. သစ္စာ တို့က တော်တော် ချမ်းသာတာပဲ .."

"အေးကွာ .. ကိုယ့်ကိုယ်ကိုယ်တောင် နည်းနည်း သိမ်ငယ်သွား သလိုပဲ .."

ညီညီ နဲ့ အေးသော် စကားကြောင့် ရယ်သည်။ ကျွန်တော် မွေးနေ့လက်ဆောင်ထုပ် ပါဆယ်ကို အဝင်ဝမှာ ထားခဲ့ပါတယ်။

"လာဟေ့ .. မိုးတိမ် .."၊

ကိုထက်အောင် က ကျွန်တော်တို့ မြင်ကာ အားရဝမ်းသာ လျှောက်လာရင်း လှမ်းပြောသည်။

"ဟေ့ကောင် .. မင်း ပြောတော့ မအားဘူး ဆို .."





ကျွန်တော့်ကို တစ်ယောက်ယောက်က နောက်ကနေ လှမ်းပုတ် လိုက်တာကြောင့် အောင်သော် ..၊ ကျွန်တော်လည်း အံ့ဩသွား သလို ကိုထက်အောင် ကလဲ နားမလည်နိုင်ပုံပေါ့။

"ဒါဆို ဒီမွေးနေ့ရှင် က .."

"ဟုတ်တယ်လေ .. အန်ကယ်ထူး ရဲ့ တစ်ဦးတည်းသော သမီး သစ္စာဖြူ ရဲ့ မွေးနေ့လေ ..၊ မင်းကလဲ ကြောင်တောင်တောင်နဲ့ .. ဟိုမှာ အန်ကယ်ထူး မင်းကို လှမ်းခေါ်နေတယ် .."

အန်ကယ်ထူး က သစ္စာ ကို ပခုံးပေါ် လက်တင်ကာ ဖက်ထား ရင်း လှမ်းခေါ်ပါသည်။ သစ္စာ လဲ ကြောင်တောင်တောင်ပေါ့။ ကိုထက် အောင် က ကျွန်တော်နဲ့အတူ လျှောက်ရင်း အူကြောင်ကြောင်နဲ့ ...

"ဘာတွေ ဘယ်လို ဖြစ်ကုန်တာလဲ .."

ကျွန်တော်လဲ ရယ်ပြီး ပခုံးပဲ တွန့်ပြလိုက်ပါတယ်။ ရှင်းပြနေရင် ဇာတ်လမ်းက အရှည်ကြီးလေ ..။

"လာ .. မိုးတိမ် မင်း ပြောတော့ သွားစရာရှိလို့ဆို ..၊ သမီး .. ဒါ ဖေဖေ့ မိတ်ဆွေ မောင်မိုးတိမ် တဲ့ .."

သစ္စာ က ဟက်ဟက်ပက်ပက် ရယ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးတိမ် က သမီးနဲ့ သူငယ်ချင်း ဖေဖေရဲ့ .."

"ဟော .. ဟုတ်လား ကောင်းကွာ ..၊ ဒါဆိုရင် မင်းက ငါ ဖိတ်တာ မလာဘဲ ငါ့သမီး ဖိတ်တာတော့ လာတယ်ပေါ့ .."

အန်ကယ်က မကျေမနပ်နဲ့ပြောတော့ ကျွန်တော် ရယ်ကျဲကျဲနဲ့ ..

"မဟုတ်ပါဘူး အန်ကယ် .. သစ္စာ မွေးနေ့မှာ အန်ကယ် ဖိတ်တာ ရောက်အောင် လာခဲ့တာပါ .."

"မင်းကတော့ မျောက်ကို မန်းကီးဖြစ်အောင် ပြောတတ်ပါ့ကွာ.. ဟော့ကောင်လေး မင်းရဲ့ ဦးကျော် တို့ အဖွဲ့တောင် ရုံးကအဖွဲ့တွေနဲ့ ဟိုဘက်ထောင့်မှာ မူးနေလေရဲ့ .."

"ဟ .. ဆော်လှချည်လား အန်ကယ်ရဲ့ .."

အန်ကယ်တ မျက်နှာရှုံ့မဲ့ပြီး ...

"ပွဲစထဲက မူးနေတာ .. ငါလဲ တမင်လွှတ်ထားပေးလိုက်တာ.. ကဲကဲ.. ပြီးမှ ငါလာခဲ့မယ်၊ ထက်အောင် မင်းပဲ ဧည့်ခံထားလိုက်ကွာ.."

"ဟုတ်ကဲ့ .. လေးလေး ..၊ လာကြကွာ .."

"ခဏနော် မိုးတိမ် .."

"အေးပါ .. သွားပါ သစ္စာ .."



သစ္စာ က အန်ကယ်နဲ့ အတူပါသွားပါတယ်။ ကျွန်တော်က ကိုထက်အောင် နဲ့အတူ စုန ညီညီ တို့ ဝိုင်းကို သွားပါတယ်။ လမ်းမှာ ခိုင်ရွှေ နဲ့ တွေ့တော့ ...

"ဟော့ကောင် .. ငါတို့ဆီ လာခဲ့ဦးလေကွာ .."

"အေးဝါ သူငယ်ချင်းတွေ ပါလာလို့.. ဦးကျော်ကြီး မူးနေပြီဆို.."

"အေးကွာ .. မူးမူးနဲ့ ကတာ ကွေးနေတာပဲ .."

ကျွန်တော် ညီညီ တို့ ဝိုင်း ရောက်တော့ ...

"လုပ်စမ်းပါဦး မင်းက ဘယ်လိုက ဘယ်လို .."

ကိုထက်အောင် ကလဲ ကျွန်တော်နဲ့ အန်ကယ်ရဲ့ ဆက်သွယ်မှု ကို သိချင်နေပုံ ရပါသည်။

"အန်ကယ့်ကို ငါတို့ဝိုင်းထဲမှာ နေဖော်ထက် ဆိုတဲ့ကောင်က အမဲဖျက်သမားလို လိုးမလို့က စရမှာပဲ .."

ကျွန်တော် ဇာတ်ကြောင်းစုံ ခင်းပြတော့ ကိုထက်အောင် က..

"ဪ .. လေးလေး ပြောတဲ့ သူ့ကို ကူညီတဲ့ ချာတိတ်က မင်းကို ..၊ ဟုတ်လား မိုးတိမ် .."

ကျွန်တော် ခေါင်းညိတ်ပြတော့ ကိုထက်အောင် ဟာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. သစ္စာ သိရင်တော့ အံ့ဩမှာပဲ ..၊ ဒါပေါ့ကွာ ယောက္ခမနဲ့ သမက်က အဆင်ပြေနေတော့ ငါတို့ ကြားက အစ်ကိုဝမ်းကွဲတွေက ဘေးရောက်သွားတာပေါ့ .."

"ဟာဗျာ .. ကိုထက်အောင် ကလဲ .."

ကျွန်တော် ခပ်ရှက်ရှက်နဲ့ ပြောတော့ ...

"အခုမှ ဟာဗျာတွေ .. ဟဲ့ဗျာတွေ မလုပ်နဲ့ ဟေ့ကောင် .. ငါ့ကို သစ္စာ က ဘုမသိဘမသိနဲ့ အသုံးချပြီး မင်း သဝန်တိုအောင် ခိုင်းတုန်းကတော့ .. မင်းပုံစံက ရိုက်သတ်ခါနီး ကြက်ကြီး .. ငှက်တုပ်ကွေးမိနေသလိုလို ..၊ စားရမှာလဲ အခက် .. မင်းနဲ့ သစ္စာ က ငါ့ကို ဦးနှောက်ခြောက်အောင် အတော်လုပ်တဲ့ကောင်တွေ .."

ကိုထက်အောင် က မကျေမနပ်ပြောတော့ အေးသော် က အဆင်းမှာ ချော်ဆီ သုတ်ပေးပြန်ပါသည်။

"ဟုတ်တယ် ကိုထက် ရေ .. အခုတော့ ကျွန်တော်တို့ ကြားပွဲစားတွေ မလိုတော့ဘူးပေါ့ဗျ .."

"တော်ကြပါတော့ကွာ .. ကြားသွားပါဦးမယ် .."

"မင်း အဘိုးကြီးကို ပိုင်ပါတယ် မိုးတိမ် ရာ .."





ကိုထက်အောင် က တကယ့် လူပျော်တစ်ယောက် ..၊ ပြီးတော့ ရန်ကုန်မှာ တာဝန်နဲ့ ပြောင်းလာတဲ့ ရဲအရာရှိတစ်ဦး ..။

"ဟဲ့ .. နင်က ငါ့အဖေနဲ့ သိတယ်ဆို .."

ကျွန်တော့် ပခုံးကို ပုတ်ပြီး ရောက်လာတာက သစ္စာ .. ခက်မာနဲ့ သစ်သစ် ..။

"အေးပေါ့ဟာ .. နင့်အဖေက လာမိတ်ဆက်တော့လဲ ငါ အားနာနာနဲ့ .."

"ဘာကွ!..."

ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် လှည့်ကြည့်တော့ အန်ကယ်ထူး .. ကိုထက်အောင် တို့က တခွီးခွီး ..။ သစ္စာ က ကောင်းတယ်လို့ ပြောပါသည်။ သူ ကမန်းကတမ်း လက်အုပ်လေးချီကာ ...

"ဟဲ .. ဟဲ .. ကန်တော့ ကန်တော့ .. အန်ကယ် .."

"ကန်တော့မနေနဲ့.. မင်းရှေ့က ခွက်လေး ငါ့ဘက်တိုးလိုက်စမ်း"

"ဟာ .. ရတာပေါ့ .."

အန်ကယ်နဲ့ သူနဲ့က အကြောင်းသိနေတော့ အဲဒီလို နောက်ပြောင်နေကြ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ငါ့သမီးရဲ့နှစ်နှစ်ဆယ် လောကထဲကို ရောက်တဲ့အတွက်.."

အားလုံး ဖန်ခွက်တွေ မြှောက်လိုက်ကြပါသည်။ ခဏနေတော့ ကိတ်မုန့် မီးမှုတ်ဖို့ ကျွန်တော့်ကို လာခေါ်ပါသည်။ ကောင်လေးတွေ က ကွက်ကြည့် ကွက်ကြည့်ပေါ့။ အားကျတာလား ဘာလား မသိ.. ဒါတောင် ဦးကျော်ကြီး က မှုံမှုံနဲ့ အနံကယ်ထူး ကို တိုးတိုးပြောပါသည်။

"အေ.. အစ်ကိုကြီးကလဲ.. မွေးနေ့ကိတ် လုပ်မယ့်အစား ကြာဆံ သုပ်လေး .. ခေါက်ဆွဲသုပ်လေး လုပ်ရတယ်..၊ လက်နဲ့ နယ်ပြီး တင်း ယောက်တစ်လုတ် စပ်စပ်လေး ခွံ့လိုက် .. ပြီးရော .."

"အေး .. မင်း အသုဘကျမှ လုပ်မယ် .."

ဦးကျော်ကြီး က တဟားဟား ..၊

ချစ်သူကျွေးတဲ့ ကိတ်မုန့်တစ်ဖွန်းက ဦးကျော်ကြီး ပြောသလို မဟုတ်ပါ ..၊ ချိုမြိန်ပါတယ် ..။

ဟက်ပီးဘတ်ဒေးပါ ချစ်တဲ့ သစ္စာ ..၊





"ငါ နင့်ကို မယုံဘူး .."

"ယုံပါ သစ္စာ ရယ် .. ငါ နင်ယုံအောင် ဘယ်လို လုပ်ပြရမလဲ..၊ တင်းမြီးကောက် ထောင်ပြရမလား ..၊ ဒါမှမဟုတ်ရင် သစ်ပင်ပေါ် မျောက်လို တက်ပြရမလား .."

"နင်နော် .. စကားအကောင်း ပြောနေရင် ဖောက်ပြီ ..၊ အဲဒါ ကြောင့် နင့်ကို ကြည့်မရတာ .. နင် လိမ်ရော လိမ်သေးလား .."

ဒီဟာမလေးနဲ့တော့ ခက်ပြီ ..၊ စာအုပ်သမားကြီး ပုံသေသမား မသစ္စာ ရေ ..။

"ငါ့အလုပ်က ပွဲစားအလုပ် သစ္စာ ..၊ အမှန်အတိုင်းပြောနေရ တယ်ဆိုပေမယ့် အလိမ်အညာက ထမင်းစား ရေသောက်သောက် တော့ ပြောရတာပဲ ..၊ ငါ ဘုရားကို ခွဲထည့်တာ မဟုတ်ဘူးနော် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကတောင် ပြောသေးတယ် .. လူတစ်ဦးဟာ ချမြင်တာ တွေ့တာ .. သိတာ.. ကြားတာတွေကို မြင်တဲ့အတိုင်း .. ကြားတဲ့ အတိုင်း .. သိတဲ့အတိုင်း အမြဲပြောရမယ် .. ဒီလိုပြောခြင်းဟာ အပြစ် မရှိတဲ့ ပြောဆိုမှုမျိုး ဖြစ်တယ်လို့ တထစ်ချ မှတ်ယူမထားသင့်ပါဘူး– အခြေအနေကိုကြည့်ပြီး ပြောသင့်မှ ပြောရမယ်လို့ ဆိုပါတယ် – မြင်တဲ့အတိုင်း ပြောလို့ ကုသိုလ်တွေဖြစ်မယ်..၊ အကျိုးရှိတာတွေ ဖြစ်မယ်ဆိုရင် ပြောရမှာပဲ ..၊ ဒါပေမယ့် ပြောလိုက်လို့ အကုသိုလ်တွေ ဖြစ်မယ် .. အကျိုးမဲ့တာတွေ ဖြစ်မယ်ဆိုရင်တော့ မပြောဘဲနေရမှာပဲ– အခြေအနေကို ကြည့်ပြီး ပြောသင့်ရင် ပြောပြီး မပြောသင့်ရင် မပြောဘဲ နေရမယ်လို့ ဆိုပါတယ် ..၊ အဲဒီစကားက ဆရာ နန္ဒသိန်းဇံ ရဲ့ မှန်သောစကားကိုဆိုခြင်း စာအုပ်မှာ ဖတ်ဖူးတယ် ..၊ ဝင်းအောင် တို့ ပြဿနာလိုပေါ့ .. သူ့အတွက်လဲ အကျိုးမယုတ်ဘူး ငါ့အတွက်လဲ အကျိုးမယုတ်ဘူးဆိုရင် လိမ်ညာသင့်ရင် ညာရမှာပဲ လောကကြီးထဲ မှာ ရဟန်းသံဃာတွေကလွဲရင် ဝုထုဇဉ် အားလုံးဟာ အလိမ်အညာနဲ့ မကင်းကြဘူး သမ္မာ ..”

“နင် အပြောကတော့ ကောင်းပါ့ ..၊ အဲဒါကြောင့် နင် ပွဲစားဖြစ်

နေတာ ..”

“ကဲ .. အဲဒါတွေ ထားပါ .. ငါ့ကို အဖြေပေးပါတော့ ..”

သူမက ကျွန်တော့် စကားကြောင့် နှုတ်ခမ်းစူတူတူနဲ့ ...

“စောင့်ကြည့်ဦးမယ် ဆိုမှပဲ ..”

“နောက်မှ မှန်ပြောင်းတစ်လက် ဝယ်ပြီး စောင့်ကြည့် .. လုပ်ဟာ အဖြေပေးဟာ ..”

“ဟဲ့ .. နင် ဒီနေ့ ဘာဖြစ်လာတာလဲ ..”

“မသိဘူး .. ကိုထက်အောင် က မင်း ပျော့ညံ့ ပျော့ညံ့ လုပ်မနေ နဲ့တဲ့ အဲဒီကောင်မလေးကို မားပြတိုက်သလို အဖြေတောင်း တဲ့ ..”

“အောင်မယ် .. အောင်မယ် .. အစ်ကိုဖြစ်ပြီးဝေ–့ ..”

ကိုထက်အောင် ပြောတာက နည်းနည်းပါ။ ကျွန်တော်က ပိုပို သာသာလေး ပြောလိုက်မိပါသည်။ အကျင့်က မပျောက်နိုင်ဘူးလေ..။

“တွေ့မယ်.. အိမ်ကျလို့ကတော့ ဖေဖေနဲ့ကို တိုင်ပြောမယ် ..”

အန်ကယ်ဆိုတော့ ကျွန်တော် လန့်သွားပါသည်။ စတာနောက် တာ ရှိပေမယ့် သမီးနဲ့ ကိစ္စကတော့ မနောက်ရဲ ..၊

“မရဘူး .. တိုင်မှာပဲ၊ နင့်ကိုပါ တိုင်မယ် .. ဖေဖေလို့ ဖေဖေ့





www.burmeseclassic.com

www.burmeseclassic.com



ကောင်က သမီးကို ရည်းစားစကား ပြောတယ်လို့ .. ကိုကိုပါ ပါတယ်လို့ တိုင်ကို တိုင်မှာ ..”

“ဟာ .. ပြဿနာပဲ .. မတိုင်ပါနဲ့ဟာ မုန့်ဝယ်ကျွေးဆို ဝယ်ကျွေးပါမယ် ..”

“မစားဘူး .. တိုင်ပဲ တိုင်မှာ ..”

သစ္စာ ပုံစံက တကယ်လုပ်မယ့် ရုပ်ပါ။

“ဒီစုံတွဲ ဘာတွေ ဖြစ်နေကြတာလဲ ..”

“အမဲရိုးတစ်ချောင်း အဝေမတည့်လို့ ဖြစ်မှာပေါ့ကွာ ..”

“ဘာပြောတယ် ညီညီ .. နင်က ငါ့ကို ခွေးနဲ့ နှိုင်းတာပေါ့ ..”

“ဟင့်အင်း .. မဟုတ်ပါဘူး Dog ခေါ်လို့ ပြောတာပါ ..”

“ခွေးစုတ် သိမယ် ..”

သစ္စာ ထိုးနဲ့ လိုက်ရိုက်တော့ ညီညီ ဝိုင်းကို ပတ်ပြေးနေပါသည်။ အေးသော် က မေးပါတယ်။

“ခုန .. တိုင်မယ် တောမယ်နဲ့ ဘာတွေဖြစ်နေတာလဲ ..”

ကျွန်တော်လည်း ခေါင်းကုတ်မိရင်း ...

“ငါ ရည်းစား စကားလေး ခဏ ပြောမိပါတယ်ကွာ .. အဲဒါ သူ့





အဖေကို တိုင်မယ် လုပ်နေတယ် ..”

ကျွန်တော် ပြောတဲ့ စကားကို ခက်မာ က ကြားတော့ ...

“ဟဲ့ .. ဟုတ်လား .. သစ္စာ ..”

သစ္စာ က ညီညီ့ ကို မကျေမနပ်နဲ့ ကြည့်ကာ ပြန်ထိုင်ပြီး ...

“တိုင်ကို တိုင်မှာ .. ကိုကို့ ကိုပါ တိုင်မှာ ..”

“ဘာဖြစ်လို့လဲ ..”

“သူကပါ .. ငါ့ကို ရည်းစားစကား ပြောဖြစ်အောင်ကို မြှောက်ပေးတာကို .. သူ့ ညီမ မဟုတ်တာ ကျနေတာပဲ ..”

သစ္စာ ပြောပုံကြောင့် တဟားဟားရယ်ကြပါသည်။ နောက်တော့ သစ္စာ က စိတ်ကောက်ပြီး ခက်မာ တို့နဲ့ စကား လှည့်ပြောနေပါသည်။ ကျွန်တော် ညီညီ့ ကို တိုးတိုးမေးမိပါသည်။

“ဒီကောင်မလေး တကယ်တိုင်နိုင်လား .. ညီညီ ..”

ညီညီ ကလဲ အားပေးပါသည်။

“သိပ်သေချာတာပေါ့ .. သူငယ်ချင်းရာ ..၊ ဒီကောင်မလေးမှ လိမ်မပြောတတ်တာ ..”

“ဟိုက် .. ကျိုင်ပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုယ့်နဖူး ကိုယ် ရိုက်မိပြီး လက်ဖြန့်အချမှာ ဘေးက ခက်မာ ရဲ့ ခါးကို တို့မိသလို ဖြစ်သွားပါသည်။

"ဟဲ့ .. ကိုထက် .. ညမှ ဖုန်းဆက် .."

ခက်မာ ရဲ့ယောင်ပုံကြီးက တစ်မျိုးကြီးကြောင့် အားလုံး ကြောင်တောင်တောင် ဖြစ်သွားပါသည်။ အားလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ကြလို့ပေါ့။ ခက်မာ ကိုယ်တိုင်လဲ ကျားရှေ့ရောက်တဲ့ ယုန် သူငယ်လို ဟိုကြည့်ဒီကြည့်ပေါ့။ ပထမဦးဆုံး သတိဝင်လာ သူက သစ္စာ ..။

"ခွေးမ .. နင်နဲ့ ငါ့အစ်ကို ဖြစ်နေကြတယ် မဟုတ်လား .."

ခက်မာ အကြောက်အလန့် ငြင်းရှာပါသည်။

"ဟင့်အင်း .. မဟုတ်ဘူး။ တစ်နေ့ကမှ အဖြေပေးတာ .."

ခက်မာ ပြောပုံကြောင့် တဝါးဝါး ရယ်လို့မဆုံး ..၊ ခက်မာ နောက်မှ သတိရကာ ...

"ဟယ်တော့ .. ပြောမိပြီ .. ငါ့နှယ် သေသာ သေလိုက်ချင်တာ ပါပဲ .."

"ယောက်မရယ် .. ခသေပါနဲ့ဦး ပွဲကြည့်ပါဦး .."





သစ္စာ က ခက်မာ ကို သိုင်းဖက်ကာ စ,သည်။

"ငါ ထင်တော့ ထင်သားဟ ..၊ ကိုကို တစ်နေ့က အပြင်ထွက်ဖို့ မိုးစမိုးနဲ့ မဆွတ်စဖူး ရေမွှေးတွေ ဘာတွေ ဆွတ်လို့ ..၊ ပြီးတော့ ဆေိမဆိုင် 'သစ္စာ .. ခက်မာ ဘာပြောသေးလဲတဲ့ ..' ငါကတော့ ဒီပြင် ဟိစ္စထင်ပြီး ဘာမှ မပြောဘူး .. လွယ်လွယ်ပဲ ပြောလိုက်တာပေါ့ ..၊ ခွေးမ .. ငါတို့ နောက်ကွယ်မှာ ကျိတ်လုပ်နေကြတယ်ပေါ့ .."

သစ္စာ စကားကြောင့် အေးသော် က ...

"ခက်မာ ရေ .. အူသာ အူလိုက်တော့ .."

"သေနာ .. နင် အူပါလား .."

အေးသော် ဆိုတဲ့ ကောင်ကလဲ အရှက်ရှိတဲ့ကောင် မဟုတ်တော့ ...

"ကဲ .. ချစ်ချစ် ရေ .. အတူတူ ပြိုင်အူလိုက်ကြစို့ .."

"ဘာ .. ခွေးကောင် .. ကဲဟဲ့ယ် .."

သစ်သစ် ရဲ့ လက်ဖဝါးက အေးသော် ကျောကို အုန်းခနဲပါ ပြောသာပြောတာဝါ သူတို့နှစ်ယောက်ကလဲ ချိတ်တိတ်တိတ်။

ကျောင်းဆင်းလို့ အိမ်ပြန်ခါနီး ရောက်တော့ သူ မယောင်မလည်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သစ္စာ အနား ကပ်တော့ ...

"သစ္စာ .."

"ဘာတုန်း .."

သစ္စာ က ဘုကျကျ ပြန်ဖြေသည်။

"အန်ကယ့်ကို သွားမပြောနဲ့နော် .."

"ပြောမှာပဲ .."

"မပြောပါနဲ့ဟာ .."

"ပြောပါမယ် ဆို .."

ဒီရုလာက်တောင် သိပ်ပြောချင်နေတဲ့ သစ္စာ ပုံစံကြောင့် ...

"ဘာဖြစ်ဖြစ် ပြောမှာလား .."

"ပြောမှာပဲ .."

"ငါ .. နင့်ကို မွှေးမွှေး ပေးရင်ရော .."

"ပြောမှာပဲ .. ဟင်!... ဟောနာ ချွေးအစုတ်ပလုပ် .."

သူမ ရှက်ရှက်နဲ့ ကျွန်တော့် ကျောကို ထုပါတော့သည်။ ဟို ကောင်တွေက တဟားဟားနဲ့ ပွဲကျနေပါသည်။ ကျွန်တော် အိမ်ပြန် ရောက်လို့ ရေမိုးချိုးပြီးတော့ ညီညီ တို့ကို စောင့်နေတုန်း ဖုန်းလာပါ



သည်။

"သားရေ .."

"ဟုတ်ကဲ့ .. သား ကိုင်လိုက်ပြီ မေမေ .."

မေမေက မကြားဘူး အထင်နဲ့ လှမ်းပြောတာကြောင့် ကျွန်တော် နားကို သွားယူကာ ဖုန်းနားထောင်တော့ ...

"ဟော့ကောင် .. မိုးတိမ် .."

တစ်ဖက်က ဒေါသသံနဲ့ အန်ကယ်ထူး ရဲ့အသံကြောင့် ကျွန် တော့်ခေါင်းတော့ ဆင်နင်းပြီလို့ တွေးမိလိုက်ပါသည်။ ချွေးမ .. မပြော နဲ့ ဆို သွားပြောလိုက်ပြီ ထင်သည်။

"မင်းကွာ .. အနည်းဆုံး ငါ့မျက်နှာတော့ ထောက်သင့်တာပေါ့."

"မဟုတ်ဘူး အန်ကယ် .. ကျွန်တော် သူ့ကို မလိမ်မညာ အမှန် အတိုင်း ပြောတာပါ .."

"အဲဒါ ပြောစရာလားကွ .. ပြောမယ်ဆိုရင်လဲ မင်းတို့ အချင်းချင်း ပြောကြပေါ့ .. ငါ့ ဆွဲထည့်စရာလား .."

"ကျွန်တော် ဆွဲမထည့်ပါဘူး .. အန်ကယ်ရယ် ..၊ ဘုရားစူး .. သူ့ဘာသာသူ ဆွဲထည့်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ .. ငါ အတော် စိတ်ဆိုးတယ် .."

"စိတ်မဆိုးပါနဲ့ အန်ကယ်ရယ် .. အန်ကယ့်သမီးကိုက မပြောပါနဲ့ ဆို .."

"ဟော့ကောင် .. မင်း ဘာတွေ ပြောနေတာလဲ .."

အန်ကယ် ဦးစက်ထူး ကမန်းကတမ်း လှမ်းပြောတော့ သူလဲ သတိဝင်ကာ ...

"အန်ကယ်ကရော ဘာပြောတာလဲ .."

"မင်း .. ဟိုတစ်လောက ချိန်းပေးလိုက်တဲ့ ကားက မင်း အမြတ် တပြားမှ မယူဘူးဆို .. ကျော်ကြီး ငါ့ကို ပြောတာ .."

ဟာ .. ပြဿနာပဲလို့ တွေးမိကာ .. ဘယ်ရမှာလဲ အမြဲ လိမ်နေကျကောင် ဆိုတော့ ...

"ဟုတ်တယ် အန်ကယ် .. အဲဒီအကြောင်းကို သစ္စာ ဘယ်လိုက ဘယ်လို ကြားသွားလဲ မသိဘူး ...၊ အန်ကယ့်ကို လုံးလုံး မပြောပါနဲ့လို့ သေချာမှာထားတာ .."

"ဟ .. အခုပြောတာက ကျော်ကြီး ပြောတာလေ .."

"ဟုတ် .. ဟုတ်ပါတယ် .. သစ္စာ များ ပြောသလားလို့ .."



တစ်ဖက်က အန်ကယ်ထူး က အံကြိတ်သံနဲ့ ...

"ဟင်း .. ဟင်း .. မဟုတ်သေးဘူး နော် .."

"ဟုတ်ပါတယ် အန်ကယ်ရယ် .."

"ငါနော် .. ငါ ထက်အောင် ဆီက ကြားထားတဲ့ သတင်း ငါ သိတဲ့အကြောင်း မင်းတို့ကို ဘယ်တော့မှ မပြောဘူး .."

"ဗျာ!..."

ကျွန်တော် ကြောင်တောင်တောင်နဲ့ ပါးစပ်အဟောင်းသားနဲ့ ဖုန်းကို ကိုင်လို့ပေါ့ ...၊ တစ်ဖက်က ဖုန်းချသွားပါသည်။

"ဟော့ကောင် .. ဘာဖြစ်နေတာလဲ .."

ကျွန်တော် ဖုန်းကို ပြန်ပိတ်ကာ အိတ်ထောင်ထဲ ထည့်ပြီး ...

"ဟို ခွေးမ ငါ့ကို ကာလိမ်ကကျစ် လုပ်သွားတယ် ...၊ သူ လိမ်တာကျတော့ ကြိုက်တယ် .. တောက် .."

"ဘာဖြစ်လို့လဲ .."

ကျွန်တော်နဲ့ အန်ကယ် .. ခုန ဖုန်းဆက်တဲ့ကိစ္စ ညီညီ့ကို ပြောပြတော့ ညီညီ ခွက်ထိုးခွက်လန် ရယ်သည်။ ကျွန်တော် မျက်မှောင်ကြုတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အန်ကယ်က ဝါ့ကို ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ .."

ကျွန်တော့် စကားကြောင့် ညီညီ က တဟားဟား ရယ်ပြီး ...

"ညံ့ပါ့ မိုးတိမ် ရယ် .. သူ သိတယ် .. သူ သဘောတူတယ်ဆိုတဲ့ အကြောင်း မင်းကို ပညာသားပါပါနဲ့ အန်ကယ်က ပြောလိုက်တာ.."

ကျွန်တော် ဝမ်းသာအားရနဲ့ ...

"မင်း တကယ် ပြောနေတာလား .."

"ဩော် .. ညီညီ ပါကွာ .. ပညာမရှိဝေမယ့် အသိတော့ ရှိပါတယ် ..၊ ကဲ ကိုထက်အောင် ကို ဖုန်းဆက်လိုက် .. ပြီးရင် အေးသော် ကို ဝင်ခေါ်မယ်၊ မင်းနဲ့ ကိုထက်အောင် ဒီညနေ ဝါတို့ကို ပြုစုရမယ်.. ဒီလူကြီးလဲ တွေ့ချင်ယ် .."

ကျွန်တော့် ရင်ထဲမှာ အပျော်တွေ ထိန်လင်း နဲ့ ယိမ်းနေပါသည်။



ကျွန်တော် အန်ကယ်ရှေး ပြောတဲ့စကားကို ဆိုင်ရောက်လို့ ပြောပြတော့ ကိုထက်အောင် ရယ်လိုက်တာမှ ဘီယာတောင် သီးတော့တယ် ..၊

"လေးလေးက အဲဒီအတိုင်းပဲကွ ..၊ သူ ကျေနပ်တာတောင် နည်းနည်းတော့ ကလိလိုက်ရမှ နေသာထိုင်သာ ရှိတာ .."

"အေးဗျာ .. လန့်ဖျပ်သွားတာပဲ ..၊ ပြောတဲ့ကိစ္စ တခြား .. ကျွန်တော်က သစ္စာ ဒွဲကြီး ပြောချလိုက်ပြီပဲ ထင်နေတာ .."

"မင်းဟာမလေးက မင်းကို အချစ်စမ်းသွားတာပေါ့ကွာ .. ဘာ အခုတော့ သူ့အလိုလိုနေရင်း အဆင်ပြေသွားပြီ မဟုတ်လား ..၊ ထဲ ဒီဝိုင်းအတွက် မင်း ရှင်းလိုက်ပေတော့ .."

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်အောင် က အပိုင်တွက်ပြီး ပြောတော့ ကျွန်တော် ညီညီ ကို မျက်ရိပ်ပြလိုက်ပါသည်။ ညီညီ .. ကျွန်တော်၊ အေးသော် တို့ ရုတ်တရက်ကြီး ထရယ်တော့ ကိုထက်အောင် ကြောင်တောင်တောင် ဖြစ်သွားပါသည်။

"ဘာလဲကွ .. မင်းတို့က .."

"ခင်ဗျားကိုယ် ခင်ဗျား လည်လှချည် ထင်နေလား ..၊ ရဲအရာရှိ မင်း .."

ကျွန်တော် ရုပ်ရှင်ထဲက လူကြမ်းအိုက်တင်နဲ့ပြောတော့ ကိုထက် အောင် က မှင်သေသေနဲ့ ...

"ဘာကို ငါ လည်ရမှာလဲကွ .. မင်းတို့ ရှင်းရှင်းပြောစမ်း .."

"ခင်ဗျား .. အဖုံးအုပ် .. အဲလေ .. အမှောင်ချထားတဲ့ ခင်ဗျားနဲ့ ခက်မာ ရဲ့ သတင်း .."

"ဘာလဲ .. ခက်မာ ..၊ သြော် .. ခက်မာ ဆီ ငါ ပိုက်ဆံချေးထား တာ ပြောတာ ဟုတ်လား .."

ကိုထက်အောင် တမင် စကားလမ်းကြောင်း လွှဲသည်။

"ကိုထက်အောင် ကျွန်တော်တို့ အကျပ်မကိုင်ချင်ဘူးနော် ..၊



ခက်မာ ရဲ့ အကျပ်ကို ကိုင်လိုက်ရင် .."

"ဟေ့ကောင်တွေ .. ငါဟာလေးတော့ မကိုင်ပါနဲ့ကွာ .. အကျပ် အကျပ်ကို ပြောတာနော် .."

"ကဲ .. လုပ်စမ်းပါဦး .. ခင်ဗျားရဲ့ မြက်နုနုလေး စားချင်တဲ့ အကြောင်း .."

ကျွန်တော် ပြောတော့ ကိုထက်အောင် မျက်နှာ ရှုံ့မဲ့ [illegible] ...

"ဟေ့ကောင် .. မင်းပြောမှ ငါ နွားလုံးလုံး ဖြစ်တော့တယ်ကွာ.."

"ရှိုမပေါက်သေးပါဘူးဗျာ .."

"အေးပါကွာ .. ဟုတ်ပါတယ် ..၊ ငါလဲ ဘယ်လိုကနေ ဘယ်လို ချစ်မိသွားလဲ မသွားမသိဘူး .. မင်းတို့ အလစ်ချောင်းပြီး ပြောလိုက် တာ တန်းခနဲကွာ .."

"ဘာလဲဗျ .."

"အဖြေ .. အဖြေ တန်းရတယ်လို့ .."

"တော်သေးတာပေါ့ကွာ .. စိတ်ပူသွားတာပဲ .."

ဒီအချိန်မှာ ကိုထက်အောင် ဆီက ဖုန်းသံကြောင့် ကိုထက် အောင် ဖုန်းဖွင့် နားထောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟလို.. သစ္စာ ပြော.. နှင့်အဖေ မျက်နှာကြီး သုန်မှုန်နေတယ်"

ကိုထက်အောင် စပ်ဖြီးဖြီးနဲ့ ရယ်ရင်း ဖုန်းကိုအုပ်ကာ ခပ်တိုးတိုး လှမ်းပြောသည်။

"ဟော့ကောင် .. မင်းကို တစ်ပတ်ရိုက်ထားတဲ့ကိစ္စ ငါ မြာဦး ပြန်လှည့်ပေးလိုက်မယ် .."

"ကောင်းတယ် ကိုထက် ..၊ ဒီဟာမလေးကို ပညာပြန်ပေး မယ် .."

ဟိုနှစ်ကောင်က ပြုံးစေ့စေ့ပေါ့ ..၊ ကိုထက်အောင် က ဖုန်းကို လက်နဲ့ ပြန်ရုပ်ကာ ...

"အေး .. အခု ..၊ ငါတို့ (––––) ဆိုင်မှာဟ ..၊ အေး .. မိုးတိမ် အရေးပေါ် မီးလောင် ဟာ .. မဟုတ်ဘူး မိုးမီးလောင်နေတယ်ပြော လို့ ..၊ မီးသတ်ကား အဲဒီမီး မဟုတ်ဘူး ငယ်ထိပ် .. ဟာ .. သွေးတိုး တာ မဟုတ်ဘူးဟ ..၊ နှင့်အဖေဆိုတဲ့ ဆင်ကြီး တတ်နင်းတာ .. နှင့် အဖေ ဆင် ဘယ်တုန်းကဖြစ် နှင့်ဘာသာ ပြန်မေးကြည့် .. အေး အဲဒါတော့ မသိဘူး ..၊ နင်က ဒီပြင်ကိစ္စနဲ့ နှင့်အဖေကို အညှောင့်ထုတ် လိုက်တာ ..၊ ဟိုကောင် .. မိုးတိမ် က နှင့်ကို ရည်းစားစကား ပြော





ကိစ္စထင်ပြီး အမှန်အတိုင်း ဖွင့်ပြောပြီး တောင်းပန်လိုက်တော့ ပြဿနာ တွေက ရှည်ကုန်ရောပေါ့ ..၊ ဩော် .. တကယ်ပါဆို ငါက လိမ်စရာ လား ..၊ ကဲ .. ကဲ .. မေးကြည့်ဟာ ဟော့ကောင် .. မိုးတိမ် ရော့ .. ဖုန်း .. မင်းနဲ့ ပြောမယ်တဲ့ .."

ကိုထက်အောင် ရယ်သံမထွက်အောင် ကျိတ်ရယ်ရင် ဖုန်းကို ကျွန်တော့် လက်ထဲ ထည့်ပေးပါသည်။

ကျွန်တော်လဲ မှင်သေသေနဲ့ စိတ်ပျက်နေတဲ့ အသံနဲ့ ...

"သစ္စာ .. မင်းကွာ .."

သစ္စာ စိတ်ပူသွားဟန်နဲ့ ...

"ဟော့တော် .. ဒုက္ခပဲ ..၊ သစ္စာ က နောက်လိုက်တာ ပြဿနာ တွေတော့ ကြီးကုန်တော့မှာပဲ .."

"မသိဘူးလေကွာ .. သစ္စာ က နောက်လေ့ နောက်ထမှ မရှိ တော့ ကိုယ်လဲ အန်ကယ့်ကို တောင်းပန် .. အန်ကယ်က မေး .. ဇာလွဲတွေကနေ အတည့်တွေ ဖြစ်ကုန်တာ .."

သစ္စာ တော်တော် စိတ်ညစ်နေပုံရပါသည်။

"ဒုက္ခပါပဲ .. အဲဒါကြောင့် တစ်မနက်လုံး အကောင်းပါလို့ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်နေတာ .. အခုဟာက ရုတ်တရက်ကြီး ထဖောက်ပြီး မျက်နှာ ရှုံ့တည်တည်နဲ့ဆိုတော့ .. သစ္စာ က ထမင်းစားပြီးပြီလား မေးတော့ ခွံ့ကျွေးမလို့လားတဲ့ .. ကဲ .. ကြည့် ..”

အန်ကယ်ထူး ကတော့ သမက်ကိုတင်မဟုတ် သမီးကိုပါ ဦးနှောက် ဖောက်စားနေပါသည်။

“အဲဒီမှာ စောင့်နေ .. သစ္စာ လာခဲ့မယ် ..”

“အင်း .. အင်း ..”

“ဒါပဲ နော် ..”

သစ္စာ ဖုန်းချလိုက်တော့ ကျွန်တော် ဖုန်းပြန်ပိတ်ကာ ကိုထက် အောင် ကို ပေးပြီး တဟားဟားရယ်ပါသည်။ စပီကာဖွင့်ထားတာ ကြောင့် အကုန်လုံးက သိပြီးနေပြီလေ .. ရယ်လို့ကို မဆုံးတော့ ..။

“အန်ကယ်ထူး ကတော့ကွာ .. တကယ့်လူပျော်ကြီး စ,စရာ နောက်စရာရှားလို့ ကိုယ့်သမီး ကိစ္စတောင် အလွတ်မပေးဘူး ..”

ညီညီ စကားကြောင့် ကိုထက်အောင် က ရယ်နေတာကို အရှိန် သက်ပြီး အခုလို ပြောပါတယ်။

“ဟောကောင်တွေရေ .. ကုမ္ပဏီမှာလဲ အလုပ်တွေလဲ လေးလေး





ခပ်တည်တည်နဲ့ နောက်တဲ့ဒဏ်ကို အတော်ခံရတယ် ..၊ စာရင်းကိုင် ဦးမြင့် ဆိုရင် တစ်နေ့တစ်ခါလောက် ပုံမှန်လို ဖြစ်လို့ ..”

ကျွန်တော် ခေါင်းညိတ်ပြရင်း ...

“ပြီးရင် ဒေါ်နဲ့မောနဲ့ သစ္စာ တစ်ယောက် လာပါလိမ့်မယ် ..”

ဘီယာနှစ်ဂျားလောက် ကုန်ခန့် အကြာမှာတော့ ဒေါ်သစ္စာ ဒေါ်တွေ ဗလပွနဲ့ ရောက်ရှိလာပါသည်။

“လာပြီဟေ့ .. ဒေါ်သအတောင့်လိုက်နဲ့ ဒေါ်သစ္စာ လာပြီ .. မဆိုင်သူ မကပ်နဲ့ ..”

ကားတံခါးကို ဂျိမ်းခနဲနေအောင် ပိတ်ပြီး သစ္စာ သောင့်သောင့် သောင့်သောင့်နဲ့ ဆိုင်ထဲ ဝင်လာပါသည်။ အဲဒါကို အပေါ့အပါး နား မလည်တဲ့ စားပွဲထိုးလေးက ...

“အစ်မ ဘာသောက်မလဲ ..”

“အရက် ..”

ကျွန်တော်တို့ တခွီးခွီး ကျိတ်ရယ်တော့ သူမက မျက်စောင်းထိုး ပါသည်။ စားပွဲထိုးလေးက ခေါင်းလေးကုတ်ပြီး ...

“မိန်းမတွေကို အရက်ရောင်းလို့ မရဘူး အစ်မ .. ဘီယာကျွား



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ရောင်းလို့ရတယ် ..”

“သြော် .. ယောကျ်ားတွေပဲ ရောင်းလို့ရရင်လဲ ယောကျ်ားတွေပဲ ရောင်းပေါ့ .. ဟို အခြောက်ကြီးကြတော့ ဘာလို့ရောင်းလဲ ..”

ခပ်လှမ်းလှမ်းက အခြောက်အုပ်က သူတို့အသံကြားတော့ ကျွန်တော်တို့ ဝိုင်းဘက် လှမ်းကြည့်ကာ အသက်ကြီးဆုံး အခြောက်က မဲ့ကာရွဲ့ကာနဲ့ ...

“အခြောက်မို့လို့ စိုအောင် ဘီယာသောက်နေတာပေါ့.. တကယ် တည်း ဒါတို့ပဲ ခလုတ်တိုက်နေတယ် ..”

ကျွန်တော် မသိမသာ မျက်ရိပ်ပြလိုက်တော့ ကောင်လေး သုတ်သုတ်နဲ့ ထွက်သွားပါသည်။ သစ္စာ က ကျွန်တော့်ဘေးက ခုံမှာ ဝင်ထိုင်ရင်း ကျွန်တော့်အကျႌကော်လံတစ်ဖက် စုကိုင်ကာ ...

“အဲဒါ .. ဘာလုပ်တာလဲ ..”

ကျွန်တော် ဘာမှ မသိတဲ့ ပုံစံနဲ့ ...

“ဘီယာသောက်နေတာလေ .. ဘာဖြစ်လို့လဲ ..”

သူမက ကျွန်တော် မှုန်တေတေနဲ့ ကြည့်တော့ ကိုထက်အောင်က ဟိုလူပြောသလို .. ဒီလူပြောသလိုနဲ့ ...





“မုန်လိုလာပြီ နော် .. မကြာခင် ဖက်ကိုက်တော့မယ် ..”

“ကိုကိုထက် နော် ကိုကိုထက် .. ဒီမှာ ဒေါ်သဖြစ်နေတာ ..”

“ပြပ်ပြီး နင့်ဒေါ်သ ..”

“ဟာ .. ကိုကိုထက် .. ကိုကိုထက် လဲ အလိုတူ အလိုပါပဲ ..”

“ဟာ.. နင်တို့ကိစ္စ ငါနဲ့ ဘာမှမဆိုင်.. နော်.. ညီညီ နဲ့ အေးသော်”

“ဒါပေါ့ .. အစ်ကိုထက် ရ .. ရှာ .. ချီးယားစ် ..”

ကိုထက် နဲ့ ဒီနှစ်ယောက်က ခွက်ချင်းတောင် တိုက်လိုက်ပါသေးသည်။

“တောက် .. ကလိမ်ကကျစ်တွေ .. လူလိမ်ဂေ ..”

နောက်ဆုံးတော့ သစ္စာ စကားကြောင့် မအောင့်အီးနိုင်တော့ဘဲ တခွီးခွီး ရယ်ကြတော့ သစ္စာ လဲ .. ဒေါ်သဖြစ်နေရာမှ ရယ်ချပါတော့သည်။ ပြီးတော့ ကျွန်တော့်ကိုလဲ မျက်စောင်းထိုးပြီး ...

“ဒီက အပတ်မှတ်လို့ ဒီကို ထွက်လာခါနီး အကျိုးသင့်အကြောင်းသင့် သိရအောင် .. ဖေဖေ သမီးကို စိတ်ဆိုးနေလားဆိုတော့ ဖေဖေက သတင်းစာဖတ်နေရာက ခပ်တည်တည်နဲ့ တစ်ချက်ကြည့်ပြီး သတင်းစာ ပြန်ဖတ်နေတာပေါ့ ..၊ သစ္စာ လဲ လန့်သွားတာပေါ့ ..



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ သစ္စာ တောင်းပန်ပါတယ် ဖေဖေ ရယ် .. ဒီလိုဖြစ်လိမ့်မယ်လို့ သမီး မထင်လို့ နောက်မိတာပါလို့ ပြောရော .. ဖေဖေက သတင်းစာ ကြီးကွယ်ပြီး လှုပ်ကိုမလှုပ်တာ ကြာတော့ ဝမ်းနည်းလာတာပေါ့ .. အဲဒီမှာတင် ရှိက်ကြီးတငင်ငိုတော့ .. သတင်းစာ ဖတ်နေတဲ့ ဖေဖေ့ ဆီက တခွီးခွီးနဲ့ ကျိတ်ရယ်သံကြီး ပေါ်လာတော့မှ ခံလိုက်ရပြီဆိုတာ သိတာ .. အဲဒီကျမှ သမီးကို မိုးတိမ် ချောက်တွန်းလိုက်ပြီတဲ့ ..၊ ဖေဖေ တို့ချင်း အိုကေတဲ့ ..၊ အဲဒါ နင့်ကြောင့် ကောင်စုတ် ငါ့မှာ ငိုလိုက်ရ တာ ..”

သူမက ကျွန်တော့်ကျောကို တဒိုင်းဒိုင်း ထုပါသည်။ အခြေအနေ ကတော့ လက်ရှိအထိတော့ ငြိမ်းချမ်းနေပါသည်။

:.•♥•♥•♥•





စိတ်သစ်လူသစ်နဲ့

အချစ်သစ်ဖြစ်လာမယ့် ရင်ခုန်သံကို လိုက်ရှာ

ငါးပယ်သလို ဖိုက်မှာပါလာမလား ..

ကျားပေါ်သလို ညှတ်ကွင်းထဲ

ခွတ်အတင်း ဝင်လာမလား ..

ဂလိုင်ခေါက်သလို

တျောင်းတက်၊ တျောင်းဆင်း၊

ရုံးဆင်း၊ ရုံးတက် ..

ဝေါခနဲ ပြုံးဆင်းမလား ..

အချစ်စစ်ရယ် ..

မတွေ့မိတာက ငါ့အပြစ်ပါ ..၊

www.burmeseclassic.com



ကျွန်တော် ကုမ္ပဏီရဲ့ ကားနဲ့ ပတ်သက်တဲ့ အလုပ်ရုံထဲ ဝင်လာလာချင်း ဦးကျော် ဒေါသတကြီးနဲ့ လူတစ်ယောက်နဲ့ စကားများနေပါတယ်။ ကျွန်တော်လဲ သူတို့လုပ်ငန်းခွင်မို့ ဝင်မပါပဲ ကြည့်နေလိုက်ပါတယ်။

"ဒီမှာ ဖော်မင်းထက် .. မင်းဘာသာ စီနီယာတွေ ကလီကမာတွေ လာမပြောနဲ့ ..၊ ကားတစ်စီးလုံး တစ်ခုချင်း ဖြုတ်ပြီး ပုံထားလိုက် .. တစ်စီးလုံး အကောင်းပကတိ ပြန်ဖြစ်အောင် မင်းနဲ့ ငါနဲ့ ပြိုင်ဆင်မလား ..၊ ဟော့ကောင် .. ဆယ်နှစ်သားထဲက ကားလောကထဲ ဝင်လာတာကွ .. မှတ်ထား .."





ဖော်မင်းထက် ပုဂ္ဂိုလ် ဆိုတဲ့ကောင်ကလဲ ဂျစ်တီးဂျစ်ကန် ချက်လုံးတွေက နှစ်သက်စရာ မကောင်း ..၊

"ခင်ဗျားဘာသာ ဆယ်နှစ်သား မကလို့ ဘယ်နှစ်နှစ်သားဖြစ်ဖြစ် ကျုပ်ကိစ္စ မဟုတ်ဘူး .."

ဖော်မင်းထက် စကားကြောင့် ဦးကျော် ဒေါသပိုဖြစ်သွားဟန် ရှိသည်။

"မင်းကိစ္စ မဟုတ်ဘူးဆိုရင် ငါ အမိန့်မပေးပဲနဲ့ ဒီကားတွေကို လိုအပ်တာလဲ မဟုတ်ဘဲနဲ့ အပိုတွေ ဘာဖြစ်လို့ လျှောက်ဖြုတ်နေလဲ .."

ဖော်မင်းထက် အင်တင်တင်နဲ့ ...

"ဒါကတော့ဗျာ .. ကားဆိုတာ အမြဲတမ်း ကြံ့ခိုင်နေမှ အမြဲတမ်း အသင့်ဖြစ်နေတော့ မကောင်းဘူးလား .."

ဦးကျော် ခပ်မဲ့မဲ့ ရယ်ပါသည်။

"အမြဲတမ်း ကြံ့ခိုင်နေမှ .. မင်းပြောတာ အလုပ်အားနေတယ် ဆိုတဲ့ သဘောပေါ့ .."

ဖော်မင်းထွန်း ခေါင်းမညိတ် ခေါင်းမခါပဲ ဦးကျော်ကို ထုံပေပေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကြည့်နေပါသည်။

"ခရီးထွက်မယ့် ကားတွေကို ငါ မရှိဘဲ ငါ့အမိန့်မပါဘဲနဲ့ ဘယ်သူမှ မကိုင်ရဘူးလို့ ငါ ပြောပြီးသား ..။ အေး .. မင်း အလုပ်အားနေရင် လုပ်စမ်း ဟိုမှာ ရုံးဆင်း ရုံးတက် ကားတွေ .. မနက်က မင်းလဲ ရှိပါတယ် ..။ ဦးအေးချိုကြီး ရဲ့ ဖယ်ရီကား ဆီပိတ်နေတယ် .. မင်း အလိုက်သိသိနဲ့ ပြင်ပါလား .."

"အဲလောက်ကတော့ တပည့်တွေနဲ့ လွှတ်လို့ ရပါတယ် .. ကျုပ်က ဒီမှာ လုပ်လာတာ လုပ်သက် ငါးနှစ်ရှိနေပြီ .."

"လုပ်သက် ငါးနှစ်ဆိုတာ ပညာသက်လား .. ကလိန်ကကျစ် လုပ်တဲ့ အသက်လား .."

"ခင်ဗျား မတရား မစွပ်စွဲနဲ့ .."

"စွဲတယ်ကွာ .. လာ .. တစ်ယောက်ချင်း ထိုးမလား .. လာစမ်းပါကွာ .. ကျော်ကြီး ဆိုတဲ့ကောင် ဘယ်လိုကောင်လဲ သိချင်ရင် .."

"ဟာ .. လာပါဗျာ .."

"ဟုတ်ပါတယ် ဦးကျော် ရာ .. လာပါဗျာ .. ဒီကောင်နဲ့ ဖက်ဖြစ်မနေနဲ့ .."



ဦးကျော် ကို ကျွန်တော်နဲ့ အလုပ်သမားတချို့ ဆွဲခေါ်သွားသလို ဇော်မင်းထက် ကိုလဲ သူ့တပည့်နှစ်ယောက် သုံးယောက်က ဆွဲခေါ်သွားပါတယ်။ ဇော်မင်းထက် က ဆွဲခေါ်နေတဲ့ကြားက ...

"ဦးကျော်ကြီး .. ခင်ဗျား ကြပ်ကြပ် သတိထားနေ .. ဇော်မင်းထက် ဆိုတာ ဘာကောင်လဲ သိစေရမယ် .."

"ဇော်မင်းထက် ဆိုတာ ခွေးကောင် .. မင်း အဝေးက အုမနေနဲ့ ဟောကောင် .. လာစမ်း .."

ဦးကျော်ကြီး အတင်းရုန်းပြီး ဇော်မင်းထက် ကို ထိုးမယ်တကဲကဲ လုပ်နေလို့ ကျွန်တော် မနည်း ဆွဲခေါ်လာရပါသည်။

ဦးကျော်ကြီး ကို ဆွဲခေါ်လာတဲ့ အလုပ်သမားတစ်ယောက်က...

"အလကားပါဗျာ .. ဒီကောင် သတ္တိရှိတာ မဟုတ်ဘူး .. သူ့ခြေတ ကားနဲ့ပတ်သက်လို့ ဦးကျော်ကြီး ကို လွှဲထားတော့ သူ့ စာရင်းတွေ လိမ်တင်ပြီး ဗုန်းတဲ့တိစ္စ လုပ်လို့ ရတော့ဘူးလေ .. အဲဒါကို တင်းနေတာ .."

ဆံပင်ဖြူဖြူဖွေးပြီး စက်ချေးပေ ဗလပွနဲ့ ဦးလေးကြီးတလဲ...

"ဒီကောင် မောင်ကျော် မရောက်ခင်က သိပ်ဖိုပ်ကျတဲ့ကောင်..

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသူမလဲ လေးစားရမှန်း မသိတဲ့ ကောင် .. အခု ခေါင်ကျော် ရောက်လာတော့ ဂွင်ပိတ်ကုန်ပြီလေ .. အဲဒါကို မဲတာလဲ ပါတာပေ့ါ"

"ဒီကောင်က အဲလောက်ဆိုးလား ဦးကျော် .."

ဦးကျော် က ကောင်လေးတစ်ယောက် လာပေးတဲ့ သောက်ရေ တစ်ခွက်ကို မော့သောက်ပြီး ...

"ဒီထက်ဆိုးတယ် .. မိုးတိမ် ...၊ ငါ့ကို တမင်ချိုးနေတာ - ပြီးတော့ ဒီကောင်နဲ့ ပတ်သက်တဲ့ မသင်္ကာစရာ သတင်းတွေလဲ ကြားတယ် ...၊ တိတိကျကျ မသိရသေးလို့ လွှတ်ထားတာ .. ခင်ဗျား တို့အားလုံးလဲ မှာထားမယ် .. ဒီကောင် ကျွန်တော် မရှိတဲ့အချိန် တား တစ်ခုခုလုပ်မယ် ဆိုရင် အဲဒီကားကို မှတ်ထား ...၊ ကားကို ဘာလုပ်လဲ ကျွန်တော့်ကို ပြော .. အဲဒါ အရေးကြီးတယ် နော် .."

"စိတ်ချပါ .. မောင်ကျော် .."

"စိတ်ချ .. ဦးကျော် .."

ကျွန်တော် ဘာကိစ္စလဲ မေးချင်ပေမယ့် လူမှုရေးကိစ္စကြောင့် မမေး ...။

ဒါပေမယ့် ဦးကျော် က ကျွန်တော့်ကို ပြုံးကြည့်ကာ ...



"အချိန်တန်ရင် မင်းကို ငါပြောပြမယ် မိုးတိမ် .. ဒီကိစ္စက မင်း နဲ့လဲ ဆိုင်တယ် .."

"ကျွန်တော်နဲ့ ဆိုင်တယ် .."

ဦးကျော် ပြောမှ သိချင်စိတ်က ပိုကြီးထွားလာပါသည်။ ဒါပေမယ့် ဦးကျော် က ပြောမှာမဟုတ်ဘူးဆိုတာ သိတာကြောင့် ဦးကျော် ကို ဆွတ်မမေးတော့ ...။

"ဟဲ .. ကျွန်တော့်ကို ခေါ်တယ်ဆို .."

"ဒီကိစ္စလား .."

အလုပ်သမားတွေလဲ အလျှိုအလျှို အလိုက်တသိ ထသွားကြပါ သည်။

"လာ .. ကော်ဖီမစ် သောက်ရအောင်ကွာ .."

ကျွန်တော်နဲ့ ဦးကျော် အဝင်ဝမှာ ချထားတဲ့ စားပွဲနဲ့ ခုံတွေဆီ သွားကာ ဝင်ထိုင်သည်။

"သာအေး ရေ .. ကော်ဖီမစ်နှစ်ခွက်လောက် လုပ်ကွာ .. ရော့"

ဦးကျော် က စီးကရက်ဘူးချပေးတော့ ကျွန်တော် တစ်လိပ်မီးညှိ ပြီး ဦးကျော် ရှေ့ကို ဘူးပြန်ချထားပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားချင်း အလိုက်ပေး ချိန်းမလို့ .."

"ဘယ်နှစ်စီးလဲ .."

"သုံးစီး .."

"ပြောပါဦး .. ဘာ .. မော်ဒယ် ..၊ ဘာ ကားတွေလဲ .."

ဦးကျော် က ကားအမျိုးအစားတွေ ရွတ်ပြပါသည်။ ဦးကျော်ထံ အာရုံရောက်နေရင်း ဟိုး .. ခပ်ဝေးဝေးက ဇော်မင်းထက် နဲ့ သူ့ဘာပည့်တစ်ယောက် တိုးတိုးပြောနေပြီး ဇော်မင်းထက် က သူ့ဘာပည့်ကို အထုပ်တစ်ထုပ် နိုးကြောင်ခိုးဝှက် ပေးလိုက်တာ သူ မြင်ဖြစ်အောင် မြင်လိုက်မိပါသည်။



"ငါ့အမေက နှင့်ကို ကိုက်မစားပါဘူးဟာ .. လိုက်ခဲ့စမ်းပါ .."

ကျွန်တော့်စကားကြောင့် သစ္စာ က ရယ်ရင်း ...

"ကိုက်မစားတာတော့ သိတာပေါ့ဟဲ့ .."

"ကိုက်စားရင်လဲ တစ်ခုပဲ ချန်ထားခဲ့ပြီး အကုန်ဝါးမှာ .."

"မိုး .. တိမ် .."

စိတ်ဆိုးပြီဆိုရင် သူမက ဒီနာမည်ကို ခေါ်ပြီ ..၊ ဒါဆို သိလိုက်တော့ ..။

"ချက် .. ချက်ဆို .. ငါ အသည်းယားတာဟ .. ကားထဲမှာတောင် ချက်ပလက်ဆို ဝယ်ရောင်း မလုပ်ဘူး ..၊ ဘောလုံးအသင်းဆို ချက်အသင်းပွဲဆို မကြည့်ဘူး ..၊ ချက် အရက်မသောက်ဘူး တခါတည်း..၊ ချက်ပြီးတောင် သိပ်စားချင်တာ မဟုတ်ဘူး ဝမ်းရေးမို့သာ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ .. ပေါက်တက်ကရတွေ ပြောမယ်ဆို ရှေ့ဆုံး တာ.."

"ရှိပါသေးတယ်ဟ .."

"ဘယ်သူလဲ .."

"ဦးမိုးဒီ တို့ .. ဦးမောင့်စ် တို့ .."

သူမ သဘောကျစွာ ရယ်ပြီး သူ့ကို မှီပြီး နေပါသည်။

"သစ္စာ .."

"ဟင် .."

"နင် .. ငါ့ကို အဖြေမပေးရသေးဘူး နော် .."

"ဩော် .. လိုလို့လား .."

"ဟဲ့ .. ငါက ဝတ္ထုစာအုပ်၊ ရုပ်ရှင်ကားထဲကလို မိဘသဘောတူ ပြီး ပေးစားတဲ့ ချမ်းသာတဲ့ အသိုင်းအဝိုင်းထဲကမှ မဟုတ်တာ .."

"အဲလိုပဲ မှတ်ထားလိုက်ပေါ့ .."

"မရဘူးဟာ .. ပြော .."

"မပြောချင်ပါဘူး ဆို .."

ကျွန်တော့်ကို မှီနေတဲ့ သူ့ကို ဆတ်ခနဲ ကိုယ်ကို တိမ်းပေးလိုက်





တော့ ပလုတ်ခနဲ ကျွန်တော့် ရင်ခွင်ထဲ ကျလာပါသည်။ သူမ မျက်လုံး ဖြူးသွားပါသည်။ ဒီနေရာက သမီးရည်းစားတွေပဲ လာတဲ့နေရာဆို တော့ ကိစ္စမရှိ ..။

နမ်းတာလောက်တော့ ချောင်းကြည့်ချင်လဲ ချောင်းကြည့်ကြ တော့ ..၊

ကိုယ်က သူတို့ကို နမ်းတာ မဟုတ်သလို .. သူတို့လဲ စိတ်ပါပြီး ကိုယ့်ကို လာနမ်းလို့ မရဘူးလေ ..။

"ကောင်စုတ် နော် .. နင် နမ်းရဲ့ နမ်းကြည့် .."

အဲဒါပြောတာပေါ့ ..၊ အောက်တလဲ နေသေး အာထာ မလျှော့ ဆိုတာလေ ..၊

ကြောက်အားလန့်အားနဲ့ မျက်လုံးလေး မှိတ်ထားလိုက်တာ ကျွန် တော့်အတွက် အိုကေလေ ..။

"မိုးလိမ် .. မလုပ်နဲ့ .. နင် .."

သူမရဲ့ စကားသံလေး တိတ်သွားပါသည်။

ကျစ်ကျစ်ပါအောင် ကြေမွအောင် ဆုပ်ကိုင်ထားတဲ့ ကျွန်တော့် အင်္ကျီ ကျွန်တော် ပြန်ဖြန့်လို့ ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ရေးရင် တော်ရောပေါ့နော် ..။

ကားပေါ်ရောက်တော့ သူမက မကျေမနပ်နဲ့ နှုတ်ခမ်းနီ ပြန်ဆိုးနေရင်း ...

"နှင် သိပ်ဆိုးတာပဲ .. ဒါပဲ ငါ့ကို နှုတ်ခမ်းနီ ပြန်ဝယ်ပေးရမယ်"

"ဟဲ .. ဟဲ .. အခု ဆိုးထားတဲ့ စတော်ဘယ်ရီနံ့က ကောင်းပါတယ် ..။ ဒါပေမယ့် ဒံပေါက်နံ့တို့ ထောပတ်ထမင်းနံ့တို့ဆိုရင် ပိုကောင်းမလားလို့ .. ဆာတဲ့အချိန် .. အား .."

သူမ ဆွဲဆိတ်လိုက်တာကြောင့် အားခနဲ အော်တော့ .. သူမက ...

"ကောင်းတယ် .. ပေါက်တက်ကရ ပြောဦး .."

"လိုက်ခဲ့ဟာ နော် .."

သူမက ပြုံးပြီး ခေါင်းညိတ်ပြတော့ ကျွန်တော် ပျော်သွားပါသည်။

အိမ်ကိုသွားဖို့ ကားစက်နှိုးရုံပဲ ရှိပါသေးတယ် ..။ ဖုန်းက ဝင်လာပါသည်။

"ဟလို .. ဇော်ဇော် .. အေး ပြော .. ဘယ်ကား .. လင့်ခရူဇာ





အား .. အခု ငါ လာခဲ့မယ်လေ ..။ ခဏစောင့်နေနိုင်းလိုက် မင်းဘို့ပြောပြီးပြီ မှတ်လား .."

ကျွန်တော် ဖုန်းပြန်ပိတ်ပြီး ဒတ်ရှ်ဘုတ်ထဲ ပြန်ထည့်ကာ ...

"ခဏကွာ .. ကားတစ်စီး ဝယ်လက် လာလို့ ပြောရုံပဲ .."

"သွားလေ .."

ကျွန်တော် ဝိုင်းထဲကို သစ္စာ ..ခေါ်ပြီး ပြန်လာခဲ့ပါသည်။

ဝိုင်းထဲရောက်တော့ ကိုသိန်းဦး ကတောင် သစ္စာ ကို ရနေပါသေးသည်။

"ဟဲ့ ကောင်မလေး .. ညည်းအဖေနဲ့ တိုင်လိုက်ရမလား .."

သစ္စာ က ရယ်နေပါသည်။ ဝယ်လက်နဲ့ သူ စကားပြောပြီး စိန်ရွှေတို့နဲ့ အဆင်ပြေအောင် ကြည့်လုပ်ထားလိုက်ပါလို့ မှာပြီး ကားဆီပြန်အလာ ...

"ဟော့ကောင် .. လူလိမ် ..။ အဲ .. မိုးတိမ် .."

ခေါ်ပုံက ရင့်ရင့်သီးသီး ..။ ကျွန်တော် အပြုံးမပျက်ပါ။ ကြည့်လိုက်တော့ နေဇော်ထက် ..။

နေဇော်ထက် က သစ္စာ ကို အကဲခတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ .. ငါ အရေခွံနွာဖို့ သီသီလေး လွတ်သွားတဲ့ ဗုဏ္ဏုလ်ကြီးရဲ့ သမီး မှတ်လား .."

ကျွန်တော် စိတ်ရှည်ရှည် နေခဲ့ရပါသည်။ ပြီးတော့ ဒီကောင်နဲ့ ကျွန်တော်နဲ့က ပတ်သက်မှုတွေ မရှိ ..။

"အဲဒီပွဲက တစ်ယောက်ယောက် ဖျက်လိုက်တာလို့ ငါ ထင်တယ် .. ငါ့အထင် မမှားဘူးဆိုရင် မင်းလို့ပဲ ထင်တယ် .."

ကျွန်တော် အေးစက်စက် ပြုံးပြီး ဒီကောင့်ဘက် တည့်တည့် လှည့် ရင်ဆိုင်လိုက်ပါသည်။

"မင်း .. ထင်ချင်သလို ထင်နိုင်တယ် နေဖော်ထက် ..၊ မင်း ဘာလုပ်ချင်လဲ .."

"မိုးတိမ် .."

ကိုသိန်းဦး တို့ အုပ်စုက အပြေးရောက်လာပါတယ်။ ကားဝိုင်း ထဲမှာ သမာသမတ်ကျတဲ့ အဘချို က ...

"ဟော့ကောင် နေဖော်ထက် .. မင်း ငါ ကြည့်ကြည့်နေတာ ဝိုင်း ထဲမှာ ဟိုလူ ခွင်ကျော် .. ဒီလူ ခွင်ကျော် .. ဒါမှမဟုတ်ရင် ပြဿနာ ရှာနဲ့ မင်း မပျော်တော့ဘူး နော် ..၊ မင်း အချိုးမပြင်လို့ကတော့





နောက်ဆို ဝိုင်းထဲ မလာခဲ့နဲ့ .."

နေဖော်ထက် ကျွန်တော့်ကို နာကြည်းမုန်းတီးတဲ့ မျက်ဝန်းတွေနဲ့ ကြည့်ကာ အစိမ်းလိုက် ဝါးစားတော့မယ့်ဟန်နဲ့ ...

"တောက် .. မင်း သတိထားနေ မိုးတိမ် ..၊ အေး နောက်မှ မင်း နောင်တ မရပါစေနဲ့ .."

"ငါက နောင်တ ရတတ်သူ မ[illegible]ဘူး .. နေဖော်ထက် .."

"သွားတော့ .. သွားတော့ ပြောမနေနဲ့ မိုးတိမ် .."

အဘချို က ကားပေါ် အတင်းတင်နေတာကြောင့် ကျွန်တော် သူကြီးကို အားနာတာကြောင်း .. ကားပေါ် တက်ပြီး မောင်းထွက်လာ ခဲ့ပါသည်။

သစ္စာ က မျက်စိမျက်နှာ အပျက်ပျက်နဲ့ ...

"စိတ်ပူလိုက်ရတာ မိုးတိမ် ရယ် .. ဒီလူက အတော်ရိုင်းတဲ့ သူပဲနော် ..၊ မိုးတိမ် နဲ့ အငြိုးအတေးရှိတယ် ထင်တယ် .."

ကျွန်တော် မီးပွိုင့်မိတော့ ကားကို ရပ်လိုက်တော့ ...

"အငြိုးရှိဆို အန်ကယ်ထူး က စ,တာလို့ ပြောရမှာပဲ .."

"ဘယ်လို .. ဖေဖေက ဘယ်လို ပါလာတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အန်ကယ့်ကို လိမ်ဖို့ ဒီကောင်တွေ ခွင်ဆင်တာတ ချပြီး အစအဆုံး ပြောပြတော့ ...

"ဟယ် .. ဖေဖေ ကံကောင်းတာပေါ့ ..၊ ဩော် .. အဲဒါကြောင့် ဖေဖေက နင့်ကို သိပ်အရေးပေးတာကို .."

"ဒါပေါ့ဟ .. အရေးပေးရုံတင် မကဘူး သမီးကိုပါ ပေးလိုက်တာ .."

သူမက ရှက်ရယ် ရယ်ပြီး သူ့ပခုံးကို ထုပါသည်။ ပွဲ့ဝင့်စိမ်းတော့ ကားကို မောင်းထွက်လာခဲ့ပါသည်။

"ဒါပေမယ့် .. အဲဒီကောင် ပုံစံက နင့်ကို ကောက်ကျစ်မယ့်ရုပ် ကျိတ်ပြီး ဒုက္ခပေးမယ့် ရုပ် ..၊ သတိထားပါ မိုးတိမ် ရယ် .."

"အေးပါ ဒီကောင်လောက်တော့ စာရင်းထဲ မထည့်ဘူး .."

"လုပ်ပြီ .. ဒီက သတိပေးနေတာတောင် .."

"သိပါတယ် .. သစ္စာ ရယ် ..၊ စေတနာကို ကိုယ် သဘောပေါက် ပါတယ် .."

ကျွန်တော်တို့ လ၊ ါးထိပ်ရောက်တော့ ကားကို အရှိန်လျှော့ပြီး လမ်းထဲ ချိုး၀င်ခဲ့ပါသည်။



ခြံရှေ့ရောက်တော့ ကားကို ရပ်ကာ ...

"လာ .. သစ္စာ .. ဆင်း .."

ကျွန်တော် သစ္စာ ဆင်းဖို့ ကားတံခါးကို တွန်းဖွင့်ပေးပြီး လက်ကို ပေးတော့ ကျွန်တော့်လက်ကို အားပြုကာ သစ္စာ က ဆင်းသည်။ ခြံကြားထဲ ဘေးခြံက ဒေါ်အေးသိန်း က စပ်စုနေပါသည်။

"ဟဲ့ .. မိုးတိမ် ဘယ်သူလဲ ဟဲ့ .."

"လမ်းက ကောက်ရလို့ အိမ်ခေါ်လာတာ ဒေါ်လေးသိန်း ရေ.."

သစ္စာ က ရှက်ရှက်နဲ့ လှမ်းရိုက်တော့ ...

"ရှင်းပြနေရင် ပြီးမှာမှ မဟုတ်တာ .. လာ .. သစ္စာ .."

ကျွန်တော် အိမ်ပေါ်ရောက်တော့ ...

"မေမေ ရေ .. ညှို့သည်ပါတယ် ..၊ ထိုင်လေ သစ္စာ .."

မေမေက နောက်ဖေးမှာ ချက်ပြုတ်နေသည်။ ခဏကြာတော့ မေမေ ထွက်လာပါတယ်။ မေမေက ပြုံးပြီး သစ္စာ ဘေးမှာ ဝင်ထိုင် တာ ...

"ညှို့သည်ဆိုလို့ .. ဘယ်သူလဲလို့ .. သမီးလေးကိုး .."

မေမေ့ စကားကြောင့် ကျွန်တော်ရော သစ္စာ ပါ အံ့သြသွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်က ...

"မေမေ သစ္စာ ကို သိလို့လား .."

မေမေက ပြုံးပြီး ...

"မင်း သူငယ်ချင်းတွေ ဟိုနှစ်ကောင် ညီညီ နဲ့ အေးသော် ဓာတ်ပုံရော .. သမီးရဲ့ အကြောင်းရော စုံနေအောင် ပြောထား ပြထားတာ.."

မိုးတိမ် မေမေ ပြောမှ သစ္စာ သတိရကာ ...

"ဟင် .. ဟိုတစ်လောက ခက်မာ နဲ့ သစ်သစ် အိမ်လာပြီး ညာတာပါတေးနဲ့ ဓာတ်ပုံတွေ ယူသွားတာ .. ညီညီ ယူခိုင်းတာဖြစ်မယ်.."

"ဒီကောင်တွေကွာ .. ကျွန်တော်ကတော့ မေမေ အံ့သြအောင် ရုတ်တရက် ခေါ်လာမှ .."

မေမေက ရယ်ပြီး သစ္စာ လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ ...

"မေမေက ဓာတ်ပုံမြင်ကတည်းက သမီးလေးကို သဘောကျပြီး သားပါကွယ် ..၊ ဒါနဲ့ သမီးလေးက လိမ်တာ မကြိုက်ဘူး ဆို .."

"မေမေ .."

မိုးတိမ် .. မေမေ သူ့ကို ချွန်တော့မယ်ဆိုတာ သိလိုက်ရပါသည်။

"ဟုတ်ကဲ့ အန်တီ .."





သစ္စာ မေမေ လို့ ခေါ်မလို့ပါပဲ၊ နှုတ်မရဲတာကြောင့် အန်တီဖြစ်သွားပါသည်။

"ငါ့သမီးက လိမ်တာ မကြိုက် ..၊ ငါ့သားက လိမ်ရမှ စားဝင် .. ဘယ်လိုများ တွေ့လာပါလိမ့် နော် .."

"ဟာ .. မေမေကလဲဗျာ .."

မိုးတိမ် ပုံစံကို ကြည့်ပြီး မေမေနဲ့ သစ္စာ က ရယ်သည်။

အဲဒီနေ့က သစ္စာ အိမ်မှာပဲ .. မေမေနဲ့ ကျွန်တော်နဲ့ အတူ ထမင်းစားသွားပါသည်။

ပြီးတော့ ကျွန်တော် သစ္စာ ကို အိမ်ပြန်ပို့ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သစ္စာ .. ငါနဲ့ကို ပက်ပင်းတိုးတာ ...၊ အဲဒီအမျိုးသမီးက ခပ်သွက်သွက်ထဲကပဲ ...၊ အံ့မယ် .. မိုးတိမ် လက်ကိုတောင် ပိုင်စိုးပိုင်နင်းနဲ့ ချိတ်ထားလိုက်တာများ ဟွန်း .. အကုသိုလ်များပါတယ်ဟယ် .."

ခက်မာ မခံရပ်နိုင်စွာ ပြောတော့ ကိုထက်အောင် က ခက်မာခေါင်းကို ပုတ်ပြီး ...

"မြင်ရုံနဲ့ တပ်အပ်ပြောလို့ သေချာမှ သေချာရှာ ခက်မာ ...၊ သူလဲ သူ့အကြောင်းသူ ရှိမှာပေါ့ .."

ကိုကို ပြောတာ သဘာဝကျပါသည်။ ရဲအရာရှိတစ်ယောက်ဖြစ်တဲ့ ကိုကို ကတောင် သံသယကင်းကင်းနဲ့ လက်တွေ့ကျကျ အခုလို ပြောတော့ သစ္စာ ယုံပါတယ်။



မိုးတိမ် .. ဘယ်ကိစ္စနဲ့မဆို ဘယ်လိုပဲ လိမ်ပြော လိမ်ပြော .. သစ္စာ နဲ့ပတ်သက်တဲ့ ချစ်ခြင်းမေတ္တာကိုတော့ သစ္စာ အခိုင်အမာ ယုံသည်။

"ဘယ်လို အစ်ကိုနဲ့ .. ဘယ်လို ညီမတွေလဲ မသိပါဘူးဟယ် .. တော်ပြီ .. တော်ပြီ ကြားသုံးကြား မဝင်နဲ့ဆိုတာ မှန်တယ် .."

"ခက်မာ ကလဲကွာ .. ကိုထက် ပြောတာ ခက်မာ ကို အပြစ်ပြောနေတာ မဟုတ်ဘူး .."

"အင်းလေ .. အဲဒါကြောင့် ယောကျ်ားသဘာဝကို မိန်းမတစ်ယောက်အမြင်နဲ့ မဖြစ်သင့်တာ မဖြစ်ဖို့ နည်းနည်းပါးပါး တားနိုင်းတာပေါ့ .. ကိုထက် .."

ကိုထက် က ရယ်သည်။ သစ္စာ ကတော့ ရယ်ပဲ ရယ်နေပါသည်။

"ကိုထက် ကလဲ .. ယောကျ်ားအချင်းချင်း သူ့ရင်ထဲမှာ ဘာတွေရှိလဲ နားလည်လို့ ဟုတ်ချင်မှ ဟုတ်မယ်လို့ ပြောနေတာပေါ့ .."

ခက်မာ စိတ်ပေါက်ပေါက်နဲ့ ကိုထက် ကို မျက်စောင်းထိုးမိပါသည်။

"မတော်ရသေးတဲ့ ယောက်ဖကို တော်တော် ချစ်နေတာယ်ပေါ့."



www.burmeseclassic.com

www.burmeseclassic.com



"ခက်မာ ကလဲကွာ .."

"ဒါနဲ့ .. နှင်နဲ့ မိုးတိမ် နဲ့ မတွေ့တာ ကြာပြီဆို .."

"နှင့်ကို ဘယ်သူပြောလဲ .."

"ညီညီ .."

သစ္စာ ခေါင်းညိတ်မိပြီး ...

"ငါလဲ .. ငါ့အလုပ်နဲ့ ငါ ရှုပ်နေတာလေ ...၊ ကျောင်းပိတ်ပြီဆို တော့ .. ဟိုသင်တန်းတက် ဒီသင်တန်းတက်ပေါ့ဟာ .. မိုးတိမ်ကတော့ ဖေဖေရဲ့ နယ်က ကုမ္ပဏီတွေအတွက် ကားကိစ္စ .. လိုင်စင်ကိစ္စ အစစအရာရာ နယ်အထိ တက်လိုက်လုပ်ပေးနေရတယ်တဲ့ ...၊ တစ်ခါတလေ မိုးတိမ် နဲ့အတူ ညီညီ တို့ပါ ပါသွားရသည်တဲ့လေ .."

ခက်မာ ပြန်သွားတော့ ကိုကိုက မေးသည်။

"ညီမလေး .. မိုးတိမ် အပေါ် ဘယ်လိုမြင်လဲ .."

သစ္စာ ရုတ်တရက်ဆိုတော့ ချက်ချင်း ပြန်မဖြေနိုင် ...၊ နောက်တော့ စဉ်းစားပြီး ...

"သူက နဂိုထဲကမှ လိမ်ရတာ ဝါသနာတစ်ခုလို ဖြစ်နေတာလေ.."





"မဟုတ်ဘူးလေ .. ကိုကို ပြောတာက .."

ကိုကိုထက်အောင် စကားမဆုံးခင် သူမ လက်ကာတားပြီး ...

"စကားမဆုံးသေးဘူးလေ ကိုကို .. မိုးတိမ် လိမ်ရတာ ဘယ်လိုဝဲ ဝါသနာပါပါ .. သစ္စာ နဲ့ ပတ်သက်တဲ့ ချစ်ခြင်းမေတ္တာကို သူ လိမ်မှာ မဟုတ်ဘူးလို့ သစ္စာ ယုံတယ် .."

ကိုကိုက သူမကို ကြည့်ပြီး လေးလေးနက်နက် ပြုံးနေပါသည်။

"ကိုကိုလဲ ယုံပါတယ် ...၊ ဒါပေမယ့် တစ်ခုခုဖြစ်လာလို့ရှိရင် ဖြစ်လာခဲ့ရင်ပေါ့ .. အကျိုးအကြောင်း အချိန်ပေးပြီး ပြဿနာကို ဆင်ခြင် ဆုံးဖြတ်ပါ ညီမလေး .."

ကိုကို့ စကားက မကြာခင် အန္တရာယ် တစ်ခုခုပဲ ကျလာတော့ မယ့်ပုံစံလိုလို ...။

"ဘာဖြစ်လို့လဲ ကိုကို .."

"ဘာကိစ္စမှ မဟုတ်ပါဘူး .. စကားတောင် ရှိတယ်လေ .. မိုးမပြို ပြိုခဲ့သည်ရှိသော် ဆိုတဲ့စကား .."

သူမ ကိုကို့ စကားကြောင့် အဓိပ္ပာယ်မဲ့ စကားတွေဆိုတဲ့ အတွေး နဲ့ ဟက်ဟက်ပက်ပက် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို တစေ့ သူမကို ပြုံးကြည့်ပြီး ခေါင်းတညိတ်ညိတ် ..။

"ကဲ .. ကိုကို အပြင်သွားစရာရှိလို့ သွားလိုက်ဦးမယ် ..။ ညီမလေး အပြင်သွားစရာ ရှိလား .."

"မရှိဘူး .. ကိုကို ယူသွားလေ .."

သူမ ကိုကို့ကို စားပွဲပေါ်က ကားသော့ လှမ်းပစ်ပေးပြီး ...

"ကန်တော့နော် ကိုကို .."

"ရပါတယ်ဟာ .."

ကိုကို ထွက်သွားတော့ မိုးတိမ် ကို ပိုပြီး သတိရလာတာကြောင့် ဖုန်းဆက်မိပါသည်။

ဖုန်းက ပြန်ဖြေပါတယ် ..။ 'လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းသည်' တဲ့ ..။ စိတ်ပျက်ပျက်နဲ့ ဖုန်းကို ဆောင့်ပိတ်မိပါသည်။



"မေမေ ရေ .. မိုးတိမ် .."

ကားကို အိမ်ရှေ့ထိုးရပ်ပြီးဆင်းတော့ အိမ်ရှေ့တံခါးကို ပိတ်ထားတာကြောင့် အထဲကို လှမ်းအော်မိပါသည်။

နောက်ပိုင်း မိုးတိမ် မေမေကို မိုးတိမ် ခေါ်သလိုပဲ မေမေပဲ ခေါ်မိပါသည်။

"ဟဲ့ .. ဘယ်သူလဲ .. ဩော် .. သမီးလေး လာ .. လာ ..၊ သမီးရေ .. နောက်ဖေးမှာ ချက်ပြုတ်နေရတော့ မကြားဖူးကွယ့် .."

မိုးတိမ် မေမေက တံခါးချက် ဖြုတ်ပြီး တံခါးကို တွန်းဖွင့်ပေးတော့ သူမ အထဲဝင်ပြီး တံခါးကို ပြန်ပိတ်ကာ ...

www.burmeseclassic.com



"မေမေ ဟင်းချက်နေတာဆိုတော့ .. သမီး ဝိုင်းကူပြီး ချက်ပေးရင်း စကားပြောကြတာပေါ့ .."

မေမေက ရယ်ပြီး ခေါင်းညိတ်တော့ .. သူမ မေမေ့ ခါးကို ဖက်ပြီး နောက်ဖေး မီးဖိုဆောင်ဘက် လျှောက်လာခဲ့ပါသည်။

"ကဲ .. သမီးလေး ဝိုင်းကူချင်တယ်ဆိုတော့ .. အာလူးနွှာ ..၊ မေမေ့ ဆီသတ်စရာရှိတာလေး ဆီသတ်လိုက်ဦးမယ် .."

"ဟုတ် .."

သူမ အာလူးနွှာနေရင်း ...

"မိုးတိမ် .. ဘယ်သွားတာလဲ ..၊ ဝိုင်းထဲမှာလား .."

"အေးကွယ့် .. မနက်က ဂျူလီယာ လာခေါ်သွားတယ်လေ.."

"ဂျူလီယာ .."

တစ်ခါဖူးမှ မကြားဖူးတဲ့ နာမည်ခပ်စိမ်းစိမ်းကြောင့် သူမ မျက်မှောင်ကြုတ်ပြီး နှုတ်ဖျားက ရွတ်မိတော့ မိုးတိမ် မေမေက .. သဘောကျစွာ ရယ်ပြီး ဆီသတ်နေရာက ...

"ဩော် .. ကိုယ့်အစ်မ နာမည်တောင် ကိုယ် ပြန်မေ့နေပါလား သမီး သစ္စာ ရယ် .."



"ကိုယ့်အစ်မ ဟုတ်လား .. ဘယ်က အစ်မလဲ မေမေ .."

ဘာတွေ ဘယ်လို ဖြစ်ကုန်ပြီလဲ မသိပါ ..၊ သူမ စဉ်းစားလို့မရနိုင်အောင် ဖြစ်မိပါသည်။ သူမ စကားကြောင့် မေမေက တအံ့တသြနဲ့ ...

"သားပဲ ပြောတာ .. သမီးရဲ့ အစ်မ တစ်ဝမ်းကွဲတဲ့ .. ဂျူလီယာဆိုတာလေ ..၊ နိုင်ငံခြားက ပြန်လာတာ မကြာသေးလို့ လိုအပ်တာတွေကို လိုက်ကူညီပေးရတာဆို .."

လိုအပ်တာတွေတဲ့လား ..၊ နင် ဘာတွေ လုပ်နေတာလဲ မိုးတိမ်ရယ် ..။

"ဟဲ့ .. သမီးလေး မေးနေတယ်လေ .. သမီးအစ်မဝမ်းကွဲရော ဟုတ်ရဲ့လား .."

"ဟုတ် .. ဟုတ်ပါတယ် မေမေ .."

သစ္စာ မေမေ မမြင်အောင် သက်ပြင်းချမိပါသည်။

ရက်ပိုင်းလေး မတွေ့ရတဲ့ ကာလတစ်လျှောက်မှာ မိုးတိမ် နင် ဘာတွေ ဖြစ်သွားတာလဲ ..။

ယုံကို မယုံနိုင်အောင်ပါ မိုးတိမ် ရယ် ..၊

www.burmeseclassic.com



ကျေးဇူးပြုပြီး ငါ အထင်မှားတာ ဖြစ်ပါစေ မိုးတိမ် ရယ် ..။

ကိုကို ပြောတဲ့အတိုင်း တစ်ခုခု ဖြစ်လာခဲ့မယ်ဆိုရင်ပေါ့ ဆိုတဲ့ စကားအတိုင်း မုန်တိုင်း အချက်ပေး ခေါင်းလောင်းသံလို အန္တရာယ်က တပ်လှန့်နေပြီလား ..။

မိုးတိမ် မေမေက ဂျူလီယာ အိမ်ရောက်ရင် အိမ်မှာ ထမင်းစား သွားတတ်ကြောင်း ..။

မိုးတိမ် ကို ဒီအတိုင်း မလွှတ်ထားဖို့ အဘန်တန် မှာရှာပါသည်။ ဒါပေမယ့် မိုးတိမ် ဆိုတဲ့အတိုင်း မရေရာ လွင့်မျောနေမှတော့..





“မင်းဟာက မဟုတ်သေးဘူး မိုးတိမ် ..”

ရောက်ရောက်ချင်း ထိုင်ထိုင်ချင်းဆိုသလို ညီဂူ* က ဆိုတော့..

“ဟာ .. မောရတဲ့ကြားထဲကွာ .. ဘာတွေလဲကွာ ..”

မိုးတိမ် စကားကြောင့် အေးသော်က မကျေမနပ်အကြည့်နဲ့ ...

“မောရုံတင် မကဘူး .. အမောဆိုပြီး သေရမှာ ..”

“ဟ .. ဘာလိုင်းကြီးပါလား ..၊ မင်းတို့ ဘာဖြစ်နေကြတာလဲ .. ရောက်ကတည်းက ပွညံပွညံနဲ့ ..”

သူဆီ ဖုန်းဆက်မရတော့ စိန်ရွှေ ဆီ ဒီကောင်တွေ ဖုန်းလှမ်း ဆက်ကာ ဝိုင်းအနီးအနားက ကိုကျော်မိုး ရဲ့ ဘီယာဆိုင်မှာ ချိန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာတော့ နှစ်ယောက်သား အခုလို တစ်ယောက် တစ်ပေါက် ပြောကြပါတော့သည်။

"ဖုန်းဆက်တော့လဲ လူကြီးမင်းနဲ့ တိုးလို တိုး .."

"ငါ့ဖုန်းက ပျက်နေလို့ ဆိုင်ပို့ထားတာပါကွာ .."

ညီညီ က မယုံသည့်ဟန်နဲ့ ပြုံးပြီး သူ့ကို ကြည့်ကာ ...

"မိုးတိမ် .. လိမ်တာတော့နေရာမှာ မင်းက ပြိုင်ဘက်မဲ့ မာသား ပါကွာ .."

ကျွန်တော် ပခုံးပါ တွန့်ပြပါတော့သည်။ ပြောချင်တာသာ ပြော ပေတော့ ..၊ စားပွဲထိုးလေး လာငှဲ့ပေးတဲ့ ဘီယာကို မော့သောက် လိုက်တော့ ရင်ထဲမှာ အေးဆင်းသွားပါသည်။

"ဂျူလီယာ ဆိုတာ ဘယ်သူလဲ .."

ညီညီ ရဲ့ မထင်မှတ်တဲ့ စကားတစ်ခွန်းက ဟန်ချက်ပျက်သွား မလိုလို ..၊ သီးမလို ဖြစ်သွားမတတ်ပေါ့။ သူ ပေါ့ပေါ့ပါးပါး ရယ်ရင်း...

"ဂျူလီယာ က ဘာသာပြန် စာအုပ်တစ်အုပ်ပဲ ဘာဖြစ်လို့လဲ ညီညီ .."

ညီညီ ဟာ နှုတ်ခမ်းတစ်ဖက် တွန့်ကွေးပြီး သရော်ဟန် ...



"တကယ် အိပ်နေရင်တော့ နှိုးရတာ လွယ်ပါတယ် သူငယ်ချင်း.. ဒါပေမယ့် အိပ်ချင်ယောင်ဆောင်နေသူ တစ်ယောက်ကတော့ .. ခွဲထူ သဲ အိပ်ပျော်ချင်ယောင်ဆောင်နေပြီး ပေကပ်နေသလို နေပြတော့ နှိုးရတဲ့သူ ခက်တာပေါ့ .."

မိုးတိမ် သက်ပြင်းချရင်း ညီညီ ကို ကြည့်ကာ ...

"တစ်ခါတလေကျတော့လဲ.. အိပ်ချင်ယောင်ဆောင်ရင်း တကယ် အိပ်ပျော်သွားပြရတယ်ကွ .. ယုံကြည်အောင်ပေါ့ .."

"ဂျူလီယာ ကိစ္စနဲ့ သစ္စာ ငါတို့ဆီ လာသွားတယ် မိုးတိမ် .."

အေးသော် က ညီညီ လို စကားတန်ဆာ မဆင် မွဲပဲ ပြောချ ပါသည်။

"အဲဒီကိစ္စက ခက်မာ တို့လဲ သိနေတယ် ..၊ ဆိုးတာက မနေ့က ဒိုလ်ချုပ်ဈေးထဲမှာ မင်းနဲ့ ဂျူလီယာ ကို သစ္စာ မြင်လိုက်တယ် .."

ကျွန်တော် ပါးစပ်အဟောင်းသား ..၊ အေးသော် က ကျွန်တော့် ကိုကြည့်ပြီး နားလည်ရခက်နေဟန် ..။

"မနေ့က ငါတို့ကို ဒီကိစ္စကို လာပြောတော့ .. သူ ငိုတယ် သူငယ်ချင်း .."

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ ငိုတယ် .."

"အေး .. သူ ငိုတယ် .."

ညီညီ က ဆက်ပြောခြင်း ဖြစ်သည်။

"ငါက ပြောတာပေါ့ .. နင် မိုးတိမ် ကို ဖွင့်မေးကြည့်ပါလား ဆိုတော့ .. သူ ဘာပြောလဲ သိလား .."

ကျွန်တော် ခေါင်းမညိတ် ခေါင်းမခါမိ ..။ ညီညီ့ ကိုပဲ ကြည့်နေမိပါသည်။

"မမေးချင်တာ မဟုတ်ဘူး .. မမေးရဲတာတဲ့ ..၊ အဲဒီ မမေးရဲတာ က မင်းကို ကြောက်လို့ မဟုတ်ဘူးတဲ့ ..၊ သူ လိမ်ပြောတာ မကြိုက်ပေမယ့် ဒီကိစ္စမှာတော့ မှန်နေတယ်ဆိုရင်တောင် လိမ်ပြောလိုက်တာ ကောင်းတယ်တဲ့ ..၊ ဒါပေမယ့် မင်း အမှန်အတိုင်း ဖွင့်ပြောလိုက်မှာ စိုးရိမ်တယ်တဲ့ .. ကဲ .."

ရင်ထဲမှာ ဆို့နင့်သွားပါသည်။

ငါ ဝဋ်ကြွေးကဇာ်ခု ကျခံနေရတာပါ သစ္စာ ရယ် ..၊ ငါ၏ ဝဋ်ကြွေးကြောင့် ငါ၏ ချစ်ခြင်း၊ ပတ္တာလဲ မဝေးကွာသွားပါစေနဲ့ ..။

"သစ္စာ က ပြောသေးတယ် ..၊ မိုးတိမ် က လိမ်ပဲလိမ်တတ်တာ



ဘိုယ်ကျင့်တရားတော့ ကောင်းသေးတယ်လို့ ထင်ခဲ့တာတဲ့ .."

ကျွန်တော် ခေါင်းငိုက်စိုက် ကျသွားပါသည်။ ညီညီ က ကျွန်တော် ခုံးကို ပုတ်ရင်း ...

"မင်း ဘာတွေ ဖြစ်နေတာလဲ မိုးတိမ် .."

"အေးလေ .. မင်း ဘာတွေ ဖြစ်နေတာလဲ .. ဂျူလီယာ ဆိုတာ ဘယ်ကလဲ .."

ကျွန်တော် နှုတ်ခမ်းကို ကိုက်မိပြီး ခေါင်းခါတော့ ဒီကောင်တွေ က မကျေမနပ်နဲ့ ကျွန်တော့်ကို ကြည့်ပြီး ...

"မင်းကွာ .. သစ္စာ ကို မသနားဘူးလား .."

အေးသော် ရဲ့ မချိတင်ကဲ စကားကြောင့် ကျွန်တော် ရင်နင့်နင့် ဖြစ်မိပါသည်။

"ချစ်တာပေါ့ကွာ .. သစ္စာ အပေါ် ငါချစ်တဲ့ အချစ်က နောက် တစ်ယောက် ဘယ်တော့မှ မှီလာစရာ အကြောင်း မရှိဘူး .."

"မင်းကွာ .. ဒါနဲ့များ .."

"အေးလေ .. မင်းနဲ့တွဲနေတဲ့ ကိုထက်အောင် က အားရှိုးရ သား အောက်မေ့ပြီး အရင်တိုင်းဝင်ကြည့်တယ် ..၊ လွှတ်မသွားလိုက်

www.burmeseclassic.com



ပါတဲ့၊ ပြီးရော... ကိုယ့်ညီမဝမ်းကွဲ မဟုတ်သလိုပဲ .."

ညီညီ နဲ့ အေးသော် က မကျေမနပ်နဲ့ တစ်ယောက်တစ်ပေါ
ဝိုင်းပြောနေပါတယ်။ သူတို့ပြောနေတဲ့စကား မဆုံးခင် ကားလှလှ
ရဲရဲလေး ဘီယာဆိုင်ရှေ့ကို ထိုးရပ်ပါတယ်။ ကားမောင်းသူ မှန်ထဲ
တဖြည်းဖြည်း ကျလာပါတယ်။

"ဂျူလီယာ .."

မိုးတိမ် နှုတ်ဖျားက စကားတစ်ခွန်းကြောင့် ညီညီ နဲ့ အေးသော
ဂျူလီယာ ဆိုတဲ့ အမျိုးသမီးကို ကြည့်မိသည်။

အားပါးပါး လက်ဖျားခါလောက်အောင် ညို့ဓာတ်ပါတဲ့ မိန်းမ
တစ်ယောက် ..၊ ဘီယာဆိုင်ထဲက ပုရိသတွေလဲ အာရုံက သူမဆီ -
သူမက အရေးမစိုက်ဟန်နဲ့ ဘီယာဆိုင်ထဲမှာ ယောကျာ်းဆိုလို့ မိုးတိမ်
တစ်ယောက်ပဲ ရှိတယ်ထင် ရပုံနဲ့ ...

"ကိုမိုး .. လိုက်ခဲ့ .."

မိုးတိမ် သက်ပြင်းချရင်း ဆိုင်ရှင် ကိုကျော်မိုး ကို ...

"ကျွန်တော့်စာရင်း နော် .."

"အေးပါကွာ .."





"သွားမြို့ သူငယ်ချင်း .."

မိုးတိမ် ဆွေ့ခနဲ ကားမောင်းသူဘက် ဝင်ထိုင်တော့ ဂျူလီယာ
က တစ်ဖက်ကို ပြောင်းထိုင်သည်။

ကားလေး ထွက်သွားတဲ့အထိ ညီညီ နဲ့ အေးသော် ငေးကြည့်နေ
မိသည်။

အေးသော် နှုတ်က စကားတစ်ခွန်း ထွက်လာပါသည်။

"မကြာခင် .. ငိုကြ .. ယိုကြမယ့်ပွဲက ရောက်လာတော့မယ်.."

ညီညီ ကိုယ်တိုင်လဲ အန္တရာယ် အငွေ့အသက်ကို ရနေသလို
လို ..။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါပြောခဲ့တုန်းကတော့ မိုးတိမ် ဆိုတဲ့လူက လိမ်တတ်တာပဲရှိတယ် .. ငါ့အချစ်ကိုတော့ တန်ဖိုးထားပါတယ်ဆို .. ကောင်းရောဟာယ် ..၊ လိမ်တတ်ပါတယ်ဆိုတဲ့ လူရဲ့ ဖြစ်ချက်တစ်ခုက ကျုန်တဲ့ကံလေးပါးကို သူ့အလိုလို ကျူးလွန်ဖို့ လွယ်လွယ်လေးပေါ့ဟဲ့ .."

ခက်မာ ရဲ့ ကရုဏာဒေါသက သူမအတွက် မျက်ရည်စတွေ ပို၍ဖြစ်လာပါသည်။ သစ်သစ် က သစ္စာ ကို ကြည့်ပြီး အားတုံ့အားနာနဲ့...

"နှင်ကလဲဟာယ် .. မှားပါတယ်ဆိုတဲ့ တောင်းပန်နေတဲ့သူကိုမှ မှားရသလားဆိုပြီး ထပ်ရိုက်သလို ဖြစ်နေပြီ .."

"မဟုတ်ပါဘူးဟာ .. ကြိုတင်မှာနေရဲ့သားနဲ့တောင် ဒီကောင်လုပ်ရက်တာကို ခံပြင်းလွန်းလို့ပါ .. တောက် .."





ခက်မာ နဲ့ သစ်သစ် ကို ညီညီ တို့ဆီကို သွားတဲ့ကိစ္စ အစအဆုံး ပြောပြတော့ သူမတို့ မိုးတိမ် ကို အရေခွံဆုတ်ပစ်ချင်တဲ့အထိ ဒေါသထွက်နေပါသည်။

"ညီညီ နဲ့ အေးသော် လဲ ညက ငါ့ဆီ ဖုန်းဆက်တယ် .."

သစ်သစ် က ထပ်မပြောဖို့ ခက်မာ ကို မျက်ရိပ်ပြပေမယ့် ခက်မာ မခြင်ချင်ယောင်ဆောင်ကာ နေပြီး ပြောစရာရှိတာကို ပြောဖို့ တာဆူနေပါသည်။ ဟုတ်တယ်လေ မိုးတိမ် လဲ သူငယ်ချင်း .. သစ္စာ လဲ သူငယ်ချင်းပေမယ့် မီးဆိုတာ အကုန်ဝိုက်ပြီး လှိုက်မလောင်ခင် မီးတားလမ်းအဖြစ် ကြားက တားဆီးထားတာ ကောင်းမယ်လေ ..။

"သူတို့လဲ ပေါက်ကွဲတာပေါ့ဟာ ..၊ သူတို့ရှေ့မှာ ပေါ်တင်ကြီး ဂျူလီယာ က လာခေါ်သွားတာ ..၊ ဟိုကောင် ကြိမ်နဲ့တို့သလိုပဲ တဲ့ .. ကောက်ခနဲ ပါသွားတာ .."

သစ္စာ .. ခက်မာ ပြောတော့ ပို၍ ငိုချင်လာပါသည်။ သစ္စာ ကို ကြည့်ပြီးတော့လဲ ခက်မာ ကိုယ်ချင်းစာပါသည်။

"ငိုမနေပါနဲ့တော့ဟာ .. နှင် ငိုဖို့အတွက် ငါပြောပြနေတာ မဟုတ်ဘူး သစ္စာ .. ဒီလိုကောင်မျိုးရဲ့ အကြောင်းကို စောစောသိစေ သိပြီး



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး လမ်းခွဲထားတော့ အနာသက်သာတာပေါ့ဟာ ..”

အနာ သက်သာတယ်တဲ့လား ခက်မာ ရယ် ..၊ နှလုံးသားဆို တာ ချစ်မိပြီးသွားရင် ဘွားတေး ဆိုပြီး မေ့ပစ်လို့ နောက်ဆုတ်လို့ရတဲ့ ကလေးတွေ ဆော့တဲ့ကစားနည်းမှ မဟုတ်တာဟယ် ..။

“ဟိုတစ်ယောက်လဲ တွေ့ဦးမယ် ..”

“ဘယ်သူလဲ ..”

သစ်သစ် ရဲ့ အမေးကြောင့် ခက်မာ က မကျေမနပ်နဲ့ ...

“ဘယ်သူရှိရမှာလဲ .. ကိုထက် ပေါ့ .. ယောကျ်ားအချင်းချင်း နားလည်ပါတယ်ဆို ..၊ ပညာရှိလိုလို ဘာလိုလို စကားတွေပြောပြီး သူ မတော်ရသေးတဲ့ ယောက်ဖကို ကာကွယ်နေတာ သိမယ် ..”

ခက်မာ ကတော့ သူမဘာက်ကနေပြီးတော့ ကိုကို့ကိုပါ မချေ ပေါက်ကွဲနေပါသည်။ သစ်သစ် ကတော့ သိပ်မပြော ..၊ နဂိုကတည်း မှ သူက ခပ်အေးအေး နေတတ်သူဆိုတော့ ခက်မာ လောက် မဆိုး..။

“မိုးတိမ် မေမေ .. အန်တီမြတ် က ဘာပြောသေးလဲ ..”

“မေမေကတော့ လူကြီးဆိုတော့ ငါ့မြင်လေ အနေရခက်လေ ပေါ့ဟာ ..”





သစ္စာ စကားကြောင့် သစ်သစ် က တွေးတွေးဆဆ ပြောပါ သည်။

“ဟုတ်တော့ ဟုတ်ပါတယ်ဟယ် .. အန်တီမြတ် က နဂိုကတည်း မှ မိုးတိမ် ဘတ်သမျှ ခံရတာလေ ..၊ အိမ်ထဲက အိမ်ပြင် မထွက်တဲ့ သူဆိုတော့ ဟိုကောင် မိုးတိမ် ပြောသမျှ ယုံနေတာပဲဟာ ..”

“အဲဒီ ဂျူလီယာ ဆိုတဲ့ အမျိုးသမီးကို နင် မြင်ဖူးတယ်ဆို ..”

သူမ နှုတ်ခမ်းကိုက်ကာ ပြုဆင်းလာတဲ့ မျက်ရည်ကို လက်ခုံဖြင့် သုတ်တော့ ...

“တော်ပါတော့ဟာ .. ငိုမနေပါနဲ့တော့ ..၊ ဒီကောင်ကြောင့် ကျ တဲ့ မျက်ရည်ဆို မတန်လွန်းလို့ ..၊ ကိုယ်လဲ ခံရသေး ကိုယ်လဲ ဝင်ဝန်း သေး ..”

ခက်မာ က အကောကြီးပဲ တစ်ကား ရိုက်နေတော့ သစ်သစ် အမြင်ကပ်ကပ်နဲ့ ...

“ခက်မာ ရယ် .. သူ့နှလုံးသားကိုစွပဲဟယ် .. ငိုပါစေ ..၊ နင်ထလဲ သူ့အမေ ကျနေတာပဲ ..”

သစ်သစ် အခုလို ဝင်ပြောတော့ ခက်မာ မျက်နှာသယ်ထယ်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ .. ခံပြင်းလွန်းလို့ပါ .."

သူမ မျက်ရည်ထပ်မကျအောင် အားတင်းရင်း ...

"ချောတာ လှတာတော့ အမှန်ပဲ ..၊ ခေတ်က တအားဆန်တာ ဟ ..၊ ဂျူလီယာ ကို မြင်တဲ့ ယောကျ်ားတိုင်းက နှစ်ခါ ပြန်လှည့်ကြည့်ဖို့ ဝန်မလေးတာတော့ အမှန်ပဲ .."

"အေး .. ဟုတ်တယ် .. ညီညီ တို့လဲ ပြောတယ်ဟ .."

"ဟဲ့ .. ဟိုမှာ နင့်ချစ်ချစ်ကြီး လာနေပြီ .."

ခြံထဲကို ဟွန်းသံပေးတော့ ဦးလေးစိုး က ခြံတံခါး သွားဖွင့်ပေးတော့ ကိုထက် ခြံထဲကို ကားမောင်းဝင်လာပြီး ကားကို ဂိုဒေါင်ထဲ တန်းမောင်းသွားပါသည်။ ကားကို ဂိုဒေါင်ထဲ ထိုးပြီး ဂိုဒေါင်တံခါး ပိတ်ကာ သူတို့ရှိတဲ့ ခြံထဲကို တန်းလျှောက်လာပါသည်။ ကိုထက် ပုံစံက ပင်ပန်းနွမ်းနယ်နေတဲ့ပုံ ..၊ ပြီးတော့ စိတ်အနှောင့်အယှက် ကြောင့် ထင်တယ် .. မျက်နှာက မလန်း ..၊ မျက်ခုံးကလဲ အတွန့်ချိုး ထားပါသေးသည်။

ကိုထက် ညီမဖြစ်သူ မျက်နှာကို ကြည့်ပြီး အခြေအနေကို သဘောပေါက်ပုံ ရပါသည်။





ခက်မာ က ကိုထက် ကို စထိုင်ကတည်းက ...

"ဘယ်လိုလဲ ဆရာကြီး .. ဆင်တစ်ကောင်လုံး မြင်တာတောင် ကြွက်လို့ ငြင်းချင်သေးသလား .."

ခက်မာ စကားကြောင့် ကိုထက် စိတ်ညစ်သွားပါသည်။ သူလဲ သူ့အလုပ်တွေနဲ့ ချာလပတ်လည်နေအောင် ရှုပ်နေတာလေ ..။

"ဟာကွာ .. ခက်မာ ကလဲ ..၊ ထိုင်တောင် မထိုင်ရသေးဘူး.."

"တွေ့တုန်း ပြောထားတာ ကိုထက် ရေ .. ယောကျ်ားဆိုတာ ယုံရတာ မဟုတ်ဘူး .. သစ္စာ ကိုပဲ ကြည့်လေ .."

ကိုထက် ခက်မာ ကို စိတ်ပျက်တဲ့ဟန်နဲ့ ကြည့်ပြီး ...

"ဟုတ်ပါတယ် .. ကိုထက် လဲ သတင်းအကုန် ကြားပြီးပါပြီ ..၊ အဲဒီကိစ္စက သစ္စာ ကိစ္စလေ ..၊ ကိုထက် က ဘာအမှားလုပ်မိလို့လဲ.."

ထက်အောင် စိတ်ပေါက်ပေါက်နဲ့ ဘုတော တောတော့ ခက်မာ အနာပေါ် တုတ်ကျသလို ဖြစ်သွားပါသည်။ ပြောချင်နေတာက အရင်းကို ..။

"ဪ .. သစ္စာ က ကိုထက် ညီမဝမ်းကွဲ မဟုတ်ဘူးလား .. ကိုထက် က ဘယ်လိုအစ်ကိုလဲ .. ကိုယ့်ညီမဘက်က ဘိုယ်မနေတဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ခက်မာ .."

ထက်အောင် ဝုန်းခနဲ ထရပ်ပြီး ဒေါသနဲ့ပြောတော့ ခက်မာ ကလဲ အဆုံးထိ ပြဿနာရှင်းဖို့ အသင့်ပါပဲ..၊ သစ်သစ်က ခေါင်းကုတ်ပြီး..

"တော်ပါတော့ ခက်မာ ရယ် .. ကိုထက် က သူ့အလုပ်နဲ့ သူ စိတ်ရှုပ်နေရတဲ့အထဲဟယ် .."

"မဟုတ်ပါဘူးဟယ် .."

"တော်ပါတော့ .. ခက်မာ ရယ် .."

သစ္စာ ကိုယ်ကိစ္စနဲ့ ပြဿနာတက်နေတဲ့ ကိုထက် တို့ စုံတွဲကို ကြည့်ကာ မသက်မသာ ပြောမိတော့ .. ကိုထက် ညီမဖြစ်သူကို ငေး ကြည့်ကာ ...

"ငါ့ညီမ ဘယ်လို ခံစားနေရတယ်ဆိုတာ ကိုထက် သိပါတယ်၊ ကိုထက် အဲဒီကိစ္စတွေ စကားစမိရင် ညီမလေး ပိုခံစားမိမှာဆိုးလို့ ကိုကိုတောင် ညီမလေးနဲ့ မျက်နှာချင်းဆိုင် မတွေ့အောင် ရှောင်နေ တာ .."

ကိုထက် စကားကြောင့် ခက်မာ မဲ့ရွဲ့ကာနေတော့ သစ်သစ် က ခက်မာ ကို မျက်နှာရိပ်မျက်နှာကဲနဲ့ တားသည်။



"တချို့ကိစ္စတွေက ဘာမှမပြောဘဲ ဘေးက ကြည့်ရတာ အကောင်းဆုံးပဲ ညီမလေး ..၊ ဘာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ဘေးက ဟောင်ဖွာဟောင်ဖွာနဲ့ ပြောနေတော့ ညီမလေးက ပိုခံစားရ မှာပေါ့ .."

"ကိုထက်!..."

ထက်အောင် စကားကြောင့် ခက်မာ ဆွေ့ဆွေ့ခုန်နေပါတော့ သည်။ သစ်သစ် စိတ်ညစ်ရတဲ့အထဲ ရယ်လဲ ရယ်ချင်မိပါသည်။

"ရှင် ဘယ်သူ့ကို ပြောတာလဲ .. ကျွန်မကိုလား .."

ပွဲကတော့ ကြမ်းပြီဆိုတာ သစ်သစ် သိလိုက်ပါသည်။ ကျွန်မ တွေ ရှင်တွေ ဖြစ်ကုန်ပြီဆိုတော့ အခြေအနေက မကောင်းတာ အမှန် ပင် ..။ သစ်သစ် လိုပဲ သစ္စာ သူ့ဖိလင်နဲ့ သူ ဆွေးနေရတာတောင် ဘယ်လိုကဘယ်လို အစကပဲ ပြန်ဆွေးရမလိုလို သူတို့ကိုပဲ ထပြီး ဆွဲရမလိုလို ..။

"မင်း ထင်ချင်သလို ထင်လေ .."

"ရှင် မိုက်ရိုင်းလှချည်လား ..၊ လူမှ ဟုတ်သေးရဲ့လား .."

"လူမို့လို့ မင်းကို ဟိုတစ်ခါ အာဘွားပေးတာပေါ့ ..၊ ခွေးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အာဘွားပေးရင် မင်း ခံမလား ..”

“ရှင် မယုတ်မာနဲ့ ..”

“ဟော့ ဟော့ .. မင်းကို ငါ အာဘွားပေးတာ မဟုတ်တရုတ်တွေ လျှောက်မပြောနဲ့ ..”

ခက်မာ ဘာပြောရမှန်းမသိ .. ရှက်ရှက်နဲ့ ...

“တော်ပြီ .. ရှင့်ကို မပေါင်းဘူး ..”

“လုပ်ပြန်ပြီ .. မင်းနဲ့ ငါ ပေါင်းရအောင် မင်းက ငါ့မိန်းမမှ မဟုတ်တာ ..”

“ဟုတ် .. ဟုတ် မဟုတ်ဟုတ် .. ကွာမယ် ..”

“ကွာနေရင် ကော်နဲ့ ပြန်ကပ်လိုက် ..၊ တောက် .. ဘယ်လိုမိန်းမ မှန်းကို မသိဘူး စိတ်ရှုပ်ရတဲ့ကြားထဲ ..”

အဲဒီလိုပြောပြီး ကိုထက် ထွက်သွားတော့ ခက်မာ ငိုငါတော့ သည်။ သစ္စာ ကိုယ့်အပူထက် ဘေးအပူကို ပြန်နှစ်သိမ့် ဖြေသိမ့်နေရပါ သည်။

“မငိုပါနဲ့ ခက်မာ ရယ် ..၊ ကိုကိုက ဒီရက်ပိုင်းအတွင်း အလုပ်ရှုပ် နေလို့ စိတ်ရှုပ်ရှုပ်နဲ့ ပြောတာ ဖြစ်မှာပါ ..”



“မဟုတ်ဘူး .. သူယောက်ဖကို ထိရင် သေအောင် နာတဲ့လူ .. အသည်းနှလုံး မရှိတဲ့လူ ..၊ ဦးနှောက်မရှိတဲ့သူ .. ငါကိုယ်က မှားတာ ပါ .. ဒီလိုလူကိုမှ သွားပြီး ချစ်မိတာ မှားပါတယ်ဟယ် ..”

ခက်မာ နှာရည်တွေ သုတ်လိုက် .. ငိုလိုက်နဲ့ အလုပ်ရှုပ်နေတော့ သစ်သစ် က အမြင်ကပ်ကပ်နဲ့ ,...

“နင်က ငိုတော့ ငိုပေါ့ဟ .. နှာရည်တွေ ဟိုပစ် ဒီပစ် မလုပ်နဲ့ ဟဲ့ .. ငါတို့တွေ ပေကုန်ပြီ ..”

“တွေ့လား .. ကိုထက် ရဲ့ .. ကံဆိုးမ သွားလေရာ မိုးလိုက်လို့ ရွာ ဆိုတဲ့အတိုင်း ..”

ပြောရင်းဆိုရင်း မိုး တကယ် ရွာချတော့ သုံးယောက်သား အိမ် ထဲကို မနည်းပြေးခဲ့ရပါသည်။

ကံဆိုးပြီဆိုရင် ဘာမဆို လိုက်ဖြစ်တယ်ဆိုတာ မှန်ပါ့နော် ..၊

www.burmeseclassic.com

www.burmeseclassic.com



တောင်အကွယ်မှာ ...

ယောင်လည် ယောင်လည်နဲ့ မိုညှိုညှိုတွေ

ခက်ပါရဲ့ပြာယ် ..

လျှပ်ပြာဝေ တကယ်မြိမ်းရှာလို့

ဆိုးတဲ့ ဒီမိုး ..။





"မိုးတိမ် .. နင် ဘယ်မှာလဲ နင့်ု ငါ အခု တွေ့ချင်တယ် .."

မထင်မှတ်တဲ့အချိန်မို့ တစ်ဖက်က မိုးတိမ် အငိုက်မိသွားပုံရပါသည်။ အခု သစ္စာ ဆက်နေတဲ့ဖုန်းက သူငယ်ချင်းတစ်ယောက်ရဲ့ဖုန်းနံပါတ်မို့ မိုးတိမ် သစ္စာ လို့ မထင်ဘဲ ဖုန်းကိုင်မိခြင်း ဩမ်သည်။ သစ္စာ သက်ပြင်းသံ တစ်ခုလို့ ထင်သည်။

"ဒီလို လုပ်လေ .. ကိုယ် မနေ့ကတည်းက အိမ်ပြန်မရောက်သေးဘူး ..။ သစ္စာ နဲ့ ကိုယ် ညနေပိုင်းလောက် တွေ့လိုက်မယ်လေ .."

"သေချာမှ ချိန်းပါ မိုးတိမ် .."

"ဪ .. ကိုယ် သစ္စာ ကို မလိမ်ပါဘူး သစ္စာ ရယ် ..၊ ဒါဲနော်တိုယ့်ပါတနာတွေ ရောက်နေလို့ .."

www.burmeseclassic.com



ပြောလဲ ပြော ချက်ချင်း ဖုန်းချသွားပါသည်။ သစ္စာ နာနာကြ ကြည်း ရယ်မိပါသည်။ အခု သစ္စာ ရောက်နေတဲ့နေရာက မိုး တို့ အိမ်ရဲ့ ခပ်လှမ်းလှမ်းက လမ်းဘေးတစ်နေရာမှာပါ။ သူငယ်ချ တစ်ယောက်ဆီက ကားရော .. ဖုန်းရော အကူအညီတောင်းထား မို့ သစ္စာ တစ်ယောက်ထဲ မနက်အစောကြီး မိုးတိမ် တို့အိမ်ရဲ့ ခပ်လှ လှမ်းမှာ မိုးတိမ် ကားအထွက်ကို လာစောင့်နေခြင်း ဖြစ်ပါသည်။

အစကတော့ ခဏ်မာ နဲ့ သစ်သစ် ကို ဝင်ခေါ် မလို့ပေါ့။ နော တော့ စိတ်ပြောင်းသွားကာ မခေါ် လာဖြစ်တော့ပါ။

သိပ်မကြာပါဘူး .. အိမ်မှာ ပြန်မအိပ်ဘူး ..၊ အပြင်ရောက်နေ တယ်ဆိုတဲ့ ကိုယ်တော်ချောက ရေးကြီးသုတ်ပျာနဲ့ ကားကို အပြ မောင်းထွက်သွားတော့ မိုးတိမ် ရဲ့ ကားနဲ့ ခပ်လှမ်းလှမ်း သစ္စာ နောက်ယောင်ခံလိုက်ခဲ့ပါသည်။

မိုးတိမ် ကတော့ သူ့နောက်မှာ သစ္စာ ပါလာသည်မထင် ကားကို ခပ်အေးအေးပဲ မောင်းလာခဲ့ပါသည်။ တစ်နေရာရောက်တော့ ခြံကျယ်ကြီး တစ်ခု လဲကို ချိုးကွေ့ဝင်သွားပါသည်။ သစ္စာ လဲ လျှော မကောင်းဘာ မစောင့်နေပြီး လိုရမယ်ရ ယူလာတဲ့ မျက်မှန်အနက် ခပ်ကြ

ကြီး တစ်လက်ကို တပ်ထားလိုက်ပါတယ်။ သိပ်မကြာပါဘူး မိုးတိမ် ရဲ့ ကား ပြန်ထွက်လာပြီး သူမဘေးက ဖြတ်အမောင်း သူမ မသိသော ကြည့်လိုက်တော့ .. ထင်တဲ့အတိုင်းပင် ကားရှေ့ခန်းမှာ မိုးတိမ် တ ားမောင်းပြီး ဘေးမှာ ဂျူလီယာ ..၊ ရယ်လို့ မောလို့ပေါ့ ..။

"တောက်!..."

သူမ နာနာကြည်းကြည်း တောက်ခေါက်ပါသည်။

မိုးတိမ် ရယ်.. နင် ဘယ်လိုနလုံးသားနဲ့ ငါ့ကို ရက်စက်နေရတာ တယ် ..၊ ကိစ္စ အရေးကြီးတယ်ဆိုတာ ဂျူလီယာ ရဲ့ ဝေယျာဝစ္စ ာအတွက်လား မိုးတိမ် ..၊ သူက ငါ့ထက် ပိုအရေးပါနေပြီပေါ့ ..။

ကျလာတဲ့ မျက်ရည်စက်ကို သုတ်ပစ်ပြီး သူတို့ကားနောက်က ပြင်းလိုက်လာခဲ့မိပါသည်။ တော်တော်ကြာအောင် မောင်းလာပြီးတဲ့ တော်မှာ မိုးတိမ် တို့ မောင်းလာတဲ့ ကားလေးဟာ "အပြာရောင်.." အခြေဲရတဲ့ ဟိုတယ်တစ်ခုထဲကို ချိုးကွေ့ဝင်ရောက်သွားပါသည်။

သူမ နှုတ်ခမ်းကို ကိုက်မိပါသည်။ မျက်ရည်စက်တွေက ဖိုးဖိုး ပေါက်ပေါက် ဒီအခြေအနေအထိတောင် ရောက်နေတဲ့ ဓာတ်လမ်း ငါက ဘာမှ အသုံးမကျ ..၊ မသိနားမလည်တဲ့ လူတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်မှိတ် ခံစားနေရမှာပေါ့ .. ဟုတ်လား လူလိမ် ရယ် ..၊ တွေ့ကြသေးတာပေါ့ မိုးတိမ် ရယ် ..၊ နင်တို့ ပြန်ထွက်လာတဲ့အထိ ငါ ဒီက စောင့်နေမယ် မိုးတိမ် ..။ နင် ဘယ်လိုမျက်နှာမျိုးနဲ့ ငါ့ကို ဖြေရှင်းမလဲ ..၊ ဘယ်လို ဆင်ခြေတွေ ပေးဦးမလဲ ငါ့ မျက်နှာမြင်ရင် နင် ဘယ်လို ဖြစ်သွားမလဲ ကြည့်ကြသေးတာပေါ့ .. မိုးတိမ် ..။

ရုတ်တရက် မိုးတွေက သည်းထန်စွာ ရွာချလာပါသည်။ ကားဝိုက်ပါ အသုံးပြုပြီး ရှေ့မှန်ကတစ်ဆင့် ဟိုတယ် ထွက်ပေါက်ကို မျိုတ်မသုန် ငေးကြည့်နေစဉ် ...

"ခေါက် .. ခေါက် .."

ကားမှန်တံခါးကို လာခေါက်တဲ့ လူရိပ်ကြောင့် ဘေးမှန်တံခါးလုတ်ကို ပြန်ဖွင့်ပေးမိပါသည်။ မထင်မှတ်ပဲ မိုးရွာထဲမှာ မိုးကာအင်္ကျီခေါင်းအထိ ခြုံပြီး မြင်လိုက်ရတာက ကိုကို ..။

"ကိုကို .."

"သစ္စာ .. ညီမလေး .."

သူမ မထင်မှတ်ဘဲ ရောက်ချလာတဲ့ အားကိုးကြောင့်ထင်တယ် သူမ မျက်ရည် အပြင်ကမိုးစက်တွေနဲ့ အပြိုင် ပြိုဆင်းလာပါသည်။



ကိုကို သူမကို ငေးကြည့်ပြီး ကရုဏာသက်ဟန်နဲ့ ...

"မငိုနဲ့တော့ ညီမလေး .. မပြောနဲ့ ..၊ ကိုကို အားလုံး သိတယ် အရေးကြီးဆုံးက အိမ်ပြန်ဖို့ပဲ ညီမလေး ..၊ ဒီကောင်လို ကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ရဲ့ သိက္ခာနဲ့ ညီမလေးရဲ့ အရှက်တရားကို ဒီနေရာမှာ လဲမလို့လား ..၊ သေချာစဉ်းစားပြီးမှ လုပ်ပါ ညီမလေး ရယ် .. သိပ်မကြာခင် ဒီပြဿနာအားလုံးကို ကိုကိုကိုယ်တိုင် ဖြေရှင်းပေးမယ် ..၊ ငါ့ညီမက လိမ္မာပါတယ်ကွာ .. ရှေ့ကမောင်း .. ကိုတို့နောက်က လိုက်ခဲ့မယ် ဖြစ်မလား .."

သူမ စိတ်လျှော့လိုက်ပြီး ကိုတို့ စကားကို နားထောင်လိုက်ပါသည်။

သစ္စာ ကိုကို့ စကားကြောင့် သဲသဲမဲမဲရွာနေတဲ့ မိုးစက်တွေကြားထဲ ကားကို မောင်းထွက်လာခဲ့ပါသည်။ သစ္စာ ရဲ့ကားလေး မြင်ကွင်းက ပျောက်သွားမှ .. ထက်အောင် စိတ်မောလူမောနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ သူ့ရဲ့ကားဆီသွားကာ ကားတံခါး ဖွင့်ပြီး ခြေပစ်လက်ပစ် ထိုင်နေမိပါသည်။

သစ္စာ ဒီအထိ လိုက်လာလိမ့်မယ်လို့ ထက်အောင် တကယ်

www.burmeseclassic.com



မထင်ခဲ့ ..၊

သိပ်မကြာခင်အချိန်က မထင်မှတ်ဘဲ ဖုန်းဝင်လာပါတယ် မိုးတိမ် ဆီကပေါ့ ..၊

"ကိုထက် .."

"ဆို .. မိုးတိမ် .."

"ကျွန်တော် အိမ်က ထွက်လာကတည်းက ကျွန်တော့်နောက်မှာ ကားတစ်စီးနဲ့ သစ္စာ နောက်ယောင်ခံလိုက်နေတယ် ကိုထက် .."

မိုးတိမ် စကားကြောင့် ထက်အောင် ခေါင်းနပမ်းကြီးသွားပါသည်။

"ဟော့ကောင် .. မင်း ကားပေါ်မှာ .."

"စိတ်မပူပါနဲ့ .. ကျွန်တော် အခုမှ ဂျူလီယာ တို့ခြံရှေ့ ရောက်နေတာ ..၊ အဲဒါကြောင့် ကြိုပြောထားတာ .."

"ဒါဆို .. မင်းတို့ Blue Hotel သွားတော့မှာပေါ့ .."

"အင်း .. ဟုတ်တယ် ..၊ အဲဒါကြောင့် ကိုထက် ကို လှမ်းမှာနေတာ .. တော်ကြာ သစ္စာ ဝင်ရှုပ်ရင် အစီအစဉ်တွေ အကုန်လွဲချော်ကုန်လိမ့်မယ် ကိုထက် .."



"ဟာ .. မဖြစ်ဘူး ..၊ လွဲလို့ကို မဖြစ်ဘူး .. သစ္စာ ကိစ္စ ငါ့တာဝန်ထား ..၊ မင်းသာ ပိပိရိရိ ဖြစ်ပါစေ .."

"စိတ်ချပါ ကိုထက် .. ဒါပဲနော် .."

တော်သေးတယ် ဆိုရမှာပေါ့ ..၊ သူ အချိန်မီ ရောက်လာလို့ပေါ့။ သစ္စာ ပုံစံက တကယ့် မိုက်ရူးရဲ လုပ်တော့မယ့် ပုံစံ ..၊

"ဟူး .."

သက်ပြင်းကို မှုတ်ထုတ်ရင်း ခြေဝစ်လက်ဝစ် ဆိုဖာပေါ် မှီမိတာသူ ကားတံခါးမှန်ကို ချလိုက်မိပါသည်။ အသည်းအသန် တိုးဝင်ချင်နေတဲ့ မိုးစက်တွေ သူ့ထံ ခုန်ဝင်လာပါသည်။ အမှန်တော့ ထက်အောင် ဘာဝန်ကျတာက နယ်စပ်ဂိတ်တစ်ခုမှာပေါ့ ..။ သူတို့ရွာနက အထူးသယ်လို့ပဲ ခေါ်ခေါ်ပေါ့ ..။

ဖြစ်ချင်တော့ နယ်စပ်ဘက်က မူးယစ်ကုန်သည်တစ်ယောက် ဒီထဲ ဝင်လာသည်တဲ့။ သူ တာဝန်ပေးချက်အရ ရန်ကုန်ရောက်လာသည်ဆိုပါတော့ ..၊ တစ်နေ့ သတင်းတစ်ခု ရသည်။ သတင်းလာပေးသူက မိုးတိမ် ..၊ မိုးတိမ် သိထားသည်ကလဲ ဦးကျော်ဆီက တစ်ဆင့်ပေါ့ ..။ တစ်နေ့ နယ်တူမွာထီတွေဆီ သွားရမယ့် ကားတစ်စီးရဲ့ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကို မထင်မှတ်ဘဲ ဖြုပြင်ရင်း ကားတံခါးဂျက်နဲ့ အတွင်းဘက်ကို ဖြုတ်ရင်း ဖြူဖြူအထုပ်တစ်ထုပ် တွေ့သည်တဲ့။

အမှန်တော့ ဒီကားက ကုမ္ပဏီက ကားပြင်ဆင် ကြံခိုင်ရေးဌာန မှာ ဇော်မင်းထက် တို့ စစ်ဆေး ပြင်ဆင်ပြီးတဲ့ကားပါ။ ပြီးတော့ နယ်ကို မောင်းရမှာက .. နိုင်ငံခြားသားတစ်ယောက်ရယ် ..၊ မိုးတိမ် နဲ့ ဇော်မင်း ထက် ပေါ့။ မိုးတိမ် ဒီကားနဲ့ အန်ကယ့်ကို လိုက်ပို့ပြီးအပြန် ကား မောင်းတဲ့ဘက်က တံခါးမှန် ကျပ်နေတာကြောင့် ကုမ္ပဏီကားဆားဗစ် ဌာနဆီ ပြန်လာ ကာ ဦးကျော် ကို တစ်ယော်က်ယောက် အမြန်ပြင်ခိုင်း ဖို့ ပြောတော့ ဦးကျော် က အလုပ်သမားတွေ အလုပ်ဆင်းသွားပြီမို့ သူကိုယ်တိုင် တစ်ယောက်ထဲ ပြင်ဆင်ပါတော့သည်။ အဲဒီမှာတင် အဲဒီ ဖြူဖြူအထုပ်ကို တွေ့ခဲ့တာပေါ့။ အမှန်တော့ .. ဒီအထုပ်က သူတို့ မယူသေးတဲ့ အထုပ်ပေါ့။

နောက်တော့ ဦးကျော် စိတ်ချယုံကြည်ရတဲ့ အလုပ်သမားတစ် ယောက် နှစ်ယောက်ကို စုံစမ်းခိုင်းတော့ ဇော်မင်းထက် တို့က ဦးကျော် ကို ဒါကြောင့် အလိုမရှိတာကို ..။ သူတို့ကုမ္ပဏီက နာခည်ရ စီးကရက် နဲ့ အခြားပစ္စည်းတစ်မျိုးကို မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တင်



သွင်းသည့် ကုမ္ပဏီလေ ..၊ နာမည်ပျက် မရှိသည့် ကုမ္ပဏီ..။ အဲဒါကို ဇော်မင်းထက် တို့က ကောင်းကောင်း အသုံးချသည်။ နယ်စပ်ဘက်က နေ ဘိန်းဖြူတွေကို ကားကိုယ်ထည်မှာ ဖွက်ယူ သယ်ဆောင်ပြီး ဒီ ဘက်ကို ပို့သည်။

အစကတော့ ဦးကျော် .. မိုးတိမ် နဲ့ ထက်အောင် တိုင်ပင်မိပြီး အန်ကယ်ထူး ကို ဒီကိစ္စထဲ ခေါင်းဆောင်ပိုင်းတစ်ယောက်လို့ ထင်ခဲ့ သည်။ အမှန်တော့ မဟုတ်ပါ ..၊ ဒါပေမယ့် ဒီကိစ္စတွေကို အန်တယ် သိသည်။ အဲဒါက ဂျူလီယာ ဆိုတဲ့ ရွှေသမင်မလေးကိစ္စ ..။ ဂျူလီယာ က ဇော်မင်းထက် ..၊ ဇော်မင်းထက် ဆိုတာက (နောင်မှသိရတာလေ) သူတို့ဂိုင်းထဲက နေဇော်ထက် ရဲ့ အစ်ကိုတဲ့ ..။ ဇော်မင်းထက် ကို ကြိုးကိုင်နေသူတစ်ဦး ရှိသည်။

သူတို့က စေတန်နတ်သမီး ဂျူလီယာကို ဦးစက်ထူး နားကို ပို့ လိုက်သည်။ ဦးစက်ထူး ကို မြူဆွယ်သည်။ ပြီးတော့ မငိုလားအခ်တဲ့ ဓာတ်ပုံတွေနဲ့ ခြိမ်းခြောက်သည်။ နောက်ဆုံးတော့ ဒီကုမ္ပဏီရဲ့ နယ် အဝင်အထွက် ကားတွေရဲ့ ကြံခိုင်ရေးဆားဗစ်မှန်သမျှကို ဇော်မင်း ထက် ကလွဲပြီး ဦးကျော် တောင် ခြယ်လှယ်ခွင့် မရှိတော့ ..။

www.burmeseclassic.com



ဒါကြောင့် ဒီကိစ္စကို ဖြေရှင်းဖို့ အန်ကယ်ထူး က မိုးတိမ် နဲ့ ထက်အောင် .. ဦးကျော် တို့ကို တိုင်ပင်သည်။ ကိုထက်အောင် က အပြင်က သူ့အဖွဲ့နဲ့ လှုပ်ရှားသလို .. မိုးတိမ် က တည်ကြက်ဖြစ်တဲ့ ဂျူလီယာ ကို ဝင်လုံးသည်။ ဂျူလီယာ ဆီကတစ်ဆင့် သိခဲ့ရတာက Blue ဟိုတယ်က သူတို့ကို ကြိုးကိုင်နေသူရဲ့ ဟိုတယ် ..။ (ပိုင်ဆိုင်မှု တစ်ခုပေါ့။)

နောက် .. ဒီဟိုတယ် ပိုင်ဆိုင်သူကို ထက်အောင် စုံစမ်းလိုက်တော့ .. ဦးစက်ထူး တို့နဲ့ ယှဉ်ပြိုင်ကုမ္ပဏီပိုင်ရှင် ဦးထွေးလေး တဲ့..။ ဂျူလီယာ က ဦးထွေးလေး ရဲ့ လေးယောက်မြောက် နန်းဆောင်ရ မယားငယ်.. အဲ .. မယားပြိုင် ဒါဆို လုံလောက်ပြီလေ ..။ ဦးထွေးလေး ကတော့ လူကြားကောင်းအောင် ဂျူလီယာ ဟာ သူ့တူမတဲ့ .. သူတို့ တွေ အားလုံးကတော့ မိုးတိမ် ဆိုတဲ့ ချာတိတ်ကလဲ ဂျူလီယာ မာယာ အောက်မှာ မျောနေသည်လို့ ထင်ပုံရသည်။

ဒါတွေအားလုံးကို သစ္စာ သိလို့ မဖြစ်တာ အမှန် ..။ လူသိနည်း လေ ပိုကောင်းလေ အခြေအနေမှာ သစ္စာ က .. မိုးတိမ် ကို ကောက်ကျစ်ယုတ်မာတဲ့သူလို့ ထင်တာ မဆန်း ..။



ပိုဆိုးတာက မီးလောင်ရာ လေပင့်တဲ့ .. ခက်ဓာ ..၊ ခက်ဓာ ထ ဒီအထဲမှာ အဆိုးဆုံး ..၊

စဉ်းစားခန်း မဆုံးခင် ဖုန်းမြည်လာတာကြောင့် ဖုန်းကို ဖွင့်လိုက်တော့ မိုးတိမ် ဆီက ..၊

“ကျွန်တော် ဂျူလီယာ ကို ပြန်ပို့ပေးပြီးပြီ ကိုထက် ..”

“မင်း .. အပြာရောင်ထဲမှာ ငထွေးလေး ကို တွေ့တယ်ပေါ့ ..”

မိုးတိမ် က ရယ်ပြီး ...

“ဒီလူကြီးကတော့ ငါ့တူမနဲ့ မင်းကို မကြာခင် ပေးစားတော့မယ် ဆိုတာချည်းပဲ ကိုထက် ရေ ...”

“ဒါနဲ့ ..”

“သိတယ် အစ်ကို .. ဟိုတယ်ရဲ့ နောက်ဘက်မှာ ဂိုဒေါင်တစ်ခု ရှိတယ် ..၊ တော်ရုံလူ ဝင်လို့ မရဘူး .. အစောင့် အမြဲရှိတယ် ..၊ နောက်တစ်ခုက မန်နေဂျာရုံးခန်းရဲ့ စားပွဲထိပ် ရှေ့ဆုံးစားပွဲထိပ်ရဲ့ ညာဘက်ခြေတိုင်အောက်ကို ဓားနဲ့ ကလော်လိုက်ရင် အံ့ဝှက်တစ်ခု တွေ့လိမ့်မယ် ..၊ အဲဒီ အံ့ဝှက်ထဲမှာ အန်ကယ်ရဲ့ စာတမ်းတွေထို တွေ့ လိမ့်မယ် ..၊ ခင်ဗျားလူတွေကို လွှတ်လိုက်တော့ ကိုထက် .. ဒီတိုင်းထက်

www.burmeseclassic.com



မန်နေဂျာက ညှ ရှစ်နာရီလောက်ဆို အဲဒီဟိုတယ်နားက စင်တင်

တေးဂီတမှာ သားရည်တမြမြနဲ့ ရှေ့ဆုံးဝိုင်းမှာ ရောက်နေလောက်

ပြီ ..”

“စိတ်ချ .. မိုးတိမ် ..”

“သစ္စာ ဘယ်လိုပြန်သွားလဲ ကိုထက် ..”

သစ္စာ ဆိုတဲ့ စကားကြောင့် သူ သက်ပြင်းချမိသည်။ အခြေအနေ

ကို မိုးတိမ် သဘောပေါက်ဟန် ရှိသည်။

“အေးလေ .. အခု အခြေအနေမှာတော့ ကျွန်တော့်ကို သူ ခါးခါး

သီးသီး မုန်းနေမှာပေါ့ ကိုထက် ရယ် ..”

ကျွန်တော် မိုးတိမ် ကို စိတ်ဖြေသိမ့်သည့်အနေနဲ့ ...

“ထားလိုက်ပါကွာ .. တစ်ချိန်မှာ သစ္စာ အဖြေကို သိလာမှာပါ..”

ဟုတ်တယ်လေ .. ဒီလိုပဲ ဖြေသိမ့်ရတော့မှာပေါ့ ..။





“သေချာတယ်နော် .. ခက်မာ ..”

“သေချာပါတယ်ဆို .. ကိုထက် နဲ့ မိုးတိမ် ဖုန်းပြောနေတာ ငါ

ခိုးပြီး နားထောင်ခဲ့တာ ..”

“အဲဒီ ပါတီက .. ဘယ်မှာ လုပ်မှာလဲ ..”

“Blue ဟိုတယ်တဲ့ .. နင် သိလား ..”

သူမ မဲ့ပြုံးပြုံးပြီး ...

“သိပ်သိတာပေါ့ဟာ ..”

“အေး .. ဒီည ခုနစ်နာရီ နော် ..”

“စိတ်ချပါ ခက်မာ ရယ် .. ငါ ဆက်ဆက်စောင့်နေမယ် .. နင်

ငါ့တို့ ဝင်ခဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ စိတ်ချ .. ငါလဲ ဒီကောင့်မျက်နှာ ဘယ်လိုဖြစ်သွားမေ့ လဲ ကြည့်ချင်နေတာပဲ .. ကဲ .. ဒါပဲနော် .."

ခက်မာ ဖုန်းချသွားတော့ သစ္စာ ဆုံးဖြတ်လိုက်ပါသည်။ သူ့ရင်ထဲမှာ တအုံ့နွေးနွေး ဖြစ်နေတဲ့ ပြဿနာကို ဒီညမှာ အပြီးသတ်ရတော့မယ်လေ ..၊ Blue Hotel အပြန်လမ်းနေ့ကစပြီး သစ္စာ မိုးတိမ်ဆီ ဖုန်း လုံးဝ မဆက်ခဲ့။ မိုးတိမ် ဆီကလဲ ယောင်ပြီးတော့တောင် ဖုန်းမလာ ..။ နေနိုင်စိမ်းကားရက်တဲ့ လူလိမ်တစ်ယောက်ဆိုတာ သစ္စာ သိခဲ့ရပါပြီ။ ဒါပေမယ့် အဲဒီ လူလိမ်ကိုမှ သူမက အစွဲအလမ်းကြီး ခဲ့ရတာကို ..။

ညနေ ခြောက်နာရီခွဲလောက်မှာတော့ ခက်မာ သူမကို ကားနဲ့ လာကြိုပါသည်။ ကားပေါ် က ခက်မာ က မဆင်း ..၊ သစ္စာ ကားတံခါး ဖွင့်ဝင်ထိုင်တော့ ...

"ဟာယ် .. လှလိုက်တာ သစ္စာ ရယ် .."

သူမက နင့်နင့်သီးသီး ရယ်ရင်း ...

"အခုလို ပြင်ဆင်ထားတာတွေက မိုးတိမ် ဆိုတဲ့ လူလိမ်တစ်ယောက်အတွက် နောက်ဆုံးမြင်ရဖို့ ညှို့ခံပေးတဲ့ သဘောပေါ့ဟာ.."





ဟုတ်ပါတယ် ..၊ သစ္စာ က အပြင်အဆင် နည်းသည်။ တော်ခဲ့ တန်ရုံပွဲလောက်ဆို သိပ်မပြင်ဆင် ..။ အခုပွဲက ...

ခက်မာ ဘာမှ ဆက်မပြောတော့ဘဲ ကားကို မောင်းထွက်လာခဲ့ပါသည်။ သူတို့ ဟိုတယ်အဝင်ဝကို ရောက်တော့ ခက်မာ က ကိုယ်တော် အောင် ဆီက မသိမသာ ယူထားတဲ့ ဖိတ်စာကတ်ကို ပြသည်။ အဝင်ဝက လုံခြုံရေးတွေက တရိုတသေ အရိုအသေပြုပြီး ကားတံခါး ဖွင့်ပေးသည်။ သူမတို့နှစ်ယောက် ကားပေါ် က ဆင်းတော့ တစ်ယောက် တသောတောင်းကာ ကားကို နေရာရွှေ့ပေးပါသည်။ ညှို့ခံပွဲလာတဲ့ သူအပေါင်းက အနက်ရောင်ဝမ်းဆက် ဂါဝန်နဲ့ လှချင်တိုင်းလှနေတဲ့ သစ္စာ ကို ငေးချင်တိုင်း ငေးနေကြတာပေါ့။

သူမတို့ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ပါသည်။ ပြီးတော့ အခြေအနေကို အကဲခတ်သည်။ တွေ့ပါပြီ .. ဦးထွေးလေး တို့ လူကြီးလူကောင်းဝိုင်းမှာ ဦးထွေးလေး .. ဂျူလီယာ တို့နဲ့ အတူတူ မိုးတိမ် ..၊

"ဟဲ့ .. ဟိုမှာ .."

ခက်မာ လှမ်းပြတာကို သစ္စာ မြင်လိုက်သလို မိုးတိမ် လဲ သစ္စာကို လှမ်းမြင်လိုက်ပါသည်။ မိုးတိမ် ရဲ့ မျက်နှာ အကြီးအကျယ် ပျက်



www.burmeseclassic.com

www.burmeseclassic.com



ယွင်းနေပါသည်။ ကျေနပ်စရာကောင်းလှတဲ့ မြင်ကွင်းပါပဲ ..။

မိုးတိမ် သူမရှိရာ ဝိုင်းကို ခပ်မြန်မြန် လျှောက်လာပြီး ...

"မင်း .. ဒီကို ဘာလာလုပ်တာလဲ သစ္စာ ..၊ မင်း ဒီက ထွက်သွားပေးပါ ..၊ ငါ တောင်းပန်ပါတယ် .. သစ္စာ ရယ် .."

သူမ ဝုန်းခနဲ ထရပ်တော့ ဘေးဝိုင်းတချို့က လှမ်းကြည့်သည်။

"ကျွန်မက ထွက်သွားပေးရမယ် ဟုတ်လား မိုးတိမ် ..၊ ရှင့်မှာ ကြင်နာသနားတတ်တဲ့ နှလုံးသားရော ရှိရဲ့လား ..၊ ရှင် .. ဒီနေ့ ဒီနေရာမှာ ရှင့်ဆီက စကားတစ်ခွန်း ကြားချင်လို့ မဖြစ် .. ဖြစ်တဲ့နည်းနဲ့ ရောက်လာခဲ့တာပဲ .."

"ကိုမိုး .."

ဂျူလီယာ လဲ ရောက်လာခဲ့ပါသည်။ ဂျူလီယာ မျက်နှာပေါ်မှာ သံသယတွေ ကပ်ငြိနေပါသည်။ ဒီအမျိုးသမီးက ဘာလာရှုပ်တာလဲ ဆိုတဲ့ အကြည့်တွေနဲ့ သစ္စာ ကို ကြည့်သည်။

"သူက ဘယ်သူလဲ .. ကိုမိုး နဲ့ ဘယ်လို ပတ်သက်နေလဲ .."

မိုးတိမ် ခေါင်းငိုက်စိုက်ကျသွားပါသည်။ တစ်စတစ်စ သူတို့ဝိုင်းကို လူတွေ စိတ်ဝင်စားလာပါသည်။ ဦးထွေးလေး တို့ အပါအဝင်ပေါ့





စကားပြန်မပြောနိုင်ဘဲ ငူငူကြီး ရပ်နေတဲ့ မိုးတိမ် ကို သူမ စိတ်မရှည်နိုင်ပဲ ...

"ပြောလိုက်လေ .. ရှင် အမှန်အတိုင်း ပြောလိုက်လေ .. ရှင် သတ္တိမရှိဘူးလား .."

ကျွန်မရဲ့ ခပ်ဆတ်ဆတ် ဒေါသသံက ကျယ်လောင်သွားပါသည်။ ဂျူလီယာ လဲ စိုးတထိတ်ထိတ်နဲ့ ...

"ကိုမိုး ဘာတွေဖြစ်နေတာလဲ .. သူပြောတဲ့အတိုင်း အမှန်အတိုင်း ပြောပြပါ .."

မိုးတိမ် ဆုံးဖြတ်လိုက်သည့်ပုံ ..၊ ပြီးတော့ ခပ်ငေးငေးနဲ့ သစ္စာ ကို ကြည့်သည်။ အသံတွေ တိတ်ဆိတ် ငြိမ်သက်သွားသ သို့ပဲ သစ္စာ ဒီပွဲကို အပြုံးနဲ့ အနိုင်ပိုင်းနိုင်ပါပြီ ..။

"သူနဲ့ ကိုယ် ဘာမှ မပတ်သက်ခဲ့ဘူး .. ဂျူလီယာ .."

"ဟင်!..."

မထင်မှတ်တဲ့ စကားတစ်ခွန်း မထင်မှတ်တဲ့သူဆီက ရလိုက်ခဲ့လို့ သစ္စာ ပါးစပ်အဟောင်းသား ..။ ဒါ .. မိုးတိမ် ရဲ့ အဖြေလား ..၊

"တောက်!..."



www.burmeseclassic.com

သစ္စာ ဘေးက ခက်မာ ရဲ့ ဒေါသစကြီး တောက်ခေါက်သံနဲ့ အတူ ခက်မာ ရဲ့ စကားသံတွေကို သစ္စာ မျက်ရည်ပိုးပိုးပေါက်ပေါက်နဲ့ ကြားနေရပါသည်။

"နင်ဟာ .. လူစိတ်မရှိတဲ့ ခွေးလိုကောင် မိုးတိမ် ..၊ ဟင်း - ဟင်း .. နင်က တော်ပါတယ် ..၊ လိမ်လည်လှည့်ဖြားတဲ့နေရာမှာ နင့်လောက် တော်တဲ့သူ မရှိဘူး မိုးတိမ် .."

သူမ နှုတ်ခမ်းပေါက်သွားမတတ် နှုတ်ခမ်းကို ကိုက်မိပြီး မိုးတိမ်ကို နောက်အဆုံးအနေနဲ့ ကြည့်မိသည်။ သူမရဲ့ မျက်နှာက နှမြောတသ ဆုံးရှုံးရသူလို .. အသနားခံသူလို ..။

"ငါ့ကို အခွင့်အရေး တစ်ခုလောက် ပေးပါဟယ် .."

"ဟာ .. ဘာတွေလဲကွာ .. မြန်မြန် ကိစ္စရှင်း ကိုမိုး .."

ဂျူလီယာ ဆီက စိတ်ရှုပ်တဲ့ အသံကြောင့် မိုးတိမ် က ...

"ပြောပါ သစ္စာ .."

"မျက်ဝန်းလေး မှိတ်ပေးပါ .."

မိုးတိမ် မျက်ဝန်းမှိတ်ပေးပါသည်။ သူမ ကြည်နူးကြေကွဲတဲ့ မျက်ရည်တွေနဲ့ ပြုံးပြီး ...





"ရော့ .. နင့်လိုကောင် အတွက် .."

"ဖြန်း .."

"ဒါက လိမ်လည်လှည့်ဖြားတတ်တဲ့ နင့်နှုတ်ခမ်းအတွက် .."

"ဖြန်း .."

မိုးတိမ် တုတ်တုတ်မျှ မလှုပ် ..၊ ဂျူလီယာ ဒေါသပေါက်ကွဲသွားပါသည်။

"ဟော့ .. ဘာလုပ်ကြတာလဲ .. ဒီပွဲကို လာဖျက်တဲ့ဟာတွေကို ဆွဲထုတ်ကြစမ်း .."

လူအုပ်ကြားထဲက ဝန်ထမ်းတွေက ပြေးထွက်လာတော့ မိုးတိမ် သက်ကာပြကာ ...

"မလုပ်နဲ့ သူတို့ဘာသာ သွားပါစေ .."

"လာပါ သစ္စာ ရယ် ..၊ နင် ကျေနပ်လောက်တဲ့အထိ လုပ်ပြီးပြီပဲ .."

ခက်မာ အခြေအနေကို နားလည်သဘောပေါက်တာကြောင့် ကားဆီ ဆွဲခေါ်လာခဲ့ပါသည်။ ကားထဲရောက်တော့ သစ္စာ ရှိုက်ငိုချပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကျေနပ်တယ် ခက်မာ .."

ခက်မာ ကားစက်နှိုးတော့ သစ္စာ မျက်ရည်တွေကို သုတ်ပြီး မငို တော့ပါ။ ဘာမျှော်လင့်ချက်မှ မထားတော့ပဲ မျက်လုံးမှိုင်းမှိုင်းတွေနဲ့ ဆိုတော့ ...

"ဘာကိုလဲ သစ္စာ .."

"ငါ့ဘဝမှာ ဒီနေ့ ဒီအချိန်ကစပြီး မိုးတိမ် ဆိုတာ မရှိတော့ပါဘူး ဟာ .."

ခက်မာ ကျေကျေနပ်နပ်နဲ့ ပြုံးမိပြီး ခြံထဲက ကားကို မောင်း ထွက်လာတော့ ခြံတစ်ခုလုံး မီးပျက်သွားပါသည်။

သူတို့ကားလေးကတော့ ကတ္တရာလမ်းပေါ်ကို ခေးတင်ကာ အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်လာခဲ့ပါသည်။



"ထားလိုက်စမ်းပါ ကိုမိုး ရယ် .. ဒါတွေက ဂျူလီယာ နဲ့ မတွေ့ ခင်က ကိစ္စတွေ မဟုတ်လား .. ဂျူလီယာ ခွင့်လွှတ်တယ် .."

ဂျူလီယာ က သူ့ပခုံးကို မှီပြီး ပြောတော့ ...

"ဂျူလီယာ .."

"ရှင် .."

တစ်ခြံလုံး မီးတွေ ပျက်သွားပါသည်။

ရုတ်တရက် အမှောင်ထဲမှာ ခုံပြိုလဲသံ တွန်းတိုက်သံတွေ .. ပြီးတော့ မီးတန်းတွေ ချက်ချင်းဆိုသလို မီးလင်းလာပါသည်။

"ဟင်!..."

ဂျူလီယာ ပါးစပ်အဟောင်းသားနဲ့ သူမ လက်ကို ငုံ့ကြည့်နေပါ သည်။

www.burmeseclassic.com

ဟုတ်ပါတယ်.. ဂျူလီယာ လက်ကောက်ဝတ်နှစ်ဖက်မှာ စတီး ရောင် ပြောင်လက်နေတဲ့ လက်ထိပ်တစ်စုံ ..။

"ကိုယ့်ကို ခွင့်လွှတ်ပါ ဂျူလီယာ .."

"ကွန်ကရက်ကျူလေးရှင်း .. မိုးတိမ် .. အချိန်ကွက်တိပဲ .."

ကိုထက် နဲ့အတူ လျှောက်လာတဲ့ မိုလ်ကြီးစိုးမြတ် က ကျွန် တော့်ကို လက်ဆွဲ နှုတ်ဆက်ပါသည်။

သူကတော့ ပွဲမပြီးဆုံးသေးဘူးလို့ စိတ်ထဲက ကြိုသိနေပါသည်။ အဲဒါကြောင့် ...

"ကိုထက် .. ဇော်မင်းထက် တို့ ညီအစ်ကို .."

"ဟာ .. ဟုတ်သားပဲ ..၊ မိုလ်ကြီး ဒီအခြေအနေကို ထိန်းထား လိုက် .. ကိုရဲမင်း ခင်ဗျားလူတွေ ခေါ်ပြီး လိုက်ခဲ့ .. သွားမယ် .. မိုးတိမ် .."

လက်ဟန်ခြေဟန်နဲ့ ပြလိုက်တော့ ကိုထက်အောင် ရဲ့လူတွေ က ကားတွေ အသင့်စီစဉ်ပေးပြီးသား ..၊

ကျွန်တော်တို့ ခြံဝမှာ အသင့်စောင့်နေတဲ့ ကားတွေဆီ ပြေးရပါ သည်။



နောက်ကားမှာ ကိုရဲမင်း နဲ့ သူ့အဖွဲ့ .. ရှေ့ကားမှာ ကျွန်တော်နဲ့ ကိုထက်အောင် ဝင်ထိုင်တော့ မောင်းသူနေရာမှာ ကိုထက်အောင် တို့အဖွဲ့က ကိုတိုးအောင် က နေရာယူပြီး ...

"ဘယ်လဲ မိုးတိမ် .."

ကျွန်တော် နေရာတစ်ခုကို ပြောပြတော့ ကိုတိုးအောင် က ခေါင်းညိတ်ပါသည်။

ကားနှစ်စီး လူအပြည့်နဲ့ ရှေ့ဆက်ခဲ့သည်။

www.burmeseclassic.com



"စိတ်တော့ မကောင်းဘူးပေါ့ .. သမီးရယ် .."

ဖုန်းဆက်ပြီး ဖုန်းကို ဖေဖေက ပြန်ပိတ်ကာ သူမဆီ ဦးတည်လျှောက်လာပြီး ဆိုဖာပေါ် ခြေဝစ်လက်ပစ် ထိုင်ကာ အခုလို ပြောတော့ ...

"ဘယ်သူ .. ဘာဖြစ်လို့လဲ ဖေဖေ .."

ဖေဖေ မျက်နှာကြက်ကို စိတ်မောလူမောပုံစံနဲ့ ပက်လက်လှန်ကာ ငေးကြည့်နေပြီး ...

"မိုးတိမ် ဆေးရုံမှာတဲ့ .."

မိုးတိမ် နဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ပါဘူးလို့ စိတ်က ဘယ်လိုပဲ ဆုံးဖြတ်ချက် ချခဲ့ .. ချခဲ့ သူမက သံပတ်ပေးထားတဲ့ အရုပ်တစ်ရုပ်လို ပေါက်ခနဲ ..။

"မိုးတိမ် ..၊ မိုးတိမ် .. ဘာဖြစ်လို့လဲ ဖေဖေ .."

မျက်ရည်တွေက ချစ်ခြင်းမေတ္တာ ကျန်ရှိနေသေးကြောင်း အဆိုတင်သွင်းသလိုပါပဲ ..။



"ဖေဖေ အစအဆုံး ပြောပြပါတော့မယ် သမီးရယ် ..၊ အဲဒီ ဂျူလိယာ ဆိုတာ ဖေဖေနဲ့ အရင်းပတ်သက်ခဲ့တာ သမီး .."

"ရှင်!..."

ကိုယ့်နားကို ကိုယ်မယုံနိုင်အောင်ကို ဖြစ်ခဲ့မိပါသည်။ မျက်ရည်ဆိုတာ ကျပါများလားရင် ကိုယ့်မျက်ရည် ကိုယ့်ခန္ဓာထဲမှာ ရှိပါဦးမလား တွေးတောစရာပေါ့။ ဖေဖေက ဆုံးဖြတ်ချက် ချပြီးတဲ့ လူတစ်ယောက်လို သူမကို ကြည့်ကာ ...

"ဖေဖေ .. အငိုက်မိခဲ့တယ် သမီး .. အဲဒီ အငိုက်မိခဲ့တဲ့ကိစ္စကို ကူညီဖြေရှင်းဖို့ .. မိုးတိမ် .. ထက်အောင် နဲ့ ကျော်ကြီး တို့နဲ့ တိုင်ပင်ခဲ့တယ် ..၊ မိုးတိမ် က ဂျူလိယာ ကို ကိုယ်ထင်ပြမယ့် အတွင်းလူပေါ့.."

ဖေဖေက သူကုမ္ပဏီကို နာမည်ပျက်စာရင်းထိ ထိုးထည့်ဖို့ အကောက်ကြံခဲ့တဲ့ အန်ကယ်ဦးထွေးလေး ရဲ့အကြောင်းနဲ့ သူ့အတွင်းစည်းထိ ဝင်ရောက်နိုင်ခဲ့သည့် ဂျူလိယာ၊ ပြီးတော့ ကုမ္ပဏီမှာခလောက်ဆန် မွှေနှောက်နေသည့် ဇော်မင်းထက် တို့အကြောင်း ပြောပြသည်။

"တကယ်တော့ သမီးအပေါ်မှာ မိုးတိမ် က သစ္စာမဖောက်ခဲ့ဘူး သမီး ..၊ ဒါတွေက အမှန်တရားပါ .."

www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမှကို မစဉ်းစားချင်တော့ ..။

'ငါ မှားလား မိုးတိမ် ..၊ ငါ ချစ်တဲ့စိတ်နဲ့ နင့်ကို အစုလို အဖြစ် အပျက်တွေ ဖြစ်ခဲ့မိတာပါ မိုးတိမ် ရယ် ..၊ ကိုကို ပြောသလိုပေါ့ ..၊ 'တချို့ကိစ္စတွေက ဘာမှမပြောဘဲ သေးကကြည့်ရတာ အကောင်းဆုံး ပဲ ညီမလေး ..' တဲ့ ..။

ဟုတ်ပါတယ် ကိုကို .. အခြေအနေ အကြောင်းစုံကို မသိဘဲ ညီမလေး မိုက်မှားခဲ့တဲ့ကိစ္စတွေ ..၊ မျက်ရည်ဆိုတာ လူတစ်ယောက် အတွက် အမှားရဲ့သင်္ကေတလား .. ဒါမှမဟုတ် ရှုံးနိမ့်ခြင်း အမှတ် အသားလား..။ ပြီးတော့ လွမ်းဆွတ်ကြေကွဲ တမ်းတမှုလား မိုးတိမ်..။

ဖုန်းသံတွေ ထပ်ကြားရပြန်ပါသည်။

"ဗျာ!... မိုးတိမ် ဆေးရုံမှာ .. ဘယ်ဆေးရုံ .."

"... ... ... ..."

"ဟုတ် .. ဟုတ်ကဲ့ .."

"သမီး .."

ရင်ဘတ်တွေ စိုးရိမ်စိတ်ကြောင့် ပေါက်ကွဲသွားမတတ်ပါပဲဆို တာ ငါ ကျိန်ပြောရဲတယ် မိုးတိမ် နင် ပြောသလိုပေါ့ ..၊



(သူရှုပ်ရော တရှေ့လိုပေါ့ - လူတစ်ဦးဟာ သူမြင်တာ တွေ့တာ- သိတာ- ကြားတာတွေကို မြင်တဲ့အတိုင်း - ကြားတဲ့အတိုင်း - သိတဲ့အတိုင်း အမြဲပြော ရမယ် - ဒီလိုပြောခြင်းဟာ အပြစ်မရှိတဲ့ ပြောဆိုမှုမျိုး ဖြစ်တယ်လို့ တထစ်ချ မှတ်ယူ မထားသင့်ပါဘူး ..။ အခြေအနေကိုကြည့်ပြီး ပြောသင့်မှ ပြောရမယ်လို့ ဆိုပါတယ် ..။ မြင်တဲ့အတိုင်း ပြောလို့ တုသိုလ်တွေဖြစ်မယ်..၊ အကျိုးရှိတာတွေ ဖြစ်မယ်ဆိုရင် ပြောရမှာပဲ ..။ ဒါပေမယ့် ပြောလိုက်လို့ အကုသိုလ်တွေဖြစ်မယ်.. အကျိုးမဲ့တာတွေ ဖြစ်မယ်ဆိုရင်တော့ မပြောဘဲနေရမှာပဲ ..။ အခြေအနေကို ကြည့်ပြီး ပြောသင့်ရင် ပြောပြီး မပြောသင့်ရင် မပြောဘဲ နေရမယ်လို့ ဆိုပါတယ်..။ ဒါဒီစကားဟာ ဆရာနန္ဒာသိန်းဇံ ရဲ့ မှန်သောစကားကိုဆိုခြင်း တအုပ်မှာ ဖတ်ဖူးတယ် ..)

ဖေဖေက ကားသော့ကို အပြေးသွားယူကာ ...

"လာ .. မြန်မြန်လေး .. သမီး .."

သူမရဲ့ ပုံစံက အရူးမတစ်ယောက်လိုပါပဲ ..၊ ဖရိုဖရဲ ဖြစ်နေတဲ့ ဆံပင်တွေ ရှုပ်ပွပွကို ကလစ်တစ်ခုနဲ့ ဖမ်းဆုပ်ချည်နှောင်ပြီး မျက်ရည် တွေကို ကမန်းကတမ်း သုတ်မိပါသည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ် နောက်ကျသွားခဲ့ပြီလား .. အရာရာဟာ နှောင်းတဲ့ ပြီးဆုံးခဲ့ပြီလား ..၊ ရပ်မိနေတဲ့နေရာက ရွေ့လို့မရအောင် သူမ ရင်ထဲက နာကျင်ဆုံးရှုံးမှုက ခြေထောက်တွေ ရပ်လို့မရအောင် အားအင် ကုန်ခမ်းသွားစေခဲ့ပါသည်။

"စိတ်မကောင်းပါဘူးဗျာ .. ကျွန်တော်တို့လဲ .."

တကယ်ပဲလား ဆရာဝန်ကြီး ပြောတဲ့အတိုင်း တကယ်ပဲ ဖြစ်ခဲ့တာလား ..၊ ကိုကို့ရဲ့ နီရဲနေတဲ့ မျက်ဝန်းတွေနဲ့ အံတင်းတင်းကြိတ်ပြီး အုတ်နံရံကို အကြိမ်ကြိမ် ထိုးမှုတွေ ..၊ ဖေဖေ့ရဲ့ မေးကြောကြီးတွေ တင်းမာတတ် ..။ အဲဒီရုပ်အလောင်းကို ငေးမောကြည့်မှုတွေ တစ်ခန်းလုံးဟာ လွမ်းဆွတ်ကြေကွဲခြင်းတွေနဲ့ ပျံ့နှံ့နေပါတယ်။





ကျွန်မ ငိုရှိုက်ခြင်းမှလွဲ၍ အားကိုးရာ မရှိတော့ ..၊ တိုတိုထ စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး ခုတင်ပေါ်က သူ့ဆီကို သွားပါသည်။

"မင်းကို ငါ ဝတ်ပြုခဲ့ပါတယ် ညီလေး .."

ငိုရှိုက်သံတွေ ဝို၍ ကျယ်လောင်လာပါသည်။ ကိုကိုက မျက်ရည်တွေနဲ့ အလေးပြုသည်၊ ပြီးတော့ ဖုံးအုပ်ထားတဲ့ သူ့ကို နောက်ဆုံးအနေနဲ့ ကြည့်ဖို့ ပိတ်ဖြူစကို ဖယ်သည်။

"ဟင်!..."

ဖေဖေနဲ့ ကျွန်မ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ဘာဆက်လုပ်ရမှန်း မသိ ..။ အခြေအနေက ခုတင်ပေါ်က လူက မိုးတိမ်မဟုတ် ..။ ကိုကိုက အသက်မဲ့နေတဲ့ သူ့ကို အခုလို ပြောပါသည်။

"ကိုတိုးအောင် .. ခင်ဗျားကို ကျွန်တော်တို့ ဘယ်လိုမှ မမေ့ပါဘူးဗျာ .."

ကျွန်မ အခန်းအပြင်ကို ထွက်လာခဲ့ပါသည်၊ တံခါးကို ဆွဲဖွင့်တော့ တံခါးအပြင်မှာ တံခါးဆွဲဖွင့်ပြီး အထဲကိုဝင်ဖို့ လုပ်နေတဲ့ မိုးတိမ်တို့ အံ့သြကြီးစွာ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**အေ**းချမ်းငြိမ်သက်တဲ့ ပန်းခြံတစ်ခုအတွင်းမှာ သူနဲ့ ကျွန်မ ရှိသည်။ အခု အရာရာဟာ ငြိမ်းချမ်းအေးမြသွားပါပြီ။

"လိမ်လို့ ရသေးလားဟင်..."

မိုးတိမ် စကားကြောင့် သူမ ဟက်ဟက်ပက်ပက် ရယ်ပြီး ကဗျာ တစ်ပုဒ်ကို ရွတ်ဆိုပြသည်။

* အမှတ်မထင်

အများဆိုသော်

သစ္စာ ငိုက်..။

ဒီနှင်းခ



www.burmeseclassic.com